www.burmeseclassic.com

တက္ကသိုလ်

# ရှောပင်ဖေဒေါင်

## အရိုးဖြူကိုလျှော်း
## သွေးနီအရိုင်း

စာစဥ် ၆
ဇာတ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com

စာတ္တသိုင်

# နေလင်းအောင်

## အရိုးဖြူဂိုဏ်းသွေးနီအရိုင်း

(စာစဉ်–၆–စာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၆၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၂၁၀၂၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇၂)

## လျှို့ဝှက်အုတ်ဂူ

ထင်ပင်တောင် ....

ထင်ပင်တောင်မှာ ပေသုံးဆယ်နီးပါးမျှမြင့်သော တောင်ဖြစ်၏။

တောင်ပေါ်၌ သစ်ပင်၊ ဝါးပင်များ ထူထပ်စွာ ပေါက်နေသည်။

ကျုံဖေတို့လူစုသည် တင်ပင်တောင်သို့ ရောက်ရှိလာသည်နှင့် ကလေးနှစ်ယောက် ပြောဆိုလိုက်သည့်အတိုင်း ဂူပေါက်ကို ရှာဖွေကြသည်။ ကလေးများက အမှန်အတိုင်း ပြောလိုက်ကြပါသည်။

လူနှစ်ယောက် သုံးယောက်မျှ ဝင်နိုင်သော ဂူပေါက်ကို တွေ့လိုက်ရလေသည်။ ထိုဂူပေါက်သို့ ရောက်ရန် ခက်ခက်ခဲခဲ တက်ကြရသည်။

အထဲ၌ မှောင်မည်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းသည် အမြဲတမ်း ဆန္ဒစောသူဖြစ်သည့်အတိုင်း ရှေ့ဆုံးမှဝင်ရန် ဟန်ပြင်လိုက်၏။

"သမီး အရမ်းမဝင်နဲ့ ...."

ယိထင်းဟောင်က ဟန့်တားလိုက်ပြီး .... ခဲလုံး လေးငါးလုံး ကောက်ကာ အထဲသို့ နေရာအနှံ့ ပစ်ပေါက်လိုက်သည်။

အထဲမှ မည်သည့်တုံ့ပြန်သံမျှ မကြားရချေ။

"ကျုပ်တို့ အထဲကို ဝင်မယ်ဆိုရင် မီးတုတ် လိုလိမ့်မယ်နဲ့ တူတယ် ...."

ယိထင်းဟောင်က ကျိုးဖေအား လှည့်ပြော၏။

ကျိုးဖေက ခေါင်းခါယမ်းလိုက်ပြီး ....

"မလိုဘူး .... မီးရောင်မြင်ရင် ရန်သူ သိကုန်လိမ့်မယ် .... ဒီတော့ ဒီအတိုင်းပဲ ဝင်မယ်၊ ဖြစ်လာသမျှ ကြည့်ရှင်းကြတာပေါ့"

ယိထင်းဟောင် ဘာမျှမပြောတော့။

"ကျုပ် .... ရှေ့ဆုံးက ဝင်မယ်"

ကျိုးဖေက ဓားကိုဆွဲထုတ်ကာ ရှေ့ဆုံးမှ ဝင်သွားသည်။

အားလုံးပင် လက်နက်ကိုယ်စီ အသင့်ပြင်ကာ လိုဏ်ဂူထဲသို့ ဝင်လိုက်ကြရ၏။

ဂူအထဲ၌ မှောင်မည်းနေ၏။

ကျောက်ချွန်းများမှာ တွဲကျနေသဖြင့် မနည်းပင် ရှောင်သွားရသည်။



ကျိုးဖေသည် တစ်စုံတစ်ရာကို ခလုတ်တိုက်မိလေသည်။

"ခွပ် ...."

ကျိုးဖေသည် ခလုတ်တိုက်မိသော ပစ္စည်းအား ကောက်ယူကိုင်ကြည့်သည်။

ရေတကောင်းတစ်ခု ဖြစ်နေသည်ကို သိရှိလိုက်ရ၏။

"ရေတကောင်းပါလား .... ဒါဆိုရင် အထဲမှာ လူရှိဖို့ သေချာသလောက်ပဲ ...."

ကျိုးဖေ တိုးတိုးတိတ်တိတ်ပင် မှတ်ချက်ချ၏။

အားလုံး ရင်ထိတ်သွားကြသည်။ ပို၍ အာရုံစူးစိုက်လိုက်ကြသည်၊

လိုဏ်ဂူထဲ၌ ရှိနေသောသူ မည်သူမည်ဝါ မသိကြရသဖြင့် ပို၍ သတိထားနေကြရသည်။

ထို့နောက် .... တရွေ့ရွေ့ ရှေ့သို့ ဆက်လျှောက်လာခဲ့ကြပြန်သည်။

ဤလူစုထဲတွင် သိုင်းစွမ်းရည် အထက်မြက်ဆုံးလူမှာ ကျိုးဖေ တစ်ယောက်သာ ဖြစ်၏။ ဤလူအုပ်စု၏ သေရေးရှင်ရေးသည် သူ့လက်ထဲတွင် ရှိထားကြောင်း ရိပ်မိသဖြင့် ကျိုးဖေသည် နားကို အထူးစွင့်ထားရသည်။

သို့သော် ရန်သူ၏ အရိပ်အယောင် အသံဗလံမျှပင် မကြားရချေ။

www.burmeseclassic.com

www.burmeseclassic.com



ပေ နှစ်ရာနီးပါးမျှ လျှောက်လာမိသော်လည်း လိုဏ်ဂူမှာ မဆုံးနိုင်သေး။

"လိုဏ်ဂူတော့ မဖြစ်နိုင်တော့ဘူး .... ဒါဟာ မြေအောက်လျှို့ဝှက်လမ်းကြောင်းများ ဖြစ်နေမလား မသိဘူး"

ကျုံဖေ စိတ်ထဲ သံသယအတွေးများ ဝင်ရောက်လာ၏။ သို့သော် ရှေ့မှ ဦးဆောင်ကာ ဆက်လျှောက်ပြန်သည်။ သူ လျှောက်သဖြင့် နောက်မှ လိုက်လျှောက်ကြသည်။

အတွင်းပိုင်းသို့ ရောက်လေလေ အအေးဓာတ်က ပိုလေလေဖြစ်ပါ၏။

အားလုံး အအေးဓာတ်ကို အတွင်းအားနှင့် ခုခံကာ ဆက်လျှောက်လာခဲ့ကြသည်။ လျှောက်ရသော ဂူလမ်းမှာလည်း တစ်စထက်တစ်စ မညီမညာ ဖြစ်လာ၏။

နောက်ဆုံး ပေငါးရာခန့် ရောက်သောအခါ ရှေ့မှ အလင်းရောင်ကို တွေ့လိုက်ရလေသည်။ ကျုံဖေက လေသံဖြင့် သတိပေးလိုက်၏။

"အားလုံး သတိထားကြ .... "

မကြာမီ ဂူ၏ တစ်ဘက်ပေါက်သို့ ရောက်ရှိလာလေသည်။

ကျုံဖေသည် အားရပါးရ ရယ်မောမိလေတော့သည်။

"ဟား ဟား ဟား .... ရန်သူ တွေ့မလား တွေ့မလားနဲ့ စိတ်ထင့်နေတာ .... နောက်ဆုံးကျတော့ဂူပြင်ကိုပဲပြန်ရောက်လာပါလား"



အားလုံးလည်း ယခုမှ ပေါ့ပါးစွာ ရယ်မောနိုင်ကြတော့သည်။

ရန်သူမရှိသော ဂူထဲ၌ သူတို့ တထိတ်ထိတ် တလန့်လန့် လှမ်းလျှောက်ခဲ့ရသည် မဟုတ်ပါလော။

လိုဏ်ဂူအဝရှေ့ဘက်၌ မြစ်တစ်စင်း ရစ်ခွေစီးနေသည်ကို အံ့ဩဖွယ်ရာ တွေ့ကြရသည်။ ယိထင်းဟောင်က ပြုံးလိုက်ပြီး တစ်ကိုယ်တည်း ပြောသလိုပင် ရေရွတ်လိုက်၏။

"ဝါဝိရှာတို့ သားအမိကို ဒီဂူထဲက ခေါ်လာပြီဆိုရင် သူတို့ ဘယ်ကို ဆက်သွားကြမလဲ .... "

ယိဖျောင်းရှမ်းက ....

"ဖြစ်နိုင်တာ တစ်ခုပဲ ရှိတယ် .... "

"ဘာများလဲ .... "

"သူတို့ရဲ့ စခန်းဟာ ဒီမှာ မရှိဘူး .... မြစ်တစ်ဘက်ကမ်းမှာပဲ ဖြစ်ဖို့များတယ် .... "

ကျုံဖေက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် .... ငါလည်း ဒီလိုပဲ တွေးမိတယ်၊ ကဲ .... တို့ မြစ်ကူးဖို့ ပြင်ကြရအောင် .... "

အားလုံးက တောင်နံရံ၌ ကပ်ပေါက်နေသော ဝါးပင်များကို ခုတ်လိုက်၏။

ထို့နောက် ဖောင်တစ်ခု အမြန်ဖွဲ့လိုက်ကြသည်။

ဖောင်ဖွဲ့ပြီးသောအခါ မြစ်တစ်ဘက်ကမ်းသို့ ကူးကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ရေမှာ ရေစီးသန်ခြင်း မရှိသဖြင့် သူတို့အဖို့ အခက်အခဲ မရှိလှချေ။

မြစ်တစ်ဘက်ကမ်းသို့ ရောက်သောအခါ လေးဘက်လေးတန် ပတ်ဝန်းကျင်အနှံ့ ရှာဖွေကြ၏။

လူရိပ်လူယောင် လုံးဝမတွေ့ကြရ သဖြင့် သူတို့တွက်ကိန်းများလေပြီလားဟု တွေးထင်မိကြသည်။

အလင်းရောင်မှာလည်း တဖြည်းဖြည်း အားပျော့လာ၏။

မကြာမီ မိုးချုပ်တော့မည်။ လူနေအိမ်ခြေ မတွေ့ရသဖြင့် သစ်ပင်များအောက်၌ စခန်းချရတော့မည်မှာ သေချာသလောက် ဖြစ်နေသည်။

ကျုံဖေသည် သူ့လူများ၏ ပင်ပန်းနွမ်းနယ်မှုကို ကြည့်ပြီး ဤနေရာ၌ပင် စခန်းချရန် ဆုံးဖြတ်လိုက်သည်။

"ကဲ .... တို့တစ်တွေ ဒီမှာပဲ တစ်ညနားကြမယ် .... "

ထို့နောက် ရိက္ခာခြောက်များ ထုတ်ကာ ခွဲပေးလိုက်၏။

လခြမ်းကွေးကလေးမှာ ကောင်းကင်ထက်၌ မှိန်ပျပျ လင်းနေ၏။ ပတ်ဝန်းကျင် သဘာဝအလှ သာယာသော်လည်း တောတွင်းဖြစ်၍ သားကောင်များ၏ ဟိန်းဟောက်သံများကို ကြားနေရသည်။

ဤလို တောမျိုးအတွင်း ဟူရှန်ဖုံ စခန်းချပါမည်လားဟု ကျုံဖေ တွေးတောနေမိသည်။ ဟူရှန်ဖုံသည် အတွေ့သဖြင့် ရေပတ်လည်ဝိုင်းသော ကျွန်းများကို သဘောကျတတ်သူ မဟုတ်ပါလား။



ကျုံဖေက တစ်ချက်သမ်းဝေလိုက်ပြီးနောက် သူ့လူများကို သတိပေးလိုက်လေ၏။

"ကဲ .... ရန်သူနယ်မြေဆိုတော့ သတိထားမှ တန်ကာကျမယ်၊ အကုန်လုံး အိပ်လို့မဖြစ်ဘူး .... တစ်ယောက်စီ ကင်းစောင့်လို့လည်း မဖြစ်ဘူး .... အုပ်စုနှစ်စုခွဲပြီး တစ်အုပ်စု တစ်လှည့်စီ ကင်းစောင့်ကြရမယ် .... "

ယိထင်းဟောင်က ကန့်ကွက်၏။

"နောင်ကြီးကျုံဖေ .... ဘာဖြစ်လို့ အင်အားတွေ ဖြုန်းတီးမှာလဲ .... တစ်ယောက်စီ စောင့်ရင် ပြီးတာပဲ မဟုတ်လား .... "

ကျုံဖေက ခေါင်းခါ၏။

"အင်အားကြီးတဲ့ ရန်သူလာရင် တစ်ယောက်သမား ဘာမှ မလုပ်နိုင်ဘူး .... ကျုပ်နဲ့ ခင်များ စောင့်တဲ့အချိန်မှာ အကြောင်းမဟုတ်ပေမယ့် စင်ဝေါင်းလိုလူမျိုး စောင့်တဲ့အခါမှာတော့ အကြောင်းဖြစ်လာတာပေါ့ .... နောက်ပြီး ခရီးထွက်စ ရေပ်ပျက်မှာ ကြုံတွေ့တဲ့ အဖြစ်မျိုးလည်း ထပ်ဖြစ်နိုင်သေးတယ် .... ဒါကြောင့် အုပ်စုလိုက် ကင်းစောင့်ဖို့ စီစဉ်တာပါ .... "

ကျုံဖေ၏ စကားမှာ ကျိုးကြောင်း ဆီလျော်လှသဖြင့် မည်သူမျှ စောဒက မတက်နိုင်တော့ပေ။

ယိထင်းဟောင်က ....

"ကောင်းပြီ .... အဲဒီအစီအစဉ် ကောင်းတယ်၊ ကဲ .... ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သူတွေ အရင်အိပ်ကြမလဲ .... ဘယ်သူတွေ အရင်စောင့်မလဲ .... နောင်ကြီးပဲ ရွေးချယ်ပေးပါတော့”

ကျုံဖေက ....

“ကျုပ်ရယ် ယိဖျောင်းရှမ်းရယ် ယန်လီကျူရယ် .... အရင်ဆုံး စောင့်မယ် .... ခင်ဗျားတို့က အိပ်ကြပေါ့ .... ”

ယိထင်းဟောင်က ဘာမှ ပြန်မပြောတော့ပါ။ အချိန်ရှိတုန်း ကိုယ့်အလှည့်တွင် အိပ်စက်ထားမှသာ နောက်တစ်လှည့် တာဝန်ကျေမည်ဖြစ်၍ လှဲချအိပ်စက်လိုက်လေတော့သည်။

ညမှာ တဖြည်းဖြည်း နက်လာ၏။

ညလေကလည်း အေးစိမ့်လာသည်။

ယန်လီကျူမှာ စောင့်ရင်းက အိပ်ချင်လာသည်။

ထို့ကြောင့် အိပ်ချင်ပြေစေရန် မီးလှုံမည်ဟူသော ရည်ရွယ်ချက်ဖြင့် ထင်းခြောက်များ လိုက်ကောက်၏။

“တို့ဆီက အလင်းရောင်ထွက်ရင် ရန်သူဟာ အနေးနဲ့အမြန် ရောက်လာမှာပဲ .... ဒီတော့ မီးမမွေးနဲ့ .... ”

ကျုံဖေက သူမ မီးမမွေးမီ ဟန့်တားလိုက်၏။ ယန်လီကျူက ကြက်သီးထ တုန်ယင်ဟန်ကလေး လုပ်ပြပြီး ....

“အရမ်းချမ်းနေတယ် ဘဘရဲ့ .... ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး .... ”

“လွယ်ပါတယ်ကွာ .... ချမ်းနေတယ်ဆိုရင် အတွင်းအား လေ့ကျင့်လိုက်ပေါ့ .... အချမ်းလည်းပြေ၊ အတွင်းအားလည်း တိုးတက်တာပေါ့ .... ”



“ဟုတ်သားပဲ .... ”

ယန်လီကျူသည် တင်ပျဉ်ခွေထိုင်ကာ အတွင်းအား လေ့ကျင့်နေလေတော့၏။ အတွင်းအား လေ့ကျင့်မှု အရှိန်ရလာသောအခါ .... အချမ်းဒဏ် လျော့ပါးသွား၏။

ယိဖျောင်းရှမ်းမှာမူ သစ်ပင်ကိုမှီရင်း ပတ်ဝန်းကျင်ကို သေချာစွာ ကြည့်ရှုနေ၏။ သူ ကြည့်နေစဉ် အဝေးဆီမှ မီးရောင်ကလေးတစ်ခု ရုတ်တရက် တွေ့မြင်လိုက်သဖြင့် အံ့သြသွားတော့သည်။

“ဘဘ .... ဟိုမှာ ကြည့်စမ်းပါဦး၊ မီးရောင် မဟုတ်လား”

ကျုံဖေက လှမ်းကြည့်လိုက်၏။

အဝေး၌ မီးတန်းကလေးများ ဟိုမှသည် ကူးသန်းသွားလာနေ၏။

စုံးမီးကဲ့သို့တည်း။

ယိဖျောင်းရှမ်း ခုန်ထလိုက်သည်။

ယိဖျောင်းရှမ်း၏ ရည်ရွယ်ချက်ကို ကျုံဖေ သိ၏။

ထို့ကြောင့် ဟန့်တားလိုက်၏။

“မသွားနဲ့ .... ”

ယိဖျောင်းရှမ်းက ....

“ဒါ သဲလွန်စပဲ .... ရန်သူစခန်းကို သိရတာပေါ့ ဘဘရဲ့”

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပြီး စိတ်မလောနဲ့ .... အဲဒီ မီးရောင်ထွက်တဲ့နေရာကိုပဲ သေသေချာချာ မှတ်ထား၊ မနက်ကျမှ ရှာကြမယ် .... ဒီနေရာဟာ ကိုယ်ကျွမ်းကျင်တဲ့နေရာ မဟုတ်ဘူး .... ဒီမီးရောင်ကလေး တွေ့လိုက်ရတာကပဲ အတော်ဟန်ကျတယ် မှတ်ပေတော့ .... ဒီဘက်ကမ်းမှာ လူရှိတယ်ဆိုတာ သေချာနေပြီ .... ရန်သူ ဟုတ်မဟုတ် သတိထားကြည့်ရတော့မှာပဲ .... "

ယိဖျောင်းရှမ်းမှာ မကျေမနပ်နှင့် ပြန်ထိုင်ချလိုက်ရသည်။

ထို့နောက် မီးရောင်ထွက်သော နေရာသို့ မမှိတ်မသုန် ကြည့်နေလေတော့၏။

အတန်ကြာသောအခါ မီးရောင်များ ပျောက်ကွယ်သွားတော့သည်။

ကျုံဖေက အချိန်ကို မှန်းဆလိုက်၏။

အနည်းဆုံး သန်းခေါင်ကျော်လာပြီ ဖြစ်၏။

ထို့ကြောင့် ယိထင်းဟောင်တို့အား နှိုးလိုက်သည်။

ယိထင်းဟောင်တို့နိုးလာသောအခါ ယိဖျောင်းရှမ်းက မီးရောင်တွေ့ရသည့်အကြောင်းကို ပြောပြလိုက်၏။

ယိထင်းဟောင်က ....

"မင်းတို့ သွားပြီး မစုံစမ်းဘူးလား .... "

ကျုံဖေက ရယ်မောပြီး ....

"ဒါဟာ ရန်သူတွေရဲ့ ထောင်ချောက်ဆိုရင် ဘယ်လိုလုပ်မလဲ



ကျုပ်တို့ကို မျှားခေါ်တာကော မဖြစ်နိုင်ဘူးလား .... ခင်ဗျားတို့ ကင်းစောင့်နေတုန်း မီးရောင်တွေ့ရင် သွားမစုံစမ်းကြပါနဲ့ .... ကျုပ် ကြိုတင်မှာထားတာပါ .... "

ယိထင်းဟောင် ခေါင်းညိတ်ပြလိုက်၏။

ကျုံဖေကမအိပ်မီ စင်ဝေါင်းအား တီးတိုးမှာကြား၏။ စင်ဝေါင်းသည် ဤအုပ်စုထဲ၌ သိုင်းပညာအနုဆုံးလူ မဟုတ်ပါလား။

ထို့နောက် သူတို့သုံးယောက် အဖွဲ့က အိပ်စက်အနားယူကြလေတော့သည်။

ယိထင်းဟောင်၊ ယန်ကျင်ကန်၊ စင်ဝေါင်းတို့ သုံးယောက်မှာ စကားတပြောပြောနှင့် ကင်းစောင့်နေကြ၏။ သူတို့ စောင့်နေစဉ် ဆမင်းအိုးတစ်လုံးကျက်ခန့် အချိန်အကြာတွင် တောင်ပေါ်မှ မီးရောင်တန်းတစ်ခု ပြေးလွှားလှုပ်ရှားနေသည်ကို တွေ့မြင်ကြရပြန်သည်။

ယိထင်းဟောင်က ထရပ်လိုက်၏။

စင်ဝေါင်းက ....

"ဦးလေး .... ဘဘက မှာထားတယ်၊ အဲဒီမီးရောင်ဆီကိုမသွားခဲ့တဲ့ .... မနက်ကျမှပဲ သွားမယ်တဲ့ .... "

ယိထင်းဟောင်အား ဟန့်တားလိုက်၏။

ယိထင်းဟောင်က ခေါင်းညိတ်ပြ၏။

"အေးပါ .... ငါကိုလည်း မှာထားပါတယ် .... "

ထို့နောက် မီးရောင်ထွက်ပေါ်ရာ နေရာကို မှတ်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်မှာ ပျောက်သွားလိုက်၊ ပြန်လင်းလာလိုက်နှင့် နံနက်လေးနာရီခန့် ကျမှသာ လုံးဝပျောက်ကွယ်သွားသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ....

ကျုံဖေတို့လူစုသည် မီးရောင်ထွက်ပေါ်လာသည့် တောင်ဘက်သို့ ခရီးဆက်ထွက်လာခဲ့ကြ၏။ ထိုတောင်ထိပ်သို့ မွန်းတည့်ခါနီးမှ သာ ရောက်ရှိတော့၏။ အမြင့်နီးသော်လည်း ခရီးဝေးသည်က တောင်ဆိုသည့်စကားမှာ မှန်လှချေတကား။ တောင်ထိပ်ရောက်ခါနီးတွင် အဆောက်အဦ တစ်ခုလိုလို တွေ့ကြရသည်။

သေချာစွာ ကြည့်သောအခါ အဆောက်အဦ မဟုတ်ချေ။

အုတ်ဂူတစ်ခုကို အမိုး,မိုးထားခြင်းသာ ဖြစ်နေသတည်း။

အုတ်ဂူမှာ အတော်ပင် ခမ်းနား၏။

သူဌေးသူကြွယ်တစ်ဦး၏ ဂူဟု မှတ်ချက်ချရမည်ဖြစ်သည်။ အုတ်ဂူရှေ့၌ ကျောက်စားပွဲတစ်ခုရှိ၏။

သာမန်ဂူများရှေ့ရှိ ကျောက်စားပွဲမှာ သေးငယ်၏။

ယခုရှေ့ရှိ ကျောက်စားပွဲမှာ သုံးပေခန့်ရှိသဖြင့် အတော်ကြီးမားသည်ဟု ဆိုရပေမည်။

သူတို့အားလုံး အုတ်ဂူအား သေသေချာချာ ကြည့်လိုက်၏။

အချို့က ပတ်ဝန်းကျင်အနှံ့ ရှာဖွေကြ၏။ လူသူအရိပ်အယောင်ဟူ၍ လုံးဝမတွေ့ရချေ။

ကျုံဖေက တွေးတွေးဆဆ ပြော၏။



"ဒီတောင်ပေါ်မှာ အုတ်ဂူတစ်ခုရှိတာ ထူးဆန်းတာပဲ .... ဒီထက် ထူးဆန်းတာက ဘာဖြစ်လို့ ဒီကျောက်စားပွဲက ကြီးမားနေရတာလဲ .... "

ယီထင်းဟောင်က ပခုံးတစ်ချက် တွန့်လိုက်၏။

ထို့နောက် ကျောက်စားပွဲအား ခြေထောက်နှင့် ကန်လိုက်တော့သည်။

"ဝုန်း .... "

ကျောက်စားပွဲမှာ ယီထင်းဟောင် ခြေနှင့်ကန်သောအခါ တစ်ပတ်လည်၍ သွားလေသည်။

ထိုစဉ် ....

"ကျွီ .... "

ဟူသော အသံတစ်ချက် ထွက်ပေါ်လာပြီး အုတ်ဂူ၌ အပေါက်တစ်ပေါက် ပွင့်လာလေတော့၏။

ကျုံဖေက ရယ်မောလိုက်ပြီး ....

"အင်း .... ခင်ဗျားခြေထောက်က လျှို့ဝှက်ခလုတ်ကို သိနေလားဗျ .... ကျုပ်တို့ရှာနေရင် ဒီလို လွယ်လွယ်နဲ့ တွေ့မှာမဟုတ်ဘူး .... "

ယန်ကျင်ကန်က အံ့သြစွာဖြင့် ပြော၏။

"ဟင် .... ဒါက အုတ်ဂူအတုပါလား .... "

ကျုံဖေက ခေါင်းခါယမ်းကာ ရှင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .... ရှေးအုတ်ဂူတွေဟာ ဒီလိုပဲ .... ဒါကြောင့် အတုလို့ ပြောလို့မရဘူး .... "

မှန်ပါသည်။

ရှေးအုတ်ဂူများ၌ လျှို့ဝှက်ခလုတ်များ ရှိ၏။

ထို့အတူ အုတ်ဂူအောက်၌ အုတ်ဂူရှင်၏ ကြွယ်ဝချမ်းသာမှု[ကို] လိုက်၍ တည်ဆောက်တတ်၏။

အုတ်ဂူအောက်၌ ဧည့်ခန်း၊ အိပ်ခန်း၊ အခေါင်းထားသည့်အခန်း တို့အပြင် အသုံးအဆောင်ပစ္စည်းများကိုပါ ထားလေ့ရှိကြ၏။ ချမ်းသာ[သ]လျှင် ချမ်းသာသလို ထားကြသည်။

ကျုံဖေက ဂူကို တစ်ချက်ကြည့်ပြီး တစ်ကိုယ်တည်း ရေရွတ် နေလိုက်မိသည်။

"ညက မီးရောင်ထွက်တာ ဒီဂူထဲကပဲလား .... ဒါဟာ ထောင် ချောက်တစ်ခုပဲလား .... "

ယီထင်းဟောင်က ....

"ထောင်ချောက်ဆိုလည်း ရောက်လာမှတော့ ဝင်ကြည့်ရမှာ မှာပဲ .... "

"ဟုတ်ပါတယ် .... ဝင်မှာပါပဲ၊ ဒါပေမယ့် အပြင်မှာတော့ အ[စ] စောင့်ထားခဲ့ရမယ်၊ အထဲမှာ စိတ်ချရမှ ခေါ်လိုက်တာပေါ့ .... "

"ကောင်းတယ် .... ဘယ်သူတွေကို ထားမလဲ"

ကျုံဖေ စဉ်းစားလိုက်၏။



သူတို့လူစုမှာ သိုင်းပညာ မညီညာပါ။

စင်ဝေါင်းမှာ အညံ့ဆုံးဖြစ်ပြီး ယန်ကျင်ကန်နှင့် ယန်လီကျူတို့ မှာလည်း ထူးမခြားနားပင်။ စင်ဝေါင်းထက် အနည်းငယ်ကလေး ပို တတ်ရုံသာ ရှိသည်။

ထို့ကြောင့် သူတို့သုံးယောက်အား အပြင်၌ အစောင့်အဖြစ် ထားခဲ့ရန် ဆုံးဖြတ်လိုက်သည်။

ကျုံဖေက စင်ဝေါင်းအား ....

"တပည့် .... ငါတို့ အထဲဝင်မယ်၊ မင်းရယ်၊ ယန်ကျင်ကန်တို့ မောင်နှမရယ် အပြင်က ရန်သူကိုကြည့်ထားပါ .... ရန်သူကို ကြည့်ဖို့ ပဲနော် .... ရန်သူလာတာမြင်ရင် အကြောင်းကြားဖို့ပဲ .... မင်းတို့ကို ခုခံခိုင်းတာ မဟုတ်ဘူး .... "

ယန်လီကျူမှာ ငယ်ရွယ်သူပီပီ စူးစမ်းလို၏။ စွန့်စားလို၏။ သူ တို့ကို အစောင့်အဖြစ် ထားရှိခဲ့မည်ဆိုသည်ကို မကျေနပ်ချေ။

"ကျွန်မတို့လည်း အထဲလိုက်ချင်တယ် ဘဘ .... "

ကျုံဖေက ခေါင်းကိုခါယမ်းကာ ....

"တို့ အထဲဝင်သွားတုန်း အပြင်က ရန်သူရောက်လာရင် ဘယ် လိုလုပ်မလဲ .... ဒါကြောင့် မင်းတို့ကို စောင့်ခိုင်းတာ .... ဒီနေရာမှာ ဘာမှ စောဒကမတက်ရဘူး .... အမိန့်ကိုပဲ နာခံရမယ် .... "

ကျုံဖေသည် စကားဆုံးသည်နှင့် လျှို့ဝှက်အပေါက်ထဲ ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



စင်ဝေါ်င်းတို့သုံးယောက်မှာမူ ကျိုးဖေတို့ ဂူထဲဝင်သွားသည်နှင့် ချုံကွယ်များအကြား တိုးဝင်ကာ ရန်သူများကို ကင်းပုန်းစောင့်နေကြ လေ၏။



အခန်း(၇၃)

## တံဆိုးသူ၏ဇာတ်သိမ်း

ကျိုးဖေသည် ဂူဝ၌ရပ်ပြီး လက်ကိုဝှေ့ယမ်းလိုက်လေ၏။

"ဝှစ် .... ဝှစ် .... ဝှစ် .... "

လက်နက်ပုန်းများနှင့် ပစ်ခတ်လိုက်ခြင်းသာ ဖြစ်ပါသည်။

သို့သော် မည်သည့်တုံ့ပြန်မှု မတွေ့ရချေ။

ထို့ကြောင့် ကျိုးဖေက ရှေ့ဆက်လျှောက်လေတော့၏။

ယိဖျောင်းရှမ်းနှင့် ယိထင်းဟောင်တို့ကလည်း နောက်မှကပ်၍ ငင်လိုက်လာကြလေ၏။

ထိုစဉ် အခေါင်းထားသော အခန်းအတွင်းမှ ညည်းညူသံတစ် ချက် ထွက်ပေါ်လာလေသည်။

ယိဖျောင်းရှမ်း ကြက်သီးထသွား၏။

အလောင်းထားသောနေရာမှ ထွက်ပေါ်လာသောအသံဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်း ဤမျှ လန့်သွားခြင်း ဖြစ်သည်။

ကျုံဖေကမူ သိုင်းလောကအတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ သရဲတစ္ဆေကဲ့သို့သော နာနာဘာဝများ ခြောက်လှန့်သလို အမှုမျိုးကို များစွာ ကြုံတွေ့ခဲ့ပြီးလေပြီ။ ထိုအမှုများမှာ လူတို့၏ ထွင်လုံးများသာ ဖြစ်ခဲ့ကြောင်း တွေ့ခဲ့ဖူးသဖြင့် ကြောက်လန့်ခြင်း မရှိတော့ချေ။

ညည်းညူသံမှာ အဆက်မပြတ် ထွက်ပေါ်နေသည်မဟုတ်။ ရပ်သွားလိုက်၊ ပြန်ထွက်ပေါ်လာလိုက်နှင့် ပြတ်တောင်းပြတ်တောင်း ထွက်ပေါ်လာနေခြင်းဖြစ်သည်။ ညည်းသံကို ခန့်မှန်းပြီး အသံလာရာ အခန်းဆီသို့ လျှောက်သွားရာ ယိထင်းဟောင်တို့နောက်မှ လိုက်ကြရသည်။

ထို့နောက် မီးခတ်ကျောက်ကိုထုတ်ကာ မီးညှိလိုက်သည်။

မီးအလင်းရောင်နှင့် အခန်းတွင်းသို့ ကြည့်လိုက်၏။

အခန်းတွင်း၌ လူတစ်ယောက်ရှိနေ၏။

ထိုလူမှာ ကြိုးနှင့် ခေါက်ထိုးဆွဲခြင်း ခံနေရသည်။

ဆံပင်များ ဖားလျားကျနေခြင်းကလည်း မြင်ရသူများကို ထိတ်လန့်စေပေသည်။

ယိဖျောင်းရှမ်းမှာ လန့်ဖျပ်သွား၏။

ကျုံဖေကမူ ထိုခေါက်ထိုးဆွဲခံရသူ အနီးသို့ သတိနှင့် ချဉ်းကပ်ပြီး သွားကြည့်ရှုသည်။

"ဝါယိချန် ...."



ကျုံဖေ လွှတ်ခနဲ အော်လိုက်မိလေ၏။

ကျုံဖေ၏စကားကြောင့် ယိထင်းဟောင်တို့ ကျုံဖေ၏ အနီးသို့ ရောက်ရှိလာကြလေ၏။

မှန်ပါသည်။ ဝါယိချန်မှ ဝါယိချန်အစစ် ဖြစ်ပါသတည်း။

ယိဖျောင်းရှမ်းသည် ရှေ့တိုးကာ ကြိုးကို ဖြတ်ချရန် ဟန်ပြင်လိုက်လေသည်။

"ဟေ့ .... အရမ်းမဖြတ်ချနဲ့ .... "

ကျုံဖေက အရေးတကြီး တားဆီးလိုက်လေ၏။

ယိဖျောင်းရှမ်းက နားမလည်သော မျက်လုံးများဖြင့် ကျုံဖေကို ပြန်ကြည့်သည်။

"ဘာဖြစ်လို့လဲ ဘဘ .... "

ကျုံဖေက သက်ပြင်းချရင်း ....

"သူ့ကို အရမ်းကယ်လို့မရဘူး၊ သူ့ကိုယ်ပေါ်မှာ မြွေနှစ်ကောင်ရှိနေတယ် .... မင်းကယ်တာက .... သူ့ကို သတ်သလို ဖြစ်သွားနိုင်တယ်"

ကျုံဖေ သတိပေးလိုက်မှ ယိဖျောင်းရှမ်းမှာ ထိုမြွေနှစ်ကောင်ကို မြင်တော့သည်။

ဝါယိချန်ကို ကိုင်လှုပ်လိုက်သည်နှင့် မြွေများကို လှန့်လိုက်သလိုဖြစ်သွားနိုင်ကြောင်း ယိဖျောင်းရှမ်း တွေးလာမိလေ၏။

ကျုံဖေ ရှေ့သို့ တိုးဝင်လာပြီး လက်တစ်ချက် ဆွဲယမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ တရွမ်းရွမ်း မြည်သံနှင့်အတူ မြွေခေါင်းနှစ်ခေါင်းမှာ ပြတ်တောက်လွင့်စဉ်ထွက်သွားလေသည်။

အလွန်လျင်မြန်လှသော ဓားချက်ပေတည်း။

မြွေမှာ ခေါင်းပြတ်သွားသော်လည်း ဝါယိချန်၏ လက်မောင်းကို ရစ်ပတ်ထားဆဲပင် ရှိသေးသည်။

ကျုံဖေက မြွေကိုယ်ပိုင်းအား ဆွဲဖယ်လိုက်၏။

ထို့နောက် ကြိုးကိုဓားဖြင့် ခုတ်ဖြတ်လိုက်၏။

ဝါယိချန်မှာ ပြုတ်ကျလာသည်နှင့် အနီးရှိ ကျုံဖေနှင့် ယိဖျောင်းရှမ်းတို့အား တိုက်ခိုက်လေရာ ယိထင်းဟောင်တို့သားအဖမှာ အလန့်တကြား နောက်သို့ခုန်ဆုတ်ရလေ၏။ ဝါယိချန်မှာ တိုက်ပင် တိုက်ခိုက်သော်လည်း လဲကျနေရာမှ ထနိုင်သည်မဟုတ်ပါ။

ကျုံဖေသည် ဝါယိချန်၏ သွေးကြောကို ပိတ်လိုက်ရတော့သည်။

ယိဖျောင်းရှမ်းမှာ အံ့အားသင့်စွာ ပြောလေ၏။

"ဘာ .... သူက ကျွန်မတို့ကို ဘာလို့တိုက်ခိုက်ရတာလဲ .... သူ့ကို လာကယ်တာကို သူက ဘာလို့ရန်မူတာလဲ .... "

ကျုံဖေက ပြုံးလိုက်ပြီး ဝါယိချန်၏ ခန္ဓာကိုယ်အား ညွှန်ပြလိုက်၏။

ဝါယိချန်၏ ရင်ဝ၌ မြွေစွယ်ရာများမှာ မနည်းလှပါချေ။

လက်မောင်းများ၌လည်း မြွေကိုက်ထားသော အရာများရှိ၏



ကျုံဖေက မျက်လုံးမျက်ဆန်ပြူး ကြည့်နေသည့် ယိဖျောင်းရှမ်းကို ရှင်းပြသည်။

"မြွေဆိပ် တော်တော်များများဟာ သူ့ကိုယ်ထဲ ရောက်နေပြီ၊ ဒါကြောင့် သူ လူစိတ်ပျောက်ပြီး တိုက်ခိုက်တာပဲ .... ဘာဖြစ်လို့ မသေသေးတာလဲ ဆိုတာတော့ ဘုရားမှ သိမှာပဲ"

သူတို့သည် ဝါယိချန်အား ပွေ့ချီကာ အပြင်သို့ ထွက်လာခဲ့၏။

ဂူပြင် ပြန်ရောက်မှ ဝါယိချန်၏ ဒဏ်ရာများကို အလင်းရောင်နှင့် စစ်ဆေးကြည့်ကြသည်။

တစ်ကိုယ်လုံး၌ .... ကြိမ်ဒဏ်ရာများက မြင်မကောင်းအောင် အလျှိုးရာများ ထင်နေ၏။ ထို့အတူ မြွေစွယ်ရာများကလည်း ကျောက်ဆပ်မာများသဖွယ် ရှိနေ၏။ ဆံပင်များပင် တချို့တစ်ဝက် ကျွတ်ထွက်နေပြီဖြစ်သည်။

ဒဏ်ရာများကို ကြည့်ရုံနှင့် တစ်စုံတစ်ဦးက အငြိုးကြီးမားစွာ နှိပ်စက်ထားခြင်း ဖြစ်ကြောင်း သိနိုင်ပေသည်။

ထိုအခိုက် ယန်လီကျူ၊ ယန်ကျင်ကန်နှင့် စင်ဝေါင်းတို့ ရောက်လာ၏။

ယန်လီကျူတို့ မောင်နှမမှာ ဝါယိချန်ကို တွေ့သောအခါ လန့်သွားကြသည်။ နှိပ်စက်ခံထားရခြင်းဖြစ်ကြောင်း သိရသောအခါ ယန်လီကျူ မျက်ရည်ကျလာရလေ၏။

ကျုံဖေက အိတ်ထဲမှ ရွှေရောင်ဆေးတစ်လုံး ထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုရွှေရောင်ဆေးလုံးမှာ နောက်ဆုံး အသက်ကယ်ဆေးပင် ဖြစ်၏။

ဆေးလုံးတစ်လုံး ဖော်စပ်ရန်ပင် မလွယ်ပါချေ။ အဖိုးတန်သော ဆေးမြစ်များစွာကို ခက်ခက်ခဲခဲ ရှာဖွေပြီးမှ ဖော်စပ်ထားရခြင်း ဖြစ်ပါသည်။

ယိထင်းဟောင်က ကျုံဖေထက် ဦးစွာ သူ၏အိတ်ထဲမှ အဆိပ်ဖြေဆေးသုံးလုံးကို ယူကာ ဝါယီချန်အား တိုက်လိုက်လေ၏။

"ခဏစောင့်ကြည့်ပါ .... ကျုပ်ဆေးကလည်း စွမ်းပါတယ်ဗျ"

ယိထင်းဟောင်က ပြောသဖြင့် စောင့်ကြည့်ကြသည်။ မကြာမီ ဝါယီချန် ညည်းညူလာသည်။

"ခင်ဗျား ဆေးက တယ်စွမ်းပါလား ...."

ကျုံဖေက ယိထင်းဟောင်အား လှမ်းပြောပြီး သွေးကြောကို ဖွင့်ပေးကာ နှိပ်နယ်ပေးလိုက်၏။

ချက်ချင်းလိုလိုပင် ဝါယီချန်မှာ ဝေါခနဲ အန်ချလိုက်တော့သည်။ ပထမဦးစွာ အဝါရောင် အန်ဖတ်များ ကျလာပြီးနောက် ညိုပုပ်ပုပ် သွေးများပါ ထွက်လာသည်။

စင်ဝေါင်းက ဝမ်းသာသွားပြီး ....

"ဘဘ ဆေးက တကယ်ကောင်းတာပဲ .... သူ အခု အသက် ပြန်ရှင်လာနိုင်ပြီမဟုတ်လား ...."

ယိထင်းဟောင်က ဝါယီချန်အား တစ်ချက်ကြည့်လိုက်၏။ စင်ဝေါင်း၏ အမေးစကားကိုကား မဖြေချေ။ ဝါယီချန်မှာ အဆိပ်များကို ပြန်အန်ထုတ်နိုင်သော်လည်း မျက်နှာမှာမူ ပြာနေဆဲပင်။



ထို့ကြောင့် သူ၏ ဆေးသည် အဆိပ်လုံးဝပြေစေရန် မတတ်နိုင်တော့ကြောင်း နားလည်သဘောပေါက်လိုက်လေတော့သည်။

ထို့ကြောင့် ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်လေ၏။

"သူ့မျက်နှာက အဆိပ်ကြောင့် ပြာနေတုန်းပဲ .... ငါ့ရဲ့ဆေးနဲ့ ထိတ်ချလို့မရသေးဘူး .... တကယ်ဆိုရင် သူ့မျက်နှာမှာ သွေးရောင်ပေါ်လာသင့်တယ်"

စင်ဝေါင်းက ဝါယီချန်ကို စူးစိုက်ကြည့်နေလိုက်သည်။ တစ်ခဏအတွင်းမှာပင် ဝါယီချန် သတိပြန်လည်လာ၏။ နှုတ်ခမ်းဖလေးများ ဆတ်ဆတ် လှုပ်ရှားလာသည်။

"ရေ .... ရေ .... ရေပေးပါ"

သူ့အသံက မသဲကွဲသော်လည်း ကျုံဖေ ကောင်းစွာ သဘောပေါက်၏။ ခါးမှ ရေဘူးကိုဖြုတ်ကာ ဝါယီချန်အား အနည်းငယ် တိုက်လိုက်သည်။ ဝါယီချန်မှာ ရေသောက်ပြီးသောအခါ မျက်လုံးဖွင့်ကြည့်လိုက်၏။

သူ့မရှေ့၌ ကျုံဖေတို့လူစုကို တွေ့သောအခါ အံ့အားသင့်သွားတော့သည်။

"ရှင် .... ရှင်တို့ ...."

ဝေဒနာအရှိန်ကြောင့် သူ့လေသံ တိုးညင်းလှသည်။ သူ့စကား

www.burmeseclassic.com

www.burmeseclassic.com



မဆုံးခင်မှာပင် ကျုံဖေက ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ် .... ကျုပ်တို့ပါ၊ ခင်ဗျားကို ကျုပ်တို့ ကယ်လိုက်ပြီ .... "

ဝါယိချုန် အားတက်သွား၏။ ထို့ကြောင့် စကားသံပင် အနည်းငယ် ပီသကျယ်လောင်လာသည်။

"ရှင်တို့ ဘယ်လိုရောက်လာတာလဲ .... "

"အစ်မကြီးတို့ .... ရေးထားတဲ့စာကို တွေ့လို့ လိုက်လာတာပါ"

"ဒါနဲ့ ဝါဗီရှာကော ဘယ်မှာလဲ .... "

ယိဖျောင်းရှမ်းက ထပ်ဆင့်မေးလိုက်သောအခါ ဝါယိချုန်၏ မျက်နှာပေါ်၌ ပူဆွေးသောကရိပ်များ ပေါ်လာတော့သည်။

"သမီးလေးလား .... သမီးလေး ဘယ်ရောက်သွားသလဲ ဝါ မသိဘူး .... ဟူရှန်ဖုံလက်ထဲ ပြန်ရောက်သွားပြီလား မသိဘူး — ရေ .... ရေပေးပါဦး .... "

ကျုံဖေမှာ မျက်နှာပျက်သွား၏။

သူသည် ဝါယိချုန်အား ကယ်တင်ရန် မတတ်နိုင်တော့ကြောင်း ကောင်းစွာနားလည်သိရှိလိုက်၏။

မြွေဆိပ်များမှာ ဝါယိချုန်၏ နှလုံးထဲသို့ ရောက်နေပြီဖြစ်၏ သို့သော် အဘယ်ကြောင့် ယခုထိ အသက်ရှင်နေပါသနည်း သူ တွေးတောမနေတော့ပါ။



လက်ထဲမှ ရွှေရောင်ဆေးလုံးလေးအား ဝါယိချုန်အား တိုက်ကျွေးလိုက်၏။

ဝါယိချုန် မသောက်ပါ။

အတင်းငြင်းပယ်လိုက်သည်။

"အဖိုးတန်ဆေးတွေ ကျွန်မကို တိုက်မနေပါနဲ့ .... ကျွန်မက သေမယ့်လူပါ .... ရှင့်ဆေး ဆုံးသွားတာပဲ ရှိမယ် .... "

ကျုံဖေက ဘာမျှမပြောပါ။ ဆေးတစ်လုံးသည် လူတစ်ယောက်၏ အသက်ထက် ပို၍ တန်ဖိုးမကြီးဟု သူ ယူဆသည်။

ဝါယိချုန်၏ ပါးစပ်ထဲသို့ အတင်းထည့်ကာ တိုက်လိုက်လေသည်။

သူ၏ဆေး ဝင်သွားပြီး မကြာမီ ဝါယိချုန်၏ မျက်နှာမှာ သွေးရောင်ပြန်လည်လွှမ်းလာလေသည်။

ဤဆေးသည် ဝါယိချုန်အား မသေစေရန် မတတ်နိုင်ကြောင်း ကျုံဖေ နားလည်၏။ သို့သော် သေဆုံးချိန်ကိုမူ ခဏတဖြုတ် နောက်သို့ ရှောက်ဆိုင်းသွားစေရန်မူ အာနိသင် ရှိပေသည်။ သို့မှသာ ....

ဝါယိချုန်ထံမှ အေးစိမ့်ဂူနှင့် ဟူရှန်ဖုံအကြောင်းကို သိရှိနိုင်မည် မဟုတ်ပါလား။

ဝါယိချုန် အနည်းငယ် သက်သာလာသည်ကို တွေ့သောအခါ ကျုံဖေသည် သိလိုသည့်အချက်များကို ခပ်သွက်သွက် မေးမြန်းတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟူရှန်ဖုံအကြောင်းကို သိသလောက် ပြောပြနိုင်မလား ... အေးစိမ့်ဝှအကြောင်းရောပေါ့ ... ကျုပ်တို့အတွက် သိပ်အရေးကြီး တယ် ... "

ဝါယိချန် သဘောပေါက်ပါသည်။

"ဟုတ်ကဲ့ ... ကျွန်မ မသေခင် ပြောပြပါ့မယ်၊ ဒါပေမယ့် ရှင်က ကျွန်မကို ကတိတစ်ခု ပေးရမယ် ... "

ကျုံ့ဖေ တွေဝေသွား၏။ သို့သော် ဝါယိချန်သည် သူ မတတ် နိုင်သည့်အလုပ်ကို ခိုင်းလိမ့်မည်မဟုတ်ဟု သူ ယုံကြည်သည်။ ဟူရှ ဖုံကို သတ်နိုင်သည့် ကိစ္စမျိုးဆိုလျှင် သူ ငြင်းစရာ ဘာမျှမရှိပေ။ သ အသက် အသေခံပြီး ဆောင်ရွက်ပေးမည်သာ ဖြစ်၏။

"ပြောပါ ... ကျွန်တော် ကြိုးစားဆောင်ရွက်ပေးပါ့မယ်"

ဝါယိချန်သည် ကျုံ့ဖေကို ယုံသည်။ မိစ္ဆာကျွန်းပေါ်တွင် မိမိ သားအမိနှစ်ယောက်အား ကယ်တင်ခဲ့သည်ကို ပြန်လည်သတိရသည်

"တခြားတော့ မဟုတ်ပါဘူး ... ကျွန်မ သမီးလေး ဝါဝိရှာ ရှာဖွေတွေ့ရင် ရှင့်အနေနဲ့ သမီးအဖြစ် မွေးစားဖို့ပါပဲ ... "

ကျုံ့ဖေ သက်မ ချလိုက်၏။ သူမတောင်းသည့် ကတိစကား လှ်မပေးနိုင်စရာ မည်သို့မျှ အကြောင်းမရှိ။

"စိတ်ချပါ ... ခင်ဗျားသမီးကို ကျွန်တော့်သမီးအရင်းလိုပဲ စုစောင့်ရှောက်ပါ့မယ်၊ ခင်ဗျားတို့ကျေးဇူးကလည်း ကျုပ်တို့အပေ ရှိထားသေးတော့ ကျုပ်တို့အဖို့ ဒီကတိဟာ ဘာမှ မခက်ခဲပါဘူး



ဝါယိချန် ကျေနပ်လောက်အောင် ကတိပေးလိုက်သောအခါ ဝါယိချန် မျက်နှာတွင် ပြုံးရိပ်ကလေးများ သမ်းလာတော့သည်။

"ဇာတ်ကြောင်းက ဒီလိုပါရှင်၊ ကျွန်မတို့ မိစ္ဆာကျွန်းက ထွက် လာပြီးတဲ့နောက်ပိုင်း ဖုကျွန်းခရိုင်ထဲမှာ ဇာတ်မြှုပ်နေခဲ့တယ် ... အဲဒီမှာ သိုင်းလောကကျင့်ပြီး အေးအေးချမ်းချမ်းပဲ နေခဲ့တယ်၊ ဒါပေမယ့် တစ်နေ့ပေါ့ ... "

www.burmeseclassic.com

www.burmeseclassic.com



ဝါယိချန်တို့ သားအမိသည် မိစ္ဆာကျွန်းမှ ထွက်လာပြီးနောက် ရွာကလေးတစ်ရွာ၌ အေးချမ်းစွာပင် ဓာတ်မြုပ်နေခဲ့ကြ၏။ သိုင်းလောကနှင့် လုံးဝ ကင်းကင်းရှင်းရှင်း နေထိုင်ခဲ့သည်။ ဟူရှန့်ဖုံ မ... တော့ပြီဟု သိရှိထားခဲ့ကြသဖြင့် သူတို့၏ဘဝလေးမှာ လွန်စွာအေး ချမ်းသာယာလာခဲ့ပေသည်။

တစ်နေ့သ၌ ဝါယိချန်သည် မြို့သို့တက်၍ ရိက္ခာဝယ်သည်။

ထိုစဉ် သူသည် သတင်းတစ်ပုဒ်ကို ကြားခဲ့ရ၏။

ထိုသတင်း ကြားသောအခါ အံ့ဩသွား၏။

သတင်းမှန် မမှန် မြို့ထဲ၌ လှည့်ပတ်စုံစမ်းလိုက်၏။

ကြားရသော သတင်းမှာ အမှန်ပင်ဖြစ်၏။

ထို့ကြောင့် ရိက္ခာများကို အမြန်ဝယ်ကာ ရွာသို့ ပြန်လာခဲ့... တော့သည်။

ဝါဝိရှာ ကြားခဲ့ရသော သတင်းမှာ ရုပ်ဆိုးသော မိန်းကလေး...



တစ်ယောက်သည် မက်မန်းမြစ်ရေနှင့် မျက်နှာသစ်ရာ ချောက်လ အတွင်း ရုပ်ချောသွားသည်ဆိုသည့်သတင်းပင်တည်း။ သူမသည် ထိုသတင်းနှင့်အတူသမီး၏မျက်နှာကလေးကိုယှဉ်တွဲမြင်ယောင်မိခဲ့သည်။

သမီး ဝါဝိရှာမှာ မျက်နှာတစ်ခြမ်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်မဟုတ်ပါလား။ သူမက သမီးဖြစ်သူအား ပြန်လည်လှပလာစေချင်၏။ မိဘမေတ္တာသာတည်း။ သူမသည် ရွာသို့ ရောက်သည်နှင့် ကြားရသည့်သတင်းကို အမောတကော ပြောပြမိသည်။ ဝါဝိရှာမှာ ကြားရသည့် သတင်းကြောင့် မျက်ရည်များပင် လည်လာသည်။

"မေမေ .... မေမေ ကြားလာတဲ့သတင်းက အမှန်ပဲပေါ့နော်"

ဝါဝိရှာက မိခင်ဖြစ်သူအား မရဲတရဲ ပြန်မေးရှာသည်။

"မေမေ တစ်မြို့လုံးအနှံ့ စုံစမ်းခဲ့တာပဲ .... ဒီသတင်းဟာ အမှန်ပဲတဲ့ .... တချို့တွေ မက်မန်းမြစ် ရှာဖို့တောင် သွားကုန်ကြပြီတဲ့"

ဝါဝိရှာမှာ သူမ၏ မျက်နှာတစ်ခြမ်းကို လက်ဝါးနှင့် အသာအယာပွတ်ရင်း မချိတင်ကဲလေး ပြောလိုက်၏။

"သမီးမျက်နှာလည်း ပြန်ကောင်းချင်လိုက်တာ မေမေရယ်"

ဝါယိချန်သည် အရွယ်ကောင်းတုန်း လှချင်ပချင်နေရှာသည့် သမီးကလေးအား တရုဏာသက်စွာ ကြည့်မိ၏။

"သမီးကလေးကို ပြန်လှစေချင်လို့ မေမေ အမြန်ဆုံး ပြန်လာ... တာပေါ့ သမီးရယ် .... ဒီသတင်းကို သမီးလေး ကြားစေချင်... လို့ ...မေ ပြန်လာတာပါ ...."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုရင် မက်မန်းမြစ်ကို သွားရှာကြရအောင်နော် မေမေ"

"အဲဒါပေါ့ .... သမီးရယ် မေမေရယ် လိုက်ရှာကြမှာပေါ့ .... သူများတွေတောင် သွားရှာကြပြီပဲ .... "

"မက်မန်းမြစ်က ဘယ်မှာလဲ မေမေ .... "

ဝါဗီရှာက မျှော်လင့်ချက်ကြီးစွာ မေး၏။

"မေမေ ဘယ်သိမလဲ သမီးရယ် .... ဒါပေမယ့် မပူပါနဲ့ .... မေမေ တွေ့အောင်ရှာမှာပေါ့ ဟုတ်ဘူးလား .... "

"ဟုတ်တယ် .... သမီးတို့ သွားကြမယ်၊ မက်မန်းမြစ်ရှိတဲ့နေရာကို မတွေ့တွေ့အောင် လိုက်ရှာကြမယ် မေမေရယ်နော် .... "

ဝါယီချုန်သည် သမီးကို တစ်ချက်ကြည့်လိုက်၏။ ဖခင်၏ ရက်စက်စွာ ဒဏ်ခတ်မှုကြောင့် ရုပ်အလှမှ အကျည်းတန်မား အရုပ်ဆိုးမဖြစ်သွားရှာသည့် သမီးကလေးအား ကရုဏာသက်စွာ ကြည့်မိသည်။

မက်မန်းမြစ်ရေဖြင့် နဂိုပကတိအတိုင်း လှပလာနိုင်ပါက .... အတိုင်းထက်အလွန် ကောင်းလေစွဟု တွေးတောနေမိ၏။

နောက်တစ်နေ့ နံနက်စောစောတွင် ဝါယီချုန့်တို့ သားအမိသည် ရိက္ခာအပြည့်အစုံ၊ ငွေကြေး လုံလောက်စွာဖြင့် ရွာကလေးမှ ထွက်ခွာလာခဲ့ကြတော့သည်။

သူမတို့အဖို့ မက်မန်းမြစ်သည် မည်သည့်နေရာ၌ ရှိမှန်းမသိပါ။ မည်သို့ သွားရမည်ကို သေချာတိကျစွာ မသိပါ။ သို့သော် ထို ဘာမျှမသိသည့်အရပ်သို့ပင် သူတို့သားအမိ ခရီးထွက်လာခဲ့ကြလေပြီ။



ပထမဦးစွာ သတင်းအတိုင်း ဖူနန်ပြည်နယ်ဘက်သို့ ဦးတည်ထွက်လာခဲ့ကြသည်။

ဝါဗီရှာသည် ငယ်ရွယ်သူဖြစ်၍ လှချင်ပချင်စိတ် ရှိသည်။

ယခု လှပရန်အတွက် သွားနေရခြင်း မောရမှန်းမသိချေ။

လွန်စွာ ပျော်ရွှင်နေသည်။ သမီးဖြစ်သူ ပျော်ရွှင်နေသဖြင့် မိခင်ဖြစ်သူလည်း လွန်စွာရွှင်လန်းတက်ကြွနေ၏။

တစ်လောကလုံး ပြေးကြည့်မှ ဤသားအမိနှစ်ယောက်သာ အဖွယ်တာရမည့်သူများ ဖြစ်နေသည် မဟုတ်ပါလား။

သားအမိနှစ်ယောက် နေ့ရောညပါ ခရီးထွက်လာခဲ့ကြရာ ဖူနန်ပြည်နယ်သို့ ရောက်ရှိလာလေတော့သည်။

ဖူနန်ပြည်နယ်၌ မိန်းကလေးတစ်ယောက် ရုပ်ဆိုးနေရာမှ ပြန်လည်လှပသွားသည်ဆိုသော သတင်းမှာ ကလေးလူကြီး အကုန်သိနေ၏။ ထို့ကြောင့် သူမတို့ သားအမိက ဝမ်းသာသွား၏။

သတင်းသာ မှန်ကန်ပါက တစ်နေ့မဟုတ် တစ်နေ့ မက်မန်းမြစ်ကို ရှာဖွေတွေ့ရမည်ဟု ယုံကြည်မိကြသည်။

ထို့နောက် တွေ့သမျှလူ အကုန်မေးစမ်းကာ မက်မန်းမြစ် တည်ရှိသည်ဟု ထင်ရသည့်ဘက်သို့ ဆက်လက်ထွက်ခွာလာခဲ့ကြသည်။

ထိုသို့ ထွက်လာရာ ဆယ်ရက်ခန့် အကြာတွင် မြို့ကလေးတစ်ခုသို့ ဆိုက်ရောက်လာကြလေ၏။

မြို့ကလေးမှာ မြို့သိမ် မြို့ငယ်ကလေးသာ။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင် ဟူ၍ တစ်ဆိုင်သာ ရှိ၏။

ထို့အတူ တည်းခိုခန်းဟူ၍လည်း တစ်ခုသာရှိသည်။

ထို့အပြင် စားသောက်ဆိုင်နှင့် တည်းခိုခန်း နှစ်ခုပေါင်းမှလည်း ဆိုင်တစ်ဆိုင်သာလျှင် ဖြစ်၏။

မြို့ကလေးမှာ ခရီးသွားလာသူ ဖြတ်သန်းခြင်း သိပ်မရှိပါ။

သွားကြသူများမှာလည်း မက်မန်းမြစ်ကို ရှာဖွေနေသူ လူငယ်လူရွယ်များသာ ဖြစ်ကြ၏။

လူငယ်လူရွယ်များမှာစိတ်စောနေသည့်အတွက် ဤမြို့ကလေး၌ နားခိုခြင်း မရှိကြချေ။ ဖြတ်ကျော်၍သာ သွားကြသည်။ ဝါဝီရှာသည် အများနည်းတူ မနားတမ်း ခရီးဆက်လိုသည်။ သို့သော် ဝါယီချုန်မှာ ပင်ပန်းနေလေပြီ။ ထို့ကြောင့် သမီးဖြစ်သူအား ဤမြို့ကလေး၌ ခေတ္တနားရန် နားချရသည်။

ဝါဝီရှာသည် မိခင်ကို ချစ်သူဖြစ်ပါသည်။ ထို့ကြောင့် မိခင်အလိုကျ နားရန် သဘောတူလိုက်ပါသည်။

သူတို့သားအမိသည် တစ်ခုသောတည်းခိုခန်းဆီကို လျှောက်လာခဲ့ကြ၏။ ဝါယီချုန်သည် သူမတို့နောက်မှ တစ်စုံတစ်ယောက် လိုက်ပါလာသလို ခံစားလိုက်ရသဖြင့် မကြာခဏ နောက်သို့ လှည့်ကြည့်မိ၏။ စိတ်အာရုံ၌ ခံစားနေရသဖြင့် ဤသို့ မကြာခဏ လှည့်ကြည့်မိခြင်း ဖြစ်သည်။ အချို့က ဤခံစားမှုမျိုးကို ဆဋ္ဌမအာရုံဟု ခေါ်ကြပေသည်။



ဝါဝီရှာက သူ့အမေ အထိတ်တလန့်နှင့် နောက်သို့ မကြာခဏ လှည့်ကြည့်နေသဖြင့် မေးမိသည်။

"မေမေ ဘာတွေ့လို့လဲဟင် .... ဘာဖြစ်လို့ ခဏခဏ လှည့်ကြည့်နေတာလဲ .... "

ဝါယီချုန်က မျက်မှောင်ကုတ်ရင်း ဖြေ၏။

"တို့နောက်ကို .... တစ်ယောက်ယောက် လိုက်နေတယ်ထင်တယ် .... "

ဝါဝီရှာ ပြုံးလိုက်သည်။

"မဟုတ်တာ မေမေရာ .... လိုက်လာရင် တွေ့ရမှာပေါ့၊ အခု ဘယ်သူမှ မရှိဘဲ .... မေမေ စိတ်ထင်လို့ နေမှာပါ .... "

ဝါယီချုန်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်သေးဘူး သမီး .... မေမေ စိတ်ထင်တာ မဖြစ်နိုင်ဘူး၊ ဟိုဖူနန်က ထွက်လာကတည်းက နောက်မှာ လူလိုက်လာတယ်လို့ မေမေ ခံစားနေရတာ .... ဒါကြောင့် မေမေ ခဏခဏ နောက်ပြန်လှည့်ကြည့်နေတာကို: .... "

"ဟုတ်တယ် .... မေမေ သေသေချာချာ ပြန်ကြည့်တိုင်း ဘယ်သူ့ကိုမှ မတွေ့ဘူး .... အံ့ဩဖို့တော့ ကောင်းတယ်"

ဝါဝီရှာက သက်ပြင်းချကာ ....

"မေမေ စိတ်ထင်လို့နေမှာပါ .... သမီးတို့ကို အန္တရာယ်ပြုမယ့်သူ ဘယ်သူမှ မရှိပါဘူး၊ .... "

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တည်းခိုခန်းသို့ ရောက်လာတော့သည်။ ထို့နောက် တည်းခိုခန်း၌ အခန်းတစ်ခန်းငှားကာ ကိုယ်စီကိုယ်စီ အနားယူအပန်းဖြေမိကြလေ၏။

နောက်တစ်နေ့နံနက်တွင် ဝါပိရှာတို့သားအမိ အိပ်ရာမှ နိုးလာကြသည်။

အိပ်ရာမှ နိုးသောအခါ အဝတ်အစားလဲရန် ဝါပိရှာက အထုပ်ကို ဖြေလိုက်ရာ အထဲ၌ ရွှေစက္ကူ ငွေစက္ကူများ ရောက်ရှိနေသည်ကို တွေ့လိုက်၏။

ထို ရွှေစက္ကူ ငွေစက္ကူများမှာ လူသေသော အခါတွင် အသုံးပြုသော စက္ကူများဖြစ်သဖြင့် ဝါပိရှာ ထိတ်လန့်သွားတော့သည်။

"မေမေ .... ဒီ .... ဒီမှာ"

ဝါယီချန်သည် သမီးအော်သံကြောင့် လှမ်းကြည့်မိ၏။

ရွှေငွေစက္ကူများကို မြင်သောအခါ ရင်ထိတ်သွားသည်။

တစ်စုံတစ်ယောက်သည် မိမိတို့အား ခြိမ်းခြောက်နေပြီဖြစ်ကြောင်း နားလည်လိုက်လေတော့သည်။ ထိုသူ မည်သူနည်း။

သူမလည်း သူမ၏အထုပ်ကို ဖြေကာ စစ်ဆေးလိုက်သည်။

ထူးမခြားနားပါပေ။

သူမ၏အထုပ်ထဲ၌လည်း ရွှေစက္ကူ ငွေစက္ကူများ ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

ဝါယီချန်က မျက်မှောင်ကုတ်သွား၏။



ရန်သူသည် မည်သူနည်း။

အဘယ့်ကြောင့် မိမိတို့အား ခြိမ်းခြောက်နေရပါသနည်း။ အမှန်တကယ်အားဖြင့် မိမိတို့တွင် ရန်သူမရှိတော့ချေ။

သူမက သက်ပြင်းချကာ မှတ်ချက်ချ၏။

"တစ်ယောက်ယောက်ကတော့ မေမေတို့ကို ခြောက်လှန့်နေပြီ .... "

ဝါပိရှာမှာ မျက်လုံးကလေး ထောင့်ကပ်ကာ တစ်ခဏမျှ စဉ်းစားဟန် ပြုလိုက်၏။ ဝါပိရှာ သက်ပြင်းချမိသည်။ သူတို့ သားအမိ၏ သိုင်းပညာမှာ အတော်အတန် အဆင့်မြင့်၏။ တော်ရုံတန်ရုံ သူခိုး ဓားပြများသည် သူတို့ကို မခြောက်လှန့်နိုင်ပေ။

ယခုမူ ရန်သူရောက်လာသည်ကိုပင် မသိလိုက်ကြရ။ တော်ရုံတန်ရုံ ဓားပြတစ်ယောက် မည်သို့မျှ မဖြစ်နိုင်။

ရန်သူသည် အလွန်အဆင့်မြင့်ကြောင်း နားလည်လိုက်၏။ တစ်ပြိုင်နက်တည်းပင် သူ့ခေါင်းထဲ၌ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရသွားတော့သည်။

"မေမေ .... သူ .... သူများလား မသိဘူး"

ကြောက်ရွံ့တုန်လှုပ်လာသဖြင့် ဝါပိရှာ၏ စကားသံက ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွားသည်။ ဝါယီချန်က မျက်မှောင်ကြုတ်ကာ မေးလိုက်လေ၏။

"ဘယ်သူလဲ .... သူဆိုတာ ဘယ်သူ့ကို ပြောတာလဲ သမီး"

www.burmeseclassic.com

www.burmeseclassic.com



ဝါဝိရှာက ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလေ၏။

"ဟူ .... ဟူ .... ရှန် .... ဖုံ .... လေ .... "

ဝါယီချုန်၏မျက်နှာမှာ ဖွေးခနဲ ဖြစ်သွားလေသတည်း။

သေချာစွာ စဉ်းစားလေလေ သမီးဖြစ်သူ ဝါဝိရှာ၏ စကားမှာ ဖြစ်နိုင်လေလေဟု သိလာမလေ၏။ သို့သော် သူမ၏ ဆင်ခြင်မှုအသိတရားကြောင့် သမီးဖြစ်သူ စိတ်မချမ်းမသာ မဖြစ်စေလိုပေ။

"သူ မဖြစ်နိုင်ဘူး .... သူက မိစ္ဆာကျွန်းတိုက်ပွဲမှာ သေသွားပြီပဲ သမီးရယ်"

သူမ၏ စကားအဆုံး၌ အခန်းထဲသို့ တစ်စုံတစ်ခု လိမ့်ဝင်လာလေတော့၏။

"ဂလောက် .... ဂလောက် .... "

ဝါယီချုန်တို့သားအမိနှစ်ယောက်စလုံး ထိုအရာကို လှမ်းကြည့်မိကြ၏။

"ဟင် .... "

အရိုးခေါင်းတစ်ခု ဖြစ်နေလေသတည်း။ သားအမိနှစ်ယောက်၏ မျက်နှာမှာ သွေးမရှိတော့လောက်အောင် ဖြူရော်သွားကြလေ၏။

ထိုအရိုးခေါင်းသည် ဟူရှန်ဖုံ၏ အမှတ်အသားတစ်ခုပင် မဟုတ်ပါလား။

ဝါဝိရှာက အထိတ်တလန့် ပြောလေ၏။

"ဟူ .... ဟူရှန်ဖုံ .... မသေသေးဘူး မေမေ .... "



သားအမိနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ပွေးဖက်ထားမိကြလေ၏။

"မေမေ .... သမီး ကြောက်တယ်"

ဝါယီချုန်သည် သူပါ ကြောက်ကြောင်း ပြသနေပါက သမီးဖြစ်သူ ဝိဆိုးရှာလိမ့်မည်ဟု တွေးမိပြီး သမီးကို ရင်ခွင်ထဲမှ ခွာထုတ်လိုက်၏ ထို့နောက် အံတင်းတင်းကြိတ်ကာ ထရပ်လိုက်၏။

"မေမေ .... မေမေ .... ဘာလုပ်မလို့လဲ .... "

"ဘာလုပ်ရမှာလဲ သမီးရယ် .... မေမေတို့ကို ဒုက္ခလိုက်ပေးနေတဲ့လူကို အပြတ်ရှင်းပစ်ရမှာပေါ့"

"မေမေ .... သူ သင်ပေးထားတဲ့ ပညာနဲ့ သူ့ကို တိုက်ခိုက်လို့ ပါ့မလား မေမေရယ် .... "

ဝါဝိရှာ၏စကားကြောင့် ဝါယီချုန် ငိုင်သွားသည်။ သို့သော် သူမသည် ဓားလက်ကိုင်ရိုးကို တင်းတင်းဆုပ်လိုက်ပြီး ....

"ဘာဖြစ်သလဲ သမီး .... သမီးနဲ့ မေမေ နှစ်ယောက်ပေါင်းတိုက်ကြမှာပေါ့ .... ချောင်ပိတ်မိရင် ဖားပြုတ်တောင် ပြန်ကိုက်သေးတဲ့၊ မေမေနဲ့ သမီးမှာ သိုင်းပညာ အသင့်အတင့် ရှိတာပဲ .... အသေတိုက်မယ့် သားအမိနှစ်ယောက်ကိုတော့ ဘယ်သိုင်းဝိဇ္ဇာကမှ သီချင်းလေးဆိုပြီး အေးအေးဆေးဆေး ဖမ်းဆီးနိုင်မှာမဟုတ်ပါဘူး"

ထိုစဉ် .... အခန်းအပြင်မှ အေးစက်မာကျောသော စကားသံတစ်သံက ရုတ်တရက် ထွက်ပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ မလွတ်ဘူး .... ခင်းတို့သားအမိနှစ်ယောက်စလုံး အဖမ်းခံရမှာပဲ .... "

ထိုအသံမှာ ဟူချန့်ဖုံ၏အသံပင် ဖြစ်သည်။

အသံကို သေချာစွာ နားထောင်လိုက်ရာ ခေါင်မိုးပေါ်မှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း နားလည်လိုက်၏။

ဝါယီချန်က ဓားကိုဆွဲထုတ်ကာ လျှပ်တစ်ပြက် ခုန်တက်ပြီး ခေါင်မိုးကိုပါ ထိုးဖောက်လိုက်သည်။

"ဝုန်း .... "

ဝါယီချန် ခေါင်မိုးပေါ်သို့ ရောက်ရှိသွား၏။

အပေါ်၌ မည်သူမျှ ရှိမနေချေ။

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

လူရိပ်လူယောင်ဟူ၍ လုံးဝမတွေ့ရ။

ဝါယီချန်က သက်ပြင်းချကာ ပြန်ဆင်းလာ၏။ သူမ အောက်သို့ ရောက်သည်နှင့် ဝါဝီရှာက အမြေးတစ်ပိုင်းလေး မေးလိုက်၏။

"မေမေ .... သူ့ကို တွေ့သလားဟင် .... "

ဝါယီချန်က ခေါင်းခါယမ်းရင်း ....

"မတွေ့ဘူး သမီးရယ် .... ဘာမှ မကြောက်ပါနဲ့၊ မေမေတို့ကို သူ သက်သက်သာသာ ဘယ်တော့မှ မဖမ်းနိုင်စေရဘူး .... "

သူမသည် မီးသွေးခဲတစ်ခဲယူကာ နံရံ၌ စာတစ်ကြောင်း ရေးလိုက်သည်။ ဝါဝီရှာက ဖတ်လိုက်၏။



"အဖမ်းခံရပြီ .... လာကယ်ပါ"

သူမက မိခင်အား တစ်ချက်ကြည့်ကာ နားမလည်ဟန်ဖြင့် မေးလိုက်သည်။

"အမေ ဘာလုပ်တာလဲ .... "

ဝါယီချန်က ခပ်အေးအေးပင်။

"တစ်စုံတစ်ယောက်တွေ့ရင် လာကယ်အောင် ရေးခဲ့တာပါ"

"ဘယ်သူက လာကယ်မှာလဲ .... သမီးတို့ အဖမ်းခံရတာကို ဘယ်သူသိမှာလဲ .... "

ဝါယီချန်က သက်ပြင်းကလေးချပြီး ပြောလိုက်၏။

"ဒါကတော့ ကုသိုလ်ကံပဲပေါ့၊ ဒီစာကို တစ်ယောက်ယောက်တွေ့မိရင် လာကယ်နိုင်သေးတယ်ဆိုတဲ့ မျှော်လင့်ချက်ထားလို့ရတာပေါ့ .... "

ဝါဝီရှာက ခေါင်းခါယမ်းလိုက်ပြီး ....

"မေမေ့စာက မျှော်လင့်ချက် သိပ်မရှိပါဘူး .... ကျွန်မတို့ လွတ်အောင် အမြန်ဆုံးပြေးရမယ် .... ပြေးနိုင်ရင် လွတ်မှာပါ .... "

"ပြေးလို့မရတော့ဘူး .... "

"ဘာကြောင့်လဲ .... "

"ဟူချန့်ဖုံက ဒီအနားမှာပဲ တို့ကို စောင့်နေမှာ .... သူ့ကို နိုင်နိုင်ရဲ့ပဲ ရှိတော့တယ် .... "

ဝါဝီရှာမှာ ငိုင်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ အံကိုကြိတ်ပြီး ရဲရင့်စွာ ပြောချလိုက်သည်။

"သူ ဖမ်းတာကိုတော့ ငုံ့ခံမနေဘူး .... သမီးတို့ သူ့ကို ပြန်ပြီး ခုခံရမယ် .... သမီးတို့မှာ အဆိပ်လက်နက်ပုန်းတွေ ရှိတယ်မဟုတ်လား .... "

ဝါယီချန်က တစ်ချက်စဉ်းစားလိုက်ပြီး ....

"ဟူရှန်ဖုံဟာ သာမန်လူမဟုတ်ဘူး .... သူ့ကို လက်နက်ပုန်းနဲ့ တိုက်ခိုက်ဖို့ သိပ်မလွယ်ဘူး .... ဒါကြောင့် ရမ်းသမ်းပြီး မတိုက်ခိုက်နဲ့ ပိုင်မှ တိုက်ခိုက်၊ ကဲ .... ခုချိန်ကစပြီး အသင့်ပြင်ထားမှ ဖြစ်မယ်"

သူတို့နှစ်ယောက်မှာ အခန်းအလယ်ရှိ ခုတင်ပေါ်သို့ တက်ထိုင်လိုက်သည်။

ထို့နောက် ကျောချင်းကပ်ကာ ဟူရှန်ဖုံအား စောင့်မျှော်နေကြလေတော့၏။

ဟူး .... ရင်မောဖွယ် ကာလများပေတကား။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

တစ်နေ့တာ ကုန်ဆုံး၍ ညအချိန်သို့ပင် ရောက်ရှိလာခဲ့လေပြီ။

ဟူရှန်ဖုံကား ပေါ်လာခြင်း မရှိသေး။

ဝါပိရှာနှင့် ဝါယီချန်မှာ မပေါ့ဆရဲချေ။

ကျရောက်လာမည့်အန္တရာယ်ကို သတိနှင့် စောင့်ကြည့်နေကြသည်။

ထိုစဉ် အုန်းမောင်းသံ သုံးချက် အဝေးမှ လွင့်ပျံ့လာ၏။



"ဒေါင် .... ဒေါင် .... ဒေါင် .... "

အုန်းမောင်းသံအဆုံး၌ ရယ်သံတစ်သံက ဆက်လက်ထွက်ပေါ်လာလေသည်။

ထိုရယ်သံမှာ ဓုက်ဆိုးထိုးသံနှင့်ပင် တူလှသည်။

ဝါပိရှာနှင့် ဝါယီချန်တို့ ခန္ဓာကိုယ်များ တုန်ခါသွားကြသည်။

ဟူရှန်ဖုံ ရောက်လာပြီမဟုတ်ပါလား။

လက်နက်ပုန်းများကိုလည်း အသင့်ပြင်ထားလိုက်ကြ၏။

ထိုစဉ် ပြတင်းပေါက်မှန်မှာ ကွဲသွားပြီး အရာဝတ္ထုနှစ်ခု ပြေးဝင်လာကာ ဝါပိရှာနှင့် ဝါယီချန်တို့၏ သွေးကြောများကို ထိမှန်သွားလေတော့သည်။

ဝါပိရှာနှင့် ဝါယီချန်တို့အနေဖြင့် ဟူရှန်ဖုံက စတင်တိုက်ခိုက်လိမ့်မည်ဟု မယုံခဲ့ချေ။ သူတို့ကို အရင်ဦးစွာ တိုက်ခိုက်ခွင့်ပေးလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ယခုသော် အထင်နှင့်အမြင် လွဲခဲ့ချေပြီ။

ထို့ကြောင့် မရှောင်တိမ်းနိုင်ဘဲ သွေးကြောပိတ် ခံလိုက်ရတော့သည်။

ထို့နောက် ပြတင်းပေါက်တံခါးမှာ ပွင့်သွားပြီး အခန်းတွင်းသို့ ဟူရှန်ဖုံ ဝင်ရောက်လာလေတော့သည်။

သူသည် ဝါပိရှာနှင့် ဝါယီချန်တို့အား မုန်းတီးစက်ဆုပ်စွာ ကြည့်လိုက်၏။

"ဟား ဟား ဟား .... ငါ့ကို ခုခံဖို့ကြံတာ အန္တရာယ်လိုနေ

www.burmeseclassic.com

www.burmeseclassic.com



သေးသလဲ .... မင်းတို့ကို ငါ ကောင်းကောင်းနှိပ်စက်ပြမယ်"

ဟူရှန်ဖုံက လက်ခုပ်တစ်ချက်တီးပြီး အမိန့်ပေးလိုက်၏။

"ဝင်လာခဲ့ကြ .... "

သူ၏အသံအဆုံး၌ အခန်းတွင်းသို့ ထွားကျိုင်းသော လူလေးယောက် ဝင်လာကြသည်။

သူတို့သည် ဝါပိရှာနှင့် ဝါယီချန်ကို ထမ်းယူလိုက်သည်။

ဝါပိရှာမှာ အကြောက်လွန်ကာ မေ့မြောသွားလေတော့၏။

ဝါယီချန်မှာမူ အံကြိတ်ထား၏။

ဟူရှန်ဖုံက ထိုလူလေးယောက်အား ဆက်၍ အမိန့်ပေးခိုင်းစေပြန်သည်။

"သူတို့ကို အေးစိမ့်ဂူကို ခေါ်သွား .... ဟိုရောက်မှ ဘယ်လိုပြစ်ဒဏ်ပေးရမလဲဆိုတာ စီစဉ်မယ် .... "

"ငါတို့သားအမိ သေရင် ရှင့်ကိုလည်း သုတ်သင်မယ့်လူ ရောက်လာမှာ သေချာတယ် .... "

ဝါယီချန်က မကြောက်မရွံ့ ခွန်းတုံ့ပြန်လိုက်၏။

ဟူရှန်ဖုံက မဲ့ပြုံး ပြုံးပြီး ....

"မင်းက လူထူးလူဆန်းသုံးယောက်ကို အားကိုးနေသလား — သူတို့လည်း ငါ့လက်ချက်နဲ့ပဲ သေစေရမယ် နားလည်လား၊ ဒီကောင်တွေကို လက်စားမချေရသမျှ ငါ မကျေဘူး .... အဲဒါ ကောင်းကောင်းမှတ်ထား .... "



သူသည် ပြောပြောဆိုဆို ဝါယီချန်အား ဆွဲယူပြီး ပါးရိုက်ပစ်လိုက်၏။

ဝါယီချန်မှာ ကြမ်းပေါ်သို့ လွင့်စဉ်သွားသည်။

ဟူရှန်ဖုံ၏ ရိုက်ချက်ကြောင့် သူမ၏ သွေးကြောပြန်မွှင့်သွားလေတော့၏။

"သူတို့ကို ဖမ်းခေါ်ခဲ့ .... "

ဟူရှန်ဖုံသည် အမိန့်ပေးပြီးသည်နှင့် လှစ်ခနဲ ထွက်သွားလေတော့သည်။

ဝါယီချန်သည် ဟူရှန်ဖုံကို လုပ်ကြံခွင့်မရခဲ့ ဖြစ်သွား၏။ သို့သော် သူမ အကြောပိတ်နေဟန် ဟန်ဆောင်နေပါက တစ်ကြိမ်ကြိမ်...င် ဟူရှန်ဖုံအား လုပ်ကြံခွင့် ရလိမ့်မည်ဟု ယူဆလိုက်ပြီး မလျှော့ပင် နေလိုက်တော့သည်။

လမ်းတစ်လျှောက်လုံး ဝါယီချန် စဉ်းစားလာသည်။

သူမ မည်သို့ လွတ်အောင် ပြေးရမည်ကို တွေးတောနေ၏။

သူမအနေနှင့် လွတ်နိုင်သော်လည်း သမီးဖြစ်သူက ကျန်နေ၏။

သမီးပါ လွတ်အောင်ပြေးနိုင်မှ ဖြစ်မည်ကို သိသဖြင့် အကြံထုတ်...း လိုက်လာသည်။ မကြာမီ မြို့ပြင်သို့ ရောက်လာ၏။ လူထွားကြီး...ဦးသည် သူတို့ကိုပစ်ချပြီး အနားယူကြစဉ် သူမသည် ပဝါပိုင်းပေါ်...ရေးပြီး ချုံပုတ်တစ်ခုပေါ် ပစ်တင်ခဲ့သည်။

လက်မတင်ကလေး ဖြစ်သည်။ လူထွားကြီးလေးဦးအနက်မှ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးသည် ဝါယိချုန်၏ လှုပ်ရှားမှုကို ရိပ်ခနဲမြင်လိုက်ရသဖြင့် မသ
မသာ အနားကပ်လာပြီး သွေးကြောထိုးပိတ်လိုက်ရာ ဝါယိချုန်ခမျာ
ခဲလေသမျှ သဲရေကျ ဖြစ်သွားရလေတော့သည်။

မကြာမီ သူတို့သားအမိ အိတ်ထဲ သွတ်သွင်းခြင်း ခံကြရတော့
သည်။

သူမတို့ လှေနှင့်လာခဲ့ရာ အတန်ကြာသောအခါ လှေရပ်သွား
သည်ကို ခံစားသိရှိကြရ၏။ ထိုခရီးကား ကြာမြင့်လှသဖြင့် ဝါယိချု
၏ သွေးကြောမှာ ပြန်လည်ပွင့်သွားတော့သည်။

ထို့နောက် သူမတို့အား ထမ်း၍ ခေါ်လာပြန်သည်။

အတန်ကြာ လမ်းလျှောက်လာပြီးမှ သူတို့အား ပစ်ချလိုက်ကြ
တော့၏။

ထိုအချိန်၌ ဝါဝိရာမှာလည်း သွေးကြောပြန်ပွင့်လာပြီ ဖြစ်၏

သူမတို့ သားအမိနှစ်ယောက်ကို အထုပ်ဖွင့်ပေးလိုက်ရာ နှ
ယောက်စလုံး ခုန်ထွက်လာကြသည်။ သူတို့ရှေ့၌ ဟူရှုန်ဖုံ ရပ်နေ
ကြောင်း တွေ့လိုက်ရသည်။ ဟူရှုန်ဖုံက သူတို့ကို အရေးမစိုက်ချေ

“မင်းတို့က ငါ့ကို သစ္စာဖောက်ကြတယ် .... သစ္စာဖောက်တဲ့
ယောက်ရဲ့ ပြစ်ဒဏ်ဟာ ဘယ်လိုလဲဆိုတာ သိစေရမယ် .... မင်းတို့
ကို မသတ်သေးဘူး .... နည်းမျိုးစုံနဲ့ နှိပ်စက်ပြမယ် ....”

ဝါယိချုန်သည် ယခုအခါ၌ မကြောက်ရွံ့တော့ပေ။

လာမည့်ဘေး ပြေးတွေ့ခြင်းသာ အကောင်းဆုံးဖြစ်ကြောင်



သူမ သိရှိပြီးလေပြီ။ အခြေအနေကလည်း ထိုသို့ပင် ဖန်တီးခဲ့ပြီမဟုတ်
ပါလား။

ဝါယိချုန်က ....

“ရှင်ဟာ အဆင့်မြင့်တဲ့ သိုင်းသမားတစ်ယောက်ပါ .... ဒါနဲ့
တောင် ကျွန်မတို့ကို ဖမ်းတုန်းက ခိုးကြောင်ခိုးဝှက် ဖမ်းရသလား။
တကယ်တော့ ရှင်ဟာ ရဲရဲဝံ့ဝံ့ တိုက်ခိုက်ပြီး ဖမ်းသင့်တယ် .... ”

ဟူရှုန်ဖုံက ပြုံးလိုက်ပြီး ....

“ငါက အရိုးခေါင်းနဲ့ သတိပေးပြီးပြီပဲ .... မင်းတို့ကို ခိုးကြောင်
ခိုးဝှက် တိုက်တာမှမဟုတ်ဘဲ .... ”

“ဒါဆိုလည်း ဘာဖြစ်လို့ ချောင်းပြီး သွေးကြောပိတ်ရသလဲ၊
မျက်နှာချင်းဆိုင် ပေါ်ပေါ်ထင်ထင် ယှဉ်ပြိုင်တိုက်ပါလား”

ဟူရှုန်ဖုံက သဘောကျစွာ ရယ်မောလိုက်ပြန်၏။ သူ့ရယ်သံ
မှာ ငှက်ဆိုးထိုးသံအလား ကျယ်လောင်လှသည်။

အတန်ကြာမှ အရယ်ရပ်ပြီး ပြောလေ၏။

“မင်းတို့က ငါနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ချင်သေးတယ် ဟုတ်လား၊
ငါသင်ပေးထားတဲ့ ပညာနဲ့ ငါ့ကို ပြိုင်လို့ နိုင်မတဲ့လား .... စဉ်းစားပြီး
ပြောပါဦးကွာ .... ”

ဝါယိချုန်က ....

“ရှင် သင်ပေးခဲ့တဲ့ သိုင်းပညာဆိုတာတော့ မငြင်းပါဘူး ....
ဒါပေမယ့် ကျွန်မတို့က ရှင့်ကိုနိုင်တဲ့ သိုင်းကွက်ကို တီထွင်ပြီးပြီ”

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံက အေးစက်စက် ရယ်ပြန်၏။

“ငါ့ကိုနိုင်မယ့်သိုင်းကွက်တဲ့ ဟုတ်လား .... ”

“ဟုတ်တယ် .... ရှင် မယုံရင် ကျွန်မတို့ကို ယှဉ်တိုက်ခွင့် ပေး ကြည့်ပေါ့ .... ”

ဝါယီချန်သည် မဒိုးမခန့် အမူအရာဖြင့် ဟူရှန်ဖုံ မခံချင်အောင် ပြောလိုက်သည်။

ဟူရှန်ဖုံကား မည်သို့မျှ တုန်လှုပ်ဟန်မပြ။ သွေးအေးအေး ဖြင့် ဖြိုးရယ်ကာ ကြုံးဝါးလိုက်ပြန်သည်။

“မင်းတို့က သေချင်နေကြတာကိုး .... ”

ဝါပိရှာက ....

“သေရမှာ ဘယ်သူလဲဆိုတာ စမ်းကြည့်ပါလား .... ”

ဟူရှန်ဖုံက ခေါင်းညိတ်လိုက်ပြီး ....

“အေး .... မင်းတို့ ဘယ်လိုပဲ လေ့ကျင့်လေ့ကျင့် ငါက မစိုက်ပါဘူး .... မင်းတို့ ဘာတွေ တီထွင်သလဲဆိုတာတော့ ငါ ကြည့် ရဦးမှာပေါ့ .... ”

ဝါယီချန်သည် ဟူရှန်ဖုံအား မေတ္တာရပ်ခံလိုက်၏။

“ကျွန်မ ရှင့်ကို တစ်ခုမေးပါရစေ .... ”

ဟူရှန်ဖုံက ဝါယီချန်အား တစ်ချက်ငဲ့စောင်းကြည့်ကာ —

“မင်းက ဘာသိချင်လို့လဲ .... ”

ဝါယီချန်က ....



“အခုတလော .... မြို့နယ်အနှံ့ ပျံ့နှံ့နေတဲ့ မိန်းကလေးတစ် ယောက် ရုပ်ဆိုးရာကနေ မက်မန်းမြစ်ရေကြောင့် ရုပ်ချောသွားတယ် ဆိုတဲ့ သတင်းကို ရှင် လွှင့်လိုက်တာလား .... ရှင့်ရဲ့ အကြံအစည်လား”

ဟူရှန်ဖုံက ကျေနပ်စွာ ဟားဟားဟား ရယ်မောတော့သည်။

“ဟုတ်တယ်ဟေ့ .... သိပ်ဟုတ်၊ ပထမ ရုပ်ဆိုးတဲ့မိန်းကလေး ကို ဖမ်းလိုက်တယ်၊ ပြီးတော့ သူနဲ့ဆင်တဲ့ မိန်းကလေးကို အစားထိုး ပေးလိုက်တယ် .... ဒီလိုလုပ်တာကို အားလုံး ယုံကြည်သွားကြတယ် မဟုတ်လား .... အဲဒါ ငါ့အကြံပေါ့ကွ .... ”

“ရှင်က ဘာရည်ရွယ်ချက်နဲ့ လုပ်တာလဲ .... ”

ဝါယီချန်က ဟူရှန်ဖုံကို စူးစိုက်ကြည့်ပြီး မေးလိုက်လေ၏။

ဟူရှန်ဖုံက ရယ်မောတာ ....

“ငါ့ရည်ရွယ်ချက်က ရှင်းရှင်းလေးပဲ .... မင်းတို့သားအမိကို ပုတ်မြုပ်တဲ့နေရာကနေ ပေါ်လာစေချင်လို့ပဲပေါ့ .... အခုတော့ ငါ့ အကြံ အောင်မြင်တယ်မဟုတ်လား .... ဟား ဟား ဟား”

ပြောရင်းမှပင် ရယ်မောနေလိုက်ပြန်လေသည်။

“ရှင့်ကို တိုက်လို့နိုင်ရင် ကျွန်မတို့ကို လွှတ်ပေးမလား”

ဟူရှန်ဖုံက ခေါင်းညိတ်ကာ ....

“စိတ်ချ .... မင်းတို့ပဲ ငါ့ကိုနိုင်အောင်တိုက်ခိုက်ပါဦး၊ တဲ .... ကြောင်မောင် ကြောင်စန်း သူတို့လက်နက်တွေ သူတို့ကို ပြန်ပေးလိုက် ပါ .... ”

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းပင် သူ၏တပည့်များအား အမိန့်ပေးလိုက်လေသည်။

ကြောင်မောင်နှင့် ကြောင်စန်းတို့က ဝါယိချုန်တို့ သားအမိ၏ လက်နက်များကို ပြန်ပေးလိုက်၏။

ထိုစဉ် ဝါယိချုန်၏လက်က လျှပ်တစ်ပြက် လှုပ်ရှားသွားလေသည်။

အလင်းတန်းကလေးများ ထွက်သွားသည်။

ဟူရှန်ဖုံ ရင်ထိတ်သွား၏။

အမြန်ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွားသည်။

လက်နက်ပုန်းတစ်ခုသည် လက်မောင်းသို့ ထိမှန်သည်။

အဆိပ်ပါမှန်း သိလိုက်သဖြင့် ချက်ချင်းပင် အတွင်းအားနှင့် အဆိပ်ကို တစ်နေရာတွင် စုစည်းလိုက်သည်။

ပြီးမှ ဝါယိချုန်တို့ သားအမိအား တိုက်ခိုက်လေတော့သည်။

ဝါယိချုန်သည် ဤပွဲ၌ သူကိုယ်သူ သေလူအဖြစ် သတ်မှတ်ပြီး ဖြစ်ရာ သမီးဖြစ်သူအား အော်ဟစ်သတိပေးလိုက်တော့သည်။

"သမီး လွတ်အောင်ပြေး .... မေမေ ခုခံထားမယ်"

ဝါဝိရှာသည် ပထမ၌ မှင်တက်နေ၏။ သို့သော် ချက်ချင်းသတိဝင်လာသဖြင့် အနီးရှိ ဝတ်စုံနက်များ တိုက်ခိုက်ပြီး ဂူသို့ ချက်ချင်းပြေးထွက်သွားလေတော့သည်။

ဟူရှန်ဖုံ ဒေါသထွက်သွား၏။



ဝါဝိရှာ လွတ်ထွက်သွားသဖြင့် သူ့ဒေါသ ဝါယိချုန်ထံသို့ ပုံကျသွား၏။

ထို့ကြောင့် အပြင်းထန်ဆုံး တိုက်ကွက်ထုတ်ပြီး ဝါယိချုန်အား တိုက်ခိုက်လေတော့၏။

"ဝုန်း .... "

ဝါယိချုန်မှာ လက်ရည်ချင်းကွာလှသဖြင့် တိုက်ကွက်ငါးကွက် မပြည့်ခင်မှာပင် ဝုန်းခနဲ လဲကျမေ့မြောသွားလေတော့သည်။

ဟူရှန်ဖုံသည် ဝါဝိရှာနောက်သို့ လိုက်သွားရန် ဟန်ပြင်လိုက်၏။

သို့သော် သူ့လက်မောင်း၌ ဆစ်ခနဲ ဖြစ်သွားခြင်းကြောင့် သူ့ကိုယ်သူ ထိန်းသိမ်းလိုက်ရသည်။

"ကြောင်မောင် .... ကြောင်စန်း ဟိုကောင်မနောက် အမြန်လိုက်စမ်း .... "

ကြောင်မောင်နှင့် ကြောင်စန်းမှာ တွန့်နေးခြင်းမရှိပါ။

အမိန့်သံဆုံးသည်နှင့် လိုက်သွားလေသည်။

ဟူရှန်ဖုံသည် သူ့အတွင်းအားနှင့် အဆိပ်များအား ပြန်လည်ညှစ်ထုတ်နေလေတော့သည်။

ဝါယိချုန် သတိရလာသောအခါ ဟူရှန်ဖုံက သူ့မရှေ့၌ ရပ်နေသည်ကို တွေ့လိုက်ရ၏။

ထိုစဉ်မှာပင် ....

www.burmeseclassic.com

www.burmeseclassic.com



ကြောင်မောင်နှင့် ကြောင်စန်းတို့ အပြင်မှ ပြန်ရောက်လာ ၏။

လူချည်းသက်သက် ပြန်လာကြသဖြင့် .... ဟူရှန်ဖုံ၏ ဒေါသအိုး ပေါက်ကွဲလေတော့သည်။

"မင်းတို့ လိုက်လို့မမီဘူးလား .... "

ကြောင်မောင်က ကြောက်ကြောက်လန့်လန့်ဖြင့် ....

"မိန်းကလေးက .... ပြေးလို့မလွတ်မှန်းသိလို့ မြစ်ထဲ ခုန်ချပြီး ထွက်ပြေးသွားပါတယ် ဆရာကြီး .... "

"တောက် .... တစ်ယောက်က လွတ်သွားရသေးတယ် .... သွား .... ကမ်းနားတစ်လျှောက် လိုက်ရှာကြည့် .... မတွေ့ရင် မင်းတို့ ပါ ပြန်မလာနဲ့ .... "

ကြောင်မောင်နှင့် ကြောင်စန်း .... ပြေးထွက်သွားလေတော့ ၏။

ထို့နောက် ဝတ်စုံနက်များအက်သို့ လှည့်လိုက်ပြီး ဝါယီချုန်အား လက်ညှိုးထိုးပြသည်။

"သူ့ကို ဟိုဗူထဲကို ခေါ်သွားကြ .... "

ဝတ်စုံနက်များက ဝါယီချုန်အား မညှာမတာ ဆွဲခေါ်သွားကြ လေ၏။

ထိုနေ့ကစပြီး ဟူရှန်ဖုံသည် ဝါယီချုန်အား နည်းမျိုးစုံနှင့် နှိပ် စက်လေတော့သည်။



မြွေကိုက်ခံရပြီး ချက်ချင်း မသေစေရန် အဆိပ်ဖြေဆေးကို နေ့ ညဲ့ တိုက်ကျွေးခဲ့သည်။

သို့သော် နေ့စဉ် အပေါက်ခံရသော မြွေဆိပ်အားလုံးတို့ကို အဆိပ်ဖြေဆေးက မတားနိုင်ပေ။ နလုံးထဲသို့ အနည်းငယ်စီ ဝင်သွား ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါယီချန်မှာ ပြောရင်း အသံတိမ်ဝင်လာ၏။

အမောလည်း ဖောက်လာသည်။

မျက်လုံးများလည်း အရောင်ဖျော့လာသည်။

အားလုံးက နားလည်လိုက်လေပြီ။

ဝါယီချန့်တစ်ယောက် ဝဋ်ခံရမှုမှ ကင်းလွတ်ရပေတော့မည်။

ယီဖျောင်းရှမ်းက တစ်စုံတစ်ရာကို သတိရလာ၏။

ထို့ကြောင့် သူမက ဝါယီချန်အနားသို့ကပ်ကာ တီးတိုးလေးမေးလိုက်၏။

"ဒေါ်ဒေါ် .... အေးစိမ့်ဂူက ဘယ်နားမှာလဲ .... "

ဝါယီချန်မှာ ယီဖျောင်းရှမ်း၏ အမေးစကားကို ကြားဟန်မတူပါချေ။ ကယောင်ကတမ်းနှင့် ဆက်ပြောလိုက်၏။

"ဟူရှန်ဖုံက သိပ်အငြိုးကြီးတဲ့လူ .... ငါ့သမီးက သေမယ်မထင်ဘူး .... သူ လွတ်မှာပဲ၊ သူ့ကို ရှာကြပါ"



ယီဖျောင်းရှမ်းက ထပ်မေးပြန်သည်။

"ဟုတ်ကဲ့ ဒေါ်ဒေါ် .... ကျွန်မတို့ သူ့ကို ရှာပါ့မယ် .... အေးစိမ့်ဂူ ဘယ်နားမှာလဲ ပြောခဲ့ပါ၊ အေးစိမ့်ဂူမှာ ဒေါ်ဒေါ့်သမီး ရှိလိမ့်မယ်"

ဝါယီချန် အခြေအနေမကောင်းတော့ပေ။ မျက်ဖြူဆိုက်ကာသွားလေးနေပြီ။

သို့တိုင် အသက်ကို အားယူရှူရှိုက်လျက် ဖျစ်ညှစ် ပြောနေသေးသည်။

"အေးစိမ့်ဂူ .... "

"ဟုတ်ပါတယ် .... "

"အေးစိမ့် .... ဂူ .... ဟာ .... "

သို့သော် ဝါယီချန် စကားဆုံးအောင် မပြောနိုင်ရှာပါ။ ခေါက်ခနဲ ကျိုးသွားရှာလေတော့၏။

သို့သော် သူ့မျက်နှာမှာမူ ပြုံးယောင်သမ်းနေသည်။

မျက်လုံးအစုံမှာ ဖွင့်လျက်ပင်ရှိနေ၏။ ကျုံဖေက မျက်လုံးများကို စိတ်ပေးလိုက်သည်။

ယီဖျောင်းရှမ်းနှင့် ယန်လီကျုံတို့မှာ စိတ်မကောင်းဖြစ်သွား

မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။

ဝေဒနာ တနင့်တပိုး ခံစားရပြီးမှ သေဆုံးသွားရှာသူကို သူတို့ ကရုဏာသက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း .... သေတဲ့လူလည်း သေပြီပဲ .... စိတ်မကောင်းဖြစ်တာတော့ ဖြစ်တာပေါ့။ ဒါပေမယ့် ဒီအတိုင်းထားလို့ မဖြစ်သေးဘူး။ သူ့ကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ကြပါ .... "

ကျူးဖေက သက်ပြင်းရှိုက်ရင်း ခပ်တိုးတိုးပြော၏။ သူတို့၏ ကျေးရွာရှင်ကို မကယ်လိုက်နိုင်သဖြင့် ကျူးဖေကိုယ်တိုင် ဝမ်းနည်းဆုံး ဖြစ်နေခဲ့ရသည် မဟုတ်ပါလား။

လူငယ်များ အားလုံးပင် ဓားနှင့်မြေကြီးကို တူးဆွလိုက်ကြပြီး ဝါယီချန်၏ အလောင်းအား မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။

သူတို့သည် မြေပုံပေါ်၌ သစ်ကိုင်းတစ်ကိုင်းစိုက်ပြီး ငြိမ်သက်စွာ ဂါရဝပြုမိကြလေ၏။



အခန်း(၇၄)

## ဉာဏ်ကူ၍ဂါထူးရခြင်း

ကျူးဖေတို့လူစုသည် အေးစိမ့်ဂူ၏ တည်နေရာကို မှန်းဆနေကြ ... သို့သော် မည်သူကမျှ အတိအကျ မပြောနိုင်ကြပေ။ အားလုံး ငြိမ်သက်စွာပင် တွေးတောနေမိကြ၏။

ထိုစဉ် ယီဖျောင်းရှမ်း၏ အသံ ထွက်ပေါ်လာ၏။

"ဖြစ်နိုင်တာတစ်ခုပဲရှိတယ် .... အခု ဝါယီချန်ကို တစ်ယောက် ... ည်းထားခဲ့တဲ့ကိစ္စပါ .... "

"ဘာလဲ သမီး .... "

ယီထင်းဟောင်က မေးလိုက်၏။

"ဝါယီချန်ကို ဒီမှာထားပြီး ကျွန်မတို့ကို ထောင်ချောက်ဆင် ... သဲ ဖြစ်ရမယ် .... အေးစိမ့်ဂူဟာ တကယ် ရှိချင်မှ ရှိမယ် .... "

ယီထင်းဟောင်ကအလျှင်အမြန်ပင်ခေါင်းကိုခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးပြောတာ သဘာဝမကျဘူး .... ဝါယီချုန်ဟာ ဘယ်လိမ္မာပါးနပ်ပါမလဲ သမီးရယ် .... "

ကျူဖေက ယိထင်းဟောင်၏ စကားကို သူ့စိတ်အတွေးဖြင့် ဆက်စပ်ပေးလိုက်သည်။

"ဟုတ်တယ် .... တို့ကို ထောင်ချောက်ဆင်တာ မဖြစ်နိုင်ဘူး ဝါပီရှာကို ထောင်ချောက်ဆင်တာပဲ ဖြစ်ရမယ် .... "

ယိထင်းဟောင်က ကျူဖေကို ထောက်ခံပြီး သူ့ထင်မြင်ချက်ကို ပြောပြန်သည်။

"ဒါက အဖြစ်နိုင်ဆုံးပဲ .... ဝါပီရှာဟာ မသေရင် သူ့အမော် သူ့ လာကယ်မှာပဲ၊ ဒါကြောင့် ဝါယီချုန်ကို မသတ်သေးဘဲ ထားတာ ဖြစ်ရမယ် .... ဒါကြောင့် နေရာကို မီးရောင်နဲ့ပြတာပဲ .... ဒါက မြူခေ တဲ့သဘောပဲ"

ထိုစဉ် အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာလေ၏။

"မင်းတို့တွေးတာ မဆိုးဘူး .... မင်းတို့အထင် မှန်ပါတယ်"

အသံသည် ဝီသပြီး အေးစက်နေသဖြင့် အတွင်းအားထုတ်၍ ပြောလိုက်သည့် အသံဖြစ်ကြောင်း အားလုံး သိလိုက်၏။ ထို့ကြောင့် လူကြီးနှစ်ယောက်မှအပ အားလုံးလိုလိုပင် ကြက်သီးဖြန်းဖြန်း ထသွား ကြတော့သည်။

ထို့ကြောင့် အသံလာရာသို့ အလန့်တကြား လှည့်ကြည့်မိကြ၏။ အသံရှင်ကား ဟူရှန်ဖုံပေတည်း။



ဟူရှန်ဖုံ မည်သည့်အချိန်က ထိုနေရာသို့ ရောက်ရှိနေသည်ကိုပင် သူတို့ မသိကြချေ။ အကယ်၍ ဟူရှန်ဖုံကသာ လျှို့ဝှက်လုပ်ကြံလိုက်လျှင် အားလုံး သေဆုံးကုန်ပေလိမ့်မည်။ ဤသို့ လျှို့ဝှက်မလုပ်ကြံခြင်းကိုပင် ကျေးဇူးတင်နေရသေးသည်။ ကျူဖေသည် မိမိ၏ ပေါ့ဆမှုကို ကြိတ်၍ အပြစ်တင်နေမိလေ၏။

စင်ဝေါင်းမှာ ထိတ်လန့်စွာဖြင့် အော်လိုက်၏။

"ဟာ .... ဟူရှန်ဖုံ .... ဟူရှန်ဖုံ .... "

ဟူရှန်ဖုံက တစ်ချက် ရယ်မောကာ အားလုံးကို စေ့ကြည့်လိုက်၏။

ပြီးမှ အေးစက်သော လေသံဖြင့် မေးခွန်းထုတ်လိုက်သည်။

"မင်းတို့ လူစုံပြီလား .... ဟိုသုံးယောက်ကော မပါဘူးလား"

ဟိုသုံးယောက် ဆိုသည်မှာ လူထွေးလူဆန်း သုံးဦးအား ရည်ရွယ်၍ မေးလိုက်ခြင်း ဖြစ်၏။ ကျူဖေ ရင်ပူနေ၏။ သို့သော် အမူရုပ်ကို ဖန်လုပ်ပြီး ရယ်မောလိုက်၏။

"ဟား ဟား ဟား .... ပါ့ပါတယ်ဗျာ၊ ခင်ဗျား မတွေ့ဘူးလား .... "

ဟူရှန်ဖုံသည် မသိမသာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ သူ၏နောက်ဘက်မှ မတိုက်ခိုက်နိုင်ရန် ကျောက်တုံးကို မှီ၍ ထားလိုက်ပြီး ....

"ကောင်းပြီလေ .... မင်းတို့ လူစုံတက်စုံဆိုရင် အကြွေးဟောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်းကြတာပေါ့ ....”

ကျူဖေ လွန်စွာပူပန်နေသည်။ သူ့အခြေအနေကို သူ သိ... ဟူရှန်ဖုံကို လိမ်ညာပြောဆိုလိုက်ရသော်လည်း တကယ်တမ်းတွင် ... ထူးလှူဆန်းသုံးဦး သူတို့နှင့်အတူ ပါခဲ့သည်မှ မဟုတ်ဘဲ။

သူတို့လူစုမှာ ဟူရှန်ဖုံအား အနိုင်ရရန် မျှော်လင့်ချက်မရှိ။

သို့သော် အခြေအနေအရ မတိုက်ခိုက်၍လည်း မဖြစ်တော့... တကယ့်အကျဉ်းအကျပ်ပင် ဖြစ်တော့သည်။

သိုင်းပညာအရ ဟူရှန်ဖုံအား သူကိုယ်တိုင် မမီပေ။ အခြား... များကား ပြောဖွယ်ရာ မရှိတော့။ တစ်ခုတော့ ရှိသည်။ ဟူရှန်ဖုံ... အလွန်ဒေါသထွက်ပြီး အမှားအယွင်း လုပ်ခဲ့လျှင်တော့ .... သူတို့ ... ကောင်း နိုင်ပေလိမ့်မည်။

“ခင်ဗျား နှစ်ခါတိတိ သေဘေးက ခွေးပြေးဝက်ပြေး ပြေး... ရတာ မမှတ်မိသေးဘူးလား .... ဒီတစ်ခါတော့ ပြေးစရာ ပင်လ... မရှိတော့ဘူး .... ခင်ဗျားရဲ့ အလောင်းကို ဒီမှာပဲ မြှုပ်ပေးရတော့မှာ...

ကျူဖေ၏စကားက ထိရောက်လှ၏။ ဟူရှန်ဖုံ၏ အသည်းနှ... ကို လှံနှင့်ထိုးလိုက်သလို ထိရောက်သော စကားဖြစ်သည်။ ထို... ကြောင့် ဟူရှန်ဖုံမှာ ဒေါသအမျက်ခြောင်းခြောင်း ထွက်သွား၏။ ... ခြည်းပင် ကျူဖေအား လက်ဝါးနှင့် ရိုက်ချလိုက်လေတော့သည်။

သူ့လက်ဝါးချက်မှာ လျှင်မြန်၏။ လက်ဝါးရိပ်နှင့်အတူ ... သည်လည်း အေးစိမ့်တုန်ခါသွား၏။ တစ်ဆက်တည်း လက်ဝါး...



ကွက် သုံးကွက်ကို အသုံးပြုတိုက်ခိုက်သည်။ ကျူဖေမှာ ခုန်ဆုတ်သွားရလေ၏။

ဟူရှန်ဖုံက လက်ကို ပြန်ရုပ်သိမ်းလိုက်သည်။

ထို့နောက် ယိဖျောင်းရှမ်းတို့လူငယ်တစ်စုဘက်သို့ ဓားယမ်းတိုက်ခိုက်ပြန်တော့သည်။

ကျူဖေခမျာ လူငယ်များအတွက် ပူပန်ရပြန်သည်။

ယိဖျောင်းရှမ်း၊ စင်ဝေါင်း၊ ယန်ကျင်ကန်၊ ယန်လီကျူ လေးယောက်စလုံး အိုးနင်းခွက်နင်း ရှောင်တိမ်းကြရသည်။

“မင်းတို့အားလုံး မကြောက်နဲ့ .... ပြိုင်တူ တိုက်ခိုက်ကြ .... တစ်ယောက်ချင်း သွားမယှဉ်နဲ့”

ကျူဖေက လူငယ်များအား အော်ဟစ်သတိပေးရသည်။ တိုက်ခိုက်နည်းဗျူဟာ ချမှတ်ပေးရသည်။

ထိုအခါ ယိဖျောင်းရှမ်းတို့လေးယောက်သည် ကျူဖေ၏စကားအတိုင်း ပြိုင်တူတိုက်ခိုက်ကြတော့သည်။ သူတို့သည် .... သိုင်းပညာ ...ကောင်းသော်လည်း ရဲရင့်မှုကတော့ ရှိကြ၏။

သူတို့၏ တစ်ယောက်ချင်းတိုက်ခိုက်မှုသည် ဟူရှန်ဖုံအတွက် ...ပြောပလောက်ပါ။

ပြိုင်တူ ညီညီညွတ်ညွတ် တိုက်ခိုက်လာမှုသည်ပင်လျှင် ဟူရှန်ဖုံ ...အား နောက်ဆုတ်အောင် တိုက်ခိုက်လာနိုင်မည် မဟုတ်ပါ။

ဟူရှန်ဖုံက ပြန်လည်တိုက်ခိုက်ရင်းမှ အော်ဟစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး သေလိုက်စမ်း ...."

သူလက်ကို ဝှေ့ယမ်းလိုက်၏။

လက်နက်ပုန်းများသည် ယီဖျောင်းရှမ်းတို့လေးယောက်ထံသို့ ပြေးဝင်သွား၏။

ယီဖျောင်းရှမ်းမှာ ထိုလေးယောက်ထဲ၌ အရင့်ကျက်ဆုံးဖြစ်၏။

သို့သော် သူမပင်လျှင် ရှောင်တိမ်းနိုင်စွမ်း မရှိပေ။ ထို့ကြောင့် ကျန်သုံးယောက်ကား ဆိုဖွယ်ရာမရှိတော့ပေ။

"အား .... အား .... အား ...."

အော်သံများထွက်လာပြီး ယီဖျောင်းရှမ်းတို့လေးယောက်စလုံး လဲကျသွားတော့သည်။

ယီဖျောင်းရှမ်းက အံကြိတ်ပြီး ပြန်ထရန် ကြိုးစားလိုက်၏။

သို့သော် သွေးကြောပိတ်ခံလိုက်ရသဖြင့် ပြန်လည်ထလာနိုင်စွမ်းမရှိတော့ပေ။ ကျူံဖေနှင့် ယီထင်းဟောင်တို့မှာ အကြီးအကျယ် မျက်နှာပျက်သွားကြ၏။

သူတို့အဖို့ ဟူရှန်ဖုံအား အနိုင်တိုက်ခိုက်နိုင်မှသာ ဖြစ်ပေမည်။

ထို့ကြောင့် သူတို့၏ ထက်မြက်သော သိုင်းကွက်များကို ဖော်ထုတ်ကာ အပြင်းအထန် တိုက်ခိုက်တော့၏။

"နောင်ကြီး ယီထင်းဟောင် ညှပ်တိုက်ဖို့ ...."

ကျူံဖေသည် ယီထင်းဟောင်နှင့်အတူ ဘယ်ညာနှစ်ဘက်ညှပ်ပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်တော့သည်။ သူတို့နှစ်ဦး ပြင်းပြင်းထန် တိုက်ခိုက်နေခြင်းသည်ပင်လျှင် ဟူရှန်ဖုံအဖို့ ရယ်မောစရာ ဖြစ်နေပေသည်။



ယီထင်းဟောင်မှာ နောက်ဆုံးကွက် မချန်တော့ပါ။

သူသေကိုယ်သေ တိုက်ကွက်များ သုံးလာသဖြင့် .... ဟူရှန်ဖုံ အရယ်ရပ်သွားတော့၏။

ဟူရှန်ဖုံမှာ သူတို့နှစ်ဦး၏ တိုက်ခိုက်မှုကို ချေဖျက်နေရလေသည်။

ယီထင်းဟောင်အား အရင်ရှင်းတော့မည်ဟု ဟူရှန်ဖုံ တွေးလိုက်သည်။

ထို့ကြောင့် ယီထင်းဟောင်အား ပို၍ တိုက်ခိုက်သည်။

ကျူံဖေကိုကား တစ်ခါတစ်ခါမှ ဝင်တိုက်ခိုက်ပြီး ကျန်အကွက်များကိုကား ဆုတ်ကွက် ရှောင်ကွက်များကို ရှောင်တိမ်း၏။

"ကဲ .... ချိုကြွတဲ့ကောင် သေပေတော့ ...."

"ဝုန်း ...."

ဟူရှန်ဖုံက လက်ဝါးတစ်ချက်ကို ပြင်းထန်စွာ ရိုက်ထုတ်လိုက်သ၏။

ယီထင်းဟောင်မှာ လွင့်စဉ်သွားတော့သည်။

သူသေကိုယ်သေ တိုက်ကွက် သဘောတရားမှာ ဤအတိုင်း ဖြစ်သည်။

သူ့ကို ထိ လျှင်ထိ၊ မထိလျှင် ကိုယ် အထိခံရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ယိထင်းပေါင်မှာ လဲနေရာမှာ ပြန်ထရန် ကြိုးစားသော်လည်း မရတော့ချေ။

ဝုန်းခနဲ လဲကျကာ မေ့မြောသွားလေတော့သည်။

ကျူဖေမှာ ရင်ထဲ လေးလံလာ၏။ သူနှင့်အတူ ပါလာသူငါး... မှာ ဟူရှန်ဖုံ၏ လက်ချက်ကြောင့် လဲကျကုန်ပြီ။ သူ တစ်ဦးတည်းသာ... ကျန်တော့သည်။

သူသည်လည်း ဟူရှန်ဖုံ၏ ပြိုင်ဘက် မဟုတ်ချေတကား။

သူသာ ရှုံးနိမ့်သွားလျှင် အားလုံး၏ ကံကြမ္မာသည် အလွန်... ဆိုးရွားသွားတော့မည် ဖြစ်ကြောင်းကို သဘောပေါက်မိ၏။ လူအားလုံး... ၏ အသက်သည် သူ့အပေါ် မူတည်နေပြီကို ကျူဖေ သိထားလေပြီ။

ထို့ကြောင့် သူသည် အစွမ်းရှိသမျှ ဟူရှန်ဖုံအား ခုခံတိုက်ခိုက်... နေရလေတော့၏။ ယိထင်းပေါင်ကဲ့သို့ပင် သူသေကိုယ်သေ တိုက်... ကွက်များကို အသုံးပြုရလေတော့၏။

ဟူရှန်ဖုံသည် အေးစက်စက် ရယ်မောလိုက်လေ၏။ ကျူဖေ... သည် သူ့အဖို့ ကြောင်ကကြွက်ကို ကစားသကဲ့သို့ ကစားစရာဖြစ်တော့... သည်။

ကျူဖေ မောအောင် သူ လုပ်နေသည်။

သို့သော် ကျူဖေက ဂရုမစိုက်ပါ။

သိုင်းကွက်များအား တစ်ကွက်ချင်း ဂရုစိုက်ကာ ခုခံကာကွယ်... သည်။



သိုင်းကွက်သုံးဆယ် ကျော်လာသည်နှင့်အမျှ .... ကျူဖေအဖို့ အကျပ်အတည်းနှင့် ပိုတွေ့လာရလေတော့သည်။

"ဟား ဟား ဟား .... မောင်စနီးတောင် ဓားသမားကြီး .... အကွက်ဆန်းတွေ ထပ်ထုတ်စမ်းပါဦး .... "

ဟူရှန်ဖုံက သရော်လှောင်ပြောင်လိုက်၏။

ထိုစဉ် အဝေးတစ်နေရာမှာ အသံတစ်ခု ထွက်ပေါ်လာ၏။

"ရွှီ .... "

အသံမှာ လေချွန်သံပင် ဖြစ်၏။

လေချွန်သံမှာ အလွန်စူးရှနေ၏။

အတွင်းအား ပြည့်ဝသူတစ်ဦး၏ လေချွန်သံဖြစ်ကြောင်း သိသာပေသည်။

"ရွှီ .... "

နောက်တစ်ကြိမ် လေချွန်သံ ထွက်လာပြန်၏။

ယခု လေချွန်သံက ပထမအကြိမ်ထက် ပို၍နီးကပ်လာသည်။

တစ်ခဏအတွင်း လေချွန်သံသည် သူတို့အနီးသို့ ရောက်လာလေ၏။

သူတို့ လှမ်းကြည့်လိုက်သောအခါ ဝတ်စုံအစိမ်းရောင်နှင့် လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။ ကျူဖေ ဝမ်းသာသွား၏။ လူထူးလူဆန်း သုံးဦးထဲမှ ကင်စီးဝှမ်ဟု ထင်မိသောကြောင့် ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကင်စီးငွမ် မဟုတ်ချေ။

ထိုလူမှာ အသက်ငါးဆယ်ကျော်ခန့်ရှိ၏။

ထိုလူသည် ကျောက်ချွန်းလင်၏ ဆရာ ယက်ချင်ရှင်းပင် ဖြစ် တော့၏။

သူသည် ဟူတန်းဂိုဏ်း၏ ထူးချွန်သော ဓားသမားတစ်ဦး ဖြစ် ၏။

ယက်ချင်ရှင်းသည် ကျုံဖေအား တွေ့သောအခါ ဝမ်းသာအား အော်ဟစ်နှုတ်ဆက်လိုက်၏။

"နောင်ကြီး ကျုံဖေ .... "

ကျုံဖေ အသက်ရှူချောင်သွားလေ၏။

ဟူရှန်ဖုံနှင့် တိုက်ခိုက်နေရသဖြင့် ခေါင်းညိတ်ပြီးသာ နှုတ်ဆက် နိုင်သည်။ အရေးကြီးသော စကားကိုသာ အရင်ဦးဆုံး ပြောဆိုလိုက် သည်။

"ယက်ချင်ရှင်း .... အခု ကျုပ်နဲ့ တိုက်ခိုက်နေတဲ့လူဟာ မီးကျွ သခင် ဟူရှန်ဖုံဗျ .... "

"ဟုတ်လား .... ဒါဆို ဟန်ကျပြီ၊ ကျုပ်က သူ့ကို လာရှာတာ ဗျ။ အကြွေးရှိတယ် .... အကြွေး အကြွေး .... "

ယက်ချင်ရှင်းပြောသည့် အကြွေးဆိုသည်မှာ ဟူရှန်ဖုံက ဟူ တန်းဂိုဏ်းအား ဖျက်ဆီးမီးရှို့ခဲ့ပြီး ဂိုဏ်းသားများကို သတ်ဖြတ်ခဲ့သည့် ကိစ္စဖြစ်သည်။



သူသည် ဓားကိုဆွဲထုတ်ကာ ဟူရှန်ဖုံအား ဝင်ရောက်တိုက်ခိုက် လေတော့၏။

ယက်ချင်ရှင်း ဝင်ရောက်လာသည့်အတွက် ကျုံဖေမှာ များစွာ သက်သာရာ ရသွားသည်။

"ဒီလူက မလွယ်ဘူးဗျ .... သတိထား"

ယက်ချင်ရှင်း ပေါ့ပေါ့ဆဆ တိုက်ခိုက်မည်စိုးသဖြင့် ကျုံဖေက ကြိုတင်သတိပေးလိုက်ရလေ၏။

ယက်ချင်ရှင်းက ခေါင်းညိတ်ပြီး ဟူတန်းဂိုဏ်းမှ အထက် တန်ဆုံး ဓားကွက်များကို ထုတ်ဖော်တိုက်ခိုက်တော့သည်။

ဟူရှန်ဖုံမှာ လွန်စွာ နောင်တရမိသည်။ သူသာ အဆုံးအဖြတ် ပေးပြီး ကျုံဖေကို သတ်ဖြတ်နိုင်ခဲ့လျှင် .... ယခုကဲ့သို့ အကြီးအကျယ် ဦးနှောက်ခြောက်ခံပြီး တိုက်ခိုက်နေရန် မလိုတော့ပေ။

ယက်ချင်ရှင်းမှာ အဆင့်မြင့်ဓားသမား ဖြစ်၏။

သို့သော် ဟူရှန်ဖုံအား မယှဉ်နိုင်ချေ။

သိုင်းကွက် ငါးဆယ်ခန့်အရောက်၌ ကျုံဖေနှင့် ယက်ချင်ရှင်း နှစ်ယောက်မှာ အရေးနိမ့်စ ပြုလာလေတော့၏။

ထိုစဉ် အဝေးမှ အသံတစ်သံက ထွက်လာ၏။

"ဟူရှန်ဖုံကို တွေ့ပြီလား .... မလွတ်စေနဲ့၊ ကျုပ်တို့ လာပြီ"

အသံမှာ အတွင်းအားဖြင့် အော်လိုက်သောအသံဖြစ်၏။

ဟူရှန်ဖုံမှာ မျက်မှောင်ကုတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လူထူးလူဆန်းသုံးယောက် ရောက်လာပြီဟု စိတ်ထဲ၌ ထင်လိုက်၏။

ထို့ကြောင့် ....

တစ်ချက်စဉ်းစားလိုက်သည်။

အကယ်၍ လူထူးလူဆန်းသုံးဦး ရောက်လာလျှင် သူ၏အခြေအနေမှာ မည်သို့ရှိမည်နည်း။

မပြောနိုင်ပါ။ လူထူးလူဆန်းသုံးဦး၏ ပူးပေါင်းတိုက်ကွက်သည် ဖြိုဖျက်ရန်ခက်လှသည်။

ထို့အပြင် လူထူးလူဆန်း သုံးဦးနှင့်အတူ အခြားသိုင်းသမားများ ပါလာပါက သူ့အတွက် ဒုက္ခပင် တွေ့နိုင်သေးသည်။

ထို့ကြောင့် သူသည် ရန်သူနှစ်ယောက်ကို ခပ်ကြမ်းကြမ်း တိုက်ထုတ်ပစ်လိုက်၏။

ကျူးဖေနှင့် ယက်ချင်ရှင်းတို့ နောက်ဆုတ်သွားသည်။

သူနှင့် မလှမ်းမကမ်း၌ လဲကျနေသော ယီဖျောင်းရှမ်းအား ဆွဲချီလျက် ထွက်ပြေးသွားလေတော့၏။

တခဏ အချိန်အတွင်းမှာပင် ဟူရှန်ဖုံသည် အဝေးသို့ ရောက်သွား၏။

ထို့နောက် ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါကျမှ စောစောက အော်လိုက်သောအသံရှင် ထွက်ပေါ်လာလေတော့သည်။



ကျူးဖေမှာ လူထူးလူဆန်းသုံးဦးလေလားဟု ဝမ်းသာအားရဖြစ်ခဲ့၏။

သူ တကယ်တွေ့ရသူမှာ လူထူးလူဆန်းသုံးဦး မဟုတ်ချေ။

ကျောက်ချွန်းလင်ဝင် ဖြစ်ပါသတည်း။

သူ့နောက်တွင် လုစုလည်း ပါလာ၏။

သူတို့သည် ဟူရှန်ဖုံ၏ သိုင်းပညာကို မယှဉ်နိုင်ကြောင်း သိမြင်ကြ၏။

ထို့ကြောင့် မြင်ကွင်းသို့ ဝင်မလာဘဲ အတွင်းအားကို အစွမ်းကုန် ထုတ်ကာ လူထူးလူဆန်းသုံးဦး ရောက်လာလေဟန် အော်ဟစ်ပြောဆို ခြိမ်းခြောက်လိုက်ခြင်းပင် ဖြစ်ပါတော့သည်။

ကျူးဖေမှာ သက်ပြင်းချလိုက်၏။

ဟူရှန်ဖုံ၏ လက်ချက်ကြောင့် ရှုံးနိမ့်ခါနီးတွင် ကျောက်ချွန်းလင်တို့ ဉာဏ်ကူသဖြင့် သက်သာရာရခဲ့ခြင်းပင် မဟုတ်ပါလော။

ထို့ကြောင့် သူက ကျောက်ချွန်းလင်အား ကျေးဇူးတင်စကားပြောလိုက်၏။

"မောင်ရင် ဉာဏ်ကောင်းလို့ပဲ၊ နို့မဟုတ်ရင် တို့ အခြေအနေဟာ မလွယ်ဘူး .... ကျေးဇူးတင်ပါတယ်ကွာ .... "

ကျောက်ချွန်းလင်မှာ စကားကို မတုံ့ပြန်နိုင်ပေ။

"ဆရာကြီး ဟူရှန်ဖုံက မိန်းကလေးတစ်ယောက်ကို သယ်ပြေးသွားတာ တွေ့လိုက်တယ် .... အဲဒါ ယီဖျောင်းရှမ်း မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျုံဖေက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် .... ယီဖျောင်းရှမ်းပါ"

"ဒါဆို မြန်မြန်လိုက်ကယ်မှ .... ကြာရင် ယီဖျောင်းရှမ်း အသက်ကို ကယ်နိုင်မှာ မဟုတ်ဘူး .... "

လုစုကလည်း ဝင်၍ လောဆော်လိုက်သည်။

ယက်ချင်ရှင်းနှင့် ကျုံဖေတို့ကား မည်သို့မျှ မလှုပ်ရှားကြချေ မှန်ပါသည်။ သူတို့နှစ်ယောက် လုံးဝ မလှုပ်ရှားချင်၍တော့ မဟုတ်ပါ။

သူတို့နှစ်ယောက်စလုံး ဟူရှန်ဖုံအား မယုံနိုင်ကြောင်း ကိုယ်စီ သိထားကြသောကြောင့် ဖြစ်ပါ၏။

ကျုံဖေက ကျောက်ချွန်းလင်နှင့် လုစုတို့ကို ကြည့်လိုက်သည်။

"ဖြည်းဖြည်းပေါ့ကွယ် .... အခုကိစ္စမှာ လောလို့မရပါဘူး .... မင်းတို့လည်း အမြင်ပါပဲ၊ ဟူရှန်ဖုံဟာ သိပ်အဆင့်မြင့်ပါတယ်၊ ငါ့အသက်ကို ကယ်တာ မင်းတို့ရဲ့ဆရာနောင်ကြီးယက်ချင်ရှင်းပါ .... တကယ်လို့ ဟူရှန်ဖုံကသာ ငါ့ကို သတ်ချင်တယ်ဆိုရင် နောင်ကြီး ယက်ချင်ရှင်း၊ မရောက်ခင်ကတည်းက ငါ သေနှင့်နေပြီ .... ဟူရှန်ဖုံဟာ စစ်ကူကို လုံးဝ ထည့်မတွက်မိတော့ ငါ့ကို မောအောင်လုပ်ပြီးမှ သတ်ဖို့ နှိပ်စက်နေတယ် .... အဲဒီအချိန်မှာ နောင်ကြီးယက်ချင်ရှင်း ရောက်လာတာပဲ .... ဟော .... တစ်ခါ ငါနဲ့ နောင်ကြီးယက်ချင်ရှင်းရဲ့ အသက်ကို ကယ်လိုက်ပြန်တာက မင်းတို့ ဖြစ်နေပြန်ရော .... မင်းတို့သာ ဥာဏ်



မကူရင် ငါတို့နှစ်ယောက် သေနေလောက်ပါပြီ၊ အဲဒီလူရဲ့ အစွမ်းကို မင်းတို့လည်း တွေ့သားပဲ၊ သူ့နောက်ကို မိုက်မိုက်ကန်းကန်း လိုက်ရင် တို့အသက်ကို မနေ့မြောရာကျမှာပေါ့ .... ငါက သေရမှာကြောက်လို့ ပြောတာ မဟုတ်ပါဘူး၊ တို့အသက် အားလုံးကို အကျိုးရှိရှိနဲ့ပဲ စွန့်လွှတ်ချင်ပါတယ်ကွာ .... "

ကျုံဖေက အကျိုးအကြောင်းနှင့် ရှင်းပြသဖြင့် ကျောက်ချွန်းလင်နှင့် လုစုတို့မှာ ဘာမျှ စောဒကမတက်နိုင်ဘဲ ဖြစ်သွားတော့သည်။

ကျုံဖေသည် ဒဏ်ရာရသူများထံသို့ လျှောက်သွား၏။

ထို့နောက် ယန်ကျင်ကန်၊ ယန်လီကျုံနှင့် စင်ဝေါင်းတို့ သေသေ စစ်ဆေးသည်။ အဆိပ်အပ်များကို နုတ်ပေးပြီး ဒဏ်ကြေးဆေးများ တိုက်ကျွေးရာ အားလုံးပင် ထထိုင်လာနိုင်ကြ၏။

ယီထင်းဟောင်မှာမူ ပြန်ထလာနိုင်ခြင်း မရှိချေ။

ကျုံဖေ စစ်ဆေးကြည့်လိုက်၏။

ယီထင်းဟောင်မှာ အအေးလက်ဝါး ထိထားခြင်း ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ သူ့မျက်နှာတစ်ခုလုံး ဖြူရော်သေသည်။

ယက်ချင်ရှင်းမှာ ယီထင်းဟောင် အခြေအနေကို ရိပ်မိသဖြင့် ကျုံဖေ၏ အနားကပ်၍ တီးတိုးပြောလိုက်သည်။

"နောင်ကြီးကျုံဖေ .... သူ့အခြေအနေ အတော်ဆိုးနေပြီ"

ကျုံဖေက ယက်ချင်ရှင်းကို ပြန်မေးသည်။

"ခင်ဗျား မကုနိုင်ဘူးလားဟင် .... "

www.burmeseclassic.com

www.burmeseclassic.com



ယက်ချင်ရှင်းက စိတ်ပျက်လက်ပျက် ခေါင်းခါပြသည်။

"ဟူရှန်ဖုံရဲ့ အဆေးလက်ဝါးက ကုသဖို့ မလွယ်ဘူးဗျ ... ဒီလူ အသက်က ဆယ့်နှစ်နာရီလောက်ပဲ ခံမယ်ထင်တယ်"

ကျုံဖေ သက်ပြင်းချလိုက်၏။ ရဲဘော်ရဲဘက်တစ်ယောက်တော့ ဘဝနိဂုံးချုပ်ရပေတော့မည်။ နောက်တစ်ကြိမ်တော့ ကိုယ့်အလှည့်ပေပေ့။ လူငယ်များမှာ ပြင်းထန်လှသော တိုက်ပွဲကို နဖူးတွေ့ ဒူးတွေ့ ကိုယ်တိုင်ခံစားလိုက်ကြရသဖြင့် မျက်နှာငယ်ကလေးများနှင့် ဖြစ်နေကြလေ၏။



## အခန်း(၇၅)

## အသက်စွန့်တိုက်ပွဲ

ယိဖျောင်းရှမ်း ပြန်လည်သတိရလာ၏။

သူမ မည်မျှကြာသည်အထိ သတိမေ့နေမှန်း မသိပါ။

သူမ သတိရလာသောအခါ အခန်းတစ်ခန်းထဲ၌ ရောက်နေသည်ကို တွေ့လိုက်ရသည်။

ယိဖျောင်းရှမ်း ထိတ်လန့်ပြီး ထလိုက်၏။

သို့သော် မရချေ။

အဘယ်မှာလျှင် ထ၍ ရပါမည်နည်း။

သူမအား ကျောက်ခုတင်ပေါ် တင်ထားသည်။ တင်ရုံတင်ထားခြင်းမဟုတ်။

လက်နှစ်ဖက်အား သံကွင်းနှင့် ခတ်ထား၏။

ထို့အတူ ခြေနှစ်ဖက်ကိုလည်း သံကွင်းနှင့် ခတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်း လွန်စွာ အားငယ်သွားသည်။

သူမ မည်သို့မျှ လွတ်အောင်ရုန်းထွက်နိုင်တော့မည် မဟုတ်ဟု နားလည်သဘောပေါက်ပြီး စိတ်အားငယ်သွားခြင်း ဖြစ်သည်။

ထို့ကြောင့် သူမသည် အသာငြိမ်ကာ လဲလျောင်းနေလိုက်ရသည်။

ထိုစဉ် ကျောက်နံရံတစ်ဘက်မှာ ပွင့်သွားပြီး အပေါက်တစ်ပေါက် ပေါ်လာ၏။

မကြာမီ ဝတ်စုံဖြူ နှစ်ယောက် ဝင်လာသည်။

ထိုဝတ်စုံဖြူ နှစ်ယောက်မှာ မျက်နှာကိုလည်း ပဝါဖြူနှင့် စည်းနှောင်ထားသဖြင့် သူတို့၏ မျက်နှာများကို မမြင်ရပါ။

ထိုနှစ်ယောက်၏ လှုပ်ရှားမှုမှာ ဇီယွင်ဖု တံငါရွာတွင် တွေ့ဖူးထားသော မိစ္ဆာကောင်များကဲ့သို့ ဖြစ်နေသဖြင့် ထိုနှစ်ယောက်ကို တော့ ယိဖျောင်းရှမ်း သိပ်မကြောက်မိချေ။

ထိုလူနှစ်ယောက်သည် ယိဖျောင်းရှမ်းအနီးသို့ လျှပ်တစ်ပြက် ရောက်ရှိလာပြီး ယိဖျောင်းရှမ်း၏ သံကွင်းများကို ဖြုတ်ပေးကြသည်။

ယိဖျောင်းရှမ်းမှာ အချုပ်အနှောင်မှ လွတ်သည်နှင့် ထိုဝတ်စုံဖြူနှစ်ယောက်အား တိုက်ခိုက်ရန်စိတ်ကူးလိုက်၏။

သို့သော် မရချေ။

သူမ၏ တစ်ကိုယ်လုံးမှာ ပျော့ခွေနေ၏။ အမှန်စင်စစ် ဟူရှန်ဖုံ၏ သွေးကြောပိတ်ပညာမှာ ပြင်းထန်လှသဖြင့် အကြောများ ပြန်ပွင့်နေသည့်တိုင် အတွင်းအားများကို ရုတ်တရက် မစုစည်းနိုင်ခြင်းသာ ဖြစ်ပါသည်။



သူမသည် အသိပ်မိနေခြင်း မဟုတ်ပါ။

ဝတ်စုံဖြူနှစ်ယောက်က ဘယ်ညာညှပ်ပြီး ယိဖျောင်းရှမ်းကို ဆွဲထုတ်လာခဲ့ကြသည်။

"ရှင်တို့ ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ ...."

ဝတ်စုံဖြူနှစ်ယောက်က ပြန်ဖြေရှင်း မရှိပါချေ။

ယိဖျောင်းရှမ်းက ပြုံးလိုက်၏။

စိတ်ထဲ၌လည်း ထိုလူနှစ် ယောက်နှင့်ပတ်သက်၍ တွေးတောမှတ်ချက်ချလိုက်သည်။

"အင်း .... ဒီလူတွေဟာ မိစ္ဆာကောင်လို ဖြစ်နေတဲ့လူတွေပဲ၊ ဘာမှ မေးလို့လည်း ရမှာမဟုတ်ပါဘူး ...."

ယိဖျောင်းရှမ်း ဆက်မမေးတော့။ မေး၍လည်း မိမိသာ ပါးစပ်ညောင်းပေလိမ့်မည်။

ထို့ကြောင့် ဝတ်စုံဖြူနှစ်ယောက် ခေါ်ရာသို့သာ ကြည်ကြည်သာသာ လိုက်သွားလေတော့သည်။

နောက်ဆုံး အခန်းကျယ်တစ်ခုဆီသို့ ရောက်လာသည်။

ထိုအခန်းကျယ်၏ အလယ်၌ လူတစ်ယောက် ထိုင်နေ၏။

ထိုလူမှာ ဟူရှန်ဖုံပင် ဖြစ်သည်။ ဟူရှန်ဖုံ၏ အေးစက်မာကျောသော မျက်နှာကိုကြည့်ပြီး ယိဖျောင်းရှမ်း ထိတ်လန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချက်ချင်းပင် စိတ်ကို ပြန်တင်းလိုက်၏။

ဟူရှန်ဖုံအား ကြောက်ရွံ့မှုကိုပြ၍ အကျိုးမရှိနိုင်ကြောင်း သူ စဉ်းစားမိခြင်းကြောင့် ဖြစ်ပါသည်။

လူဆိုသည်မှာ သေကြမည်သာ ဖြစ်၏။ ကြောက်သောသူသည် အကြိမ်ကြိမ် သေရ၏ ဆိုသောစကားကို သူ့နားထဲတွင် ကြားယောင်လာ၏။

ထို့ကြောင့် သူမက ဟူရှန်ဖုံအားကြည့်ကာ ရဲဝံ့ပြတ်သားစွာပင် မေးလိုက်တော့သည်။

"ကဲ .... ရှင် ဘာလုပ်ချင်သလဲ"

ဟူရှန်ဖုံက မျက်မှောင်ကုတ်သွား၏။ ရန်သူ့လက်ထဲ ကျရောက်နေသည့်တိုင် မတုန်မလှုပ် မကြောက်မရွံ့ဘဲ ဖုံ့ဖုံ့စားစား ပြန်ပြောနေသည့် မိန်းကလေးကို သူ့စိတ်ထဲက ကြိတ်၍ ချီးကျူးမိသည်။

ယိဖျောင်းရှမ်းအား ကြည့်ကာ အေးစက်စက် မေးလိုက်၏။

"မင်း .... ငါ့ကို မကြောက်ဘူးလား"

ယိဖျောင်းရှမ်းက ရယ်မောပြီး ....

"ကျွန်မက ဘာဖြစ်လို့ ရှင့်ကို ကြောက်ရမှာလဲ ...."

သေမထူး နေမထူး စိတ်ဓာတ် ကိန်းအောင်းနေပြီဖြစ်၍ ဟူရှန်ဖုံတဲ့သို့သော ရက်စက်လှသော သိုင်းရာဇာတစ်ဦးကို ဤသို့ ပမာမခန့် ပြန်ပြောနိုင်ခြင်း ဖြစ်သည်။

ဟူရှန်ဖုံက သဘောကျသွားပြီး ....



"ငါ .... မင်းကို မေးစရာရှိတယ်၊ မင်း မှန်မှန်ဖြေပါ"

"ရှင်က ဘာသိချင်လို့လဲ ...."

"မင်းတို့ ဘယ်နှစ်ယောက် လာတာလဲ ...."

ယိဖျောင်းရှမ်းက မတုန်မလှုပ်ပင် .... ။

"ကျွန်မတို့လူအကုန် ရှင် မြင်တယ်မဟုတ်လား .... ဘာဖြစ်လို့ ထပ်မေးနေရတာလဲ ...."

ဟူရှန်ဖုံ အနည်းငယ် ပြုံးလိုက်၏။

"လူထူးလူဆန်း သုံးယောက်ကော မပါဘူးလား ...."

ယိဖျောင်းရှမ်း မျက်မှောင်ကလေး တွန့်သွား၏။ သူမ စဉ်းစားသည်။

ဟူရှန်ဖုံသည် လူထူးလူဆန်းသုံးယောက်ကို ကြောက်နေဟန် ရှိသည်။

သူ ကြောက်ခြင်းကို အခွင့်ကောင်းယူပြီး ပါလာသည်ဟု ပြောပါက ဟူရှန်ဖုံ ယုံလိမ့်မည်မဟုတ်ချေ။ သူ စောင့်ကြည့်နေချိန်အတွင်း၌လည်း လူထူးလူဆန်းသုံးဦးကို မမြင်ဘဲ ရှိနေခဲ့မည်သာ။

ထို့ကြောင့် ဟူရှန်ဖုံ ယုံကြည်ရန် ယုတ္တိရှိရှိ လိမ်လည်ရန် အရေးကြီးပေသည်။

"မပါ,ပါဘူးရှင် .... ကျွန်မတို့ တစ်သိုက်တည်း လာတာပါ"

ယိဖျောင်းရှမ်းက မင်သေသေနှင့် ပြော၏။

"ဟား ဟား ဟား .... မင်း မှန်မှန်မပြောရင်တော့ သေလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မှန်မှန်ပြောစမ်း .... လူထူးလူဆန်းသုံးဦး ပါလာတယ်မဟုတ်လား .... ”

“မပါ၊ ပါဘူးလို့ ကျွန်မ ပြောပြီးပါပကော .... ပါရင် ရှင်တွေ့မှာပေါ့ .... မပါလို့ ရှင် မတွေ့တာပေါ့ .... ”

“ဟင်း ဟင်း ဟင်း .... ဒီကောင် သုံးကောင် မပါဘဲနဲ့များ မင်းတို့ လာရဲလိမ့်မလား၊ ဒီကောင်တွေ ဘယ်မှာပုန်းနေသလဲ .... ”

“သူတို့က ရှင့် အသည်းနှလုံးထဲမှာ ပုန်းနေကြတယ်”

“သယ် .... ဒီလို သေစရာ အရေးအခင်းထဲမှာတောင် နင်က ငါ့ကို နောက်ပြောင်ရဲသလား .... ”

“နောက်ပြောင်တာ မဟုတ်ဘူးရှင့် .... တကယ်ပြောနေတာ လူထူးလူဆန်း သုံးယောက်ကို ရှင် ကြောက်နေတာကို တင်စားပြီး ပြောလိုက်တာရှင့် .... ”

ယိဖျောင်းရှမ်းက မဲ့တဲ့တဲ့အမူအရာဖြင့် လှမ်းပြောလိုက်၏။ စကားက ဟူရှန်ဖုံအရိုက်ကို ဒက်ထိ ထိမှန်သွားသည်။ ဟူရှန်ဖုံ လွှန်း ဒေါသထွက်သွားသည်။

“ငါ ဘယ်သူ့မှ မကြောက်ဘူးကွ .... မင်းတို့ကို လာကူတဲ့ ဟူတန်းက စားသမားကကော ဘယ်သူလဲ”

ယိဖျောင်းရှမ်းမှာ သတိမေ့နေခဲ့သဖြင့် .... ဟူတန်းစားသမား ယက်ချင်းရှင်း ရောက်လာခြင်းကို မသိရှိပေ။

“မသိဘူး .... သူက ကျွန်မတို့နဲ့ အတူပါလာတာမှ မဟုတ်ဘဲ”



ယိဖျောင်းရှမ်းက ပြောနေရင်းမှ စကားတစ်ခွန်းကို ပြန်လည် အမှတ်ရလာလေသည်။

သူမက ဤသို့ ပြောလေလေ ဟူရှန်ဖုံသည် သူမစကားကို ယုံလေလေ ဖြစ်လာတော့၏။

ယိဖျောင်းရှမ်းသည် မြို့စားကြီး၏ မြေတိုက်ခန်းအတွင်း၌ သူ ယောက်နှင့် ဟူရှန်ဖုံတို့ သုံးဦး အကျဉ်းအကျပ်ကျစဉ်က အဖြစ်ကို သတိရလာသည်။

“ဟူရှန်ဖုံ .... ရှင်ဟာ လူဆိုးတော့ လူဆိုးပဲ .... ဒါပေမယ့် ကတိတည်တဲ့လူဆိုတာ ဟုတ်ရဲ့လား .... ”

ယိဖျောင်းရှမ်းက ဟူရှန်ဖုံအား မေးလိုက်၏။

သူ့စကားအဓိပ္ပာယ်ကို ရုတ်တရက် နားမလည်နိုင်သဖြင့် ဟူ ကြောင်သွားသည်။

“မင်းက ဘာတွေပြောနေတာလဲ .... ”

“သြော် .... ရှင်ဟာ ကတိတည်တဲ့လူ ဟုတ်မဟုတ် သိချင်လို့ .... ”

“ငါ ဘယ်တော့မှ ကတိမဖျက်ဘူး .... ငါ့ကတိဟာ ငါသေတဲ့ တည်တဲ့ ကတိကွ .... ”

ယိဖျောင်းရှမ်းက ဟူရှန်ဖုံအား စူးစိုက်အကဲခတ်လျက်

“အင်း .... ဒါဆိုရင် ရှင့်စကားကို ရှင် ပြန်သတိရမှာပေါ့”

ဟူရှန်ဖုံ မျက်မှောင်ကုတ်ကာ ပြန်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကတိစကားလဲ .... "

"ရှင် မြို့စားဂေဟာမှာ တွေ့တုန်းက ပြောခဲ့တဲ့စကားလေ"

"ငါ မမှတ်မိတော့ဘူး .... "

ဟူရှန်ဖုံ အမှန်ပြောခြင်း ဖြစ်၏။

သူ မမှတ်မိတော့ပေ။

ယိဖျောင်းရှမ်း ရင်ထဲတွင် လှုပ်ခနဲ ဖြစ်သွား၏။ သို့သော် ခေါ့ ပြုံးလေးပြုံးကာ မခံချင်အောင် နှိုးဆွလိုက်ပြန်သည်။

"ရှင်က ကိုယ့်စကား ကိုယ်မမှတ်မိတော့ဘူးဆိုရင် ကတိတည် တဲ့လူ ဖြစ်နိုင်ပါ့မလား .... "

"မင်း ဘာပြောချင်သလဲ .... ပွင့်ပွင့်လင်းလင်း ပြော၊ ငါ ကတိ ကို အသက်နဲ့လဲပြီး ထိန်းမယ်"

ဟူရှန်ဖုံ စိတ်တိုတိုနှင့် အော်ငေါက်ပြောလိုက်သည်။ ယိဖျောင်း ရှမ်းသည် ထိုစကားကို ကြားမှ ရင်ထဲက အလုံးကြီးကျသွားသည်။

"ရှင်နဲ့ ကျွန်မ မြို့စားဂေဟာ မြေအောက်ခန်းထဲမှာ ပိတ်မိပြီး ပြန်ထွက်လာတော့ ကျွန်မက ရှင့်ကို ကူညီခဲ့တယ် .... အဲဒီကျေးဇူး အတွက် သုံးနှစ်အတွင်း ကျွန်မကို မသတ်ဘူးလို့ ရှင် ပြောခဲ့တယ် ကဲ .... အခု ပြန်သတိရပြီလား"

ယိဖျောင်းရှမ်းက အသေအချာ ရှင်းပြမှပင် ဟူရှန်ဖုံ ပြန်လည် အမှတ်ရလာတော့သည်။

ထိုစကားကြောင့် သူ့အနေနှင့် ကတိတည်မည်ဆိုလျှင် ယိ



ဖျောင်းရှမ်းအား သတ်၍မဖြစ်တော့ချေ။

သူက ကတိကို မဖျက်ချင်ပါ။ သို့သော် ယိဖျောင်းရှမ်းကိုလည်း လွတ်ငြိမ်းခွင့်မပေးလိုပါ။

နောက်ဆုံး မတတ်သာတော့ဘဲ သက်ပြင်းချရင်း ပြောလိုက် သည်။

"အင်း .... မင်းကို ငါက ပြန်လွှတ်ပေးရမှာပေါ့၊ ငါ ကတိပေး ခဲ့ပြီကိုး"

ယိဖျောင်းရှမ်းက ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကျွန်မ ယုံပါတယ်၊ ရှင်ဟာ ဂိုဏ်းချုပ်ကြီးတစ်ယောက်ပဲ .... ကတိစကားကို ရှင် ဘယ်လွယ်လွယ်နဲ့ ဖျက်ပါ့မလဲ .... "

ဟူရှန်ဖုံ ပြုံးလိုက်၏။ ရင်ထဲတွင်မူ ဒေါသများ လှိုက်ထွက်နေ သည်။

သို့သော် သူကတိစကားကိုတော့ သူ လိုက်နာရပေလိမ့်မည်။

"ကဲ .... မင်း သွားနိုင်ပြီ .... "

ယိဖျောင်းရှမ်းက လှည့်ထွက်လိုက်၏။

ခြေလှမ်းနှစ်လှမ်းမျှသာ လှမ်းရသေးသည်။ ဟူရှန်ဖုံက ဟန့် တားလိုက်ပြန်သည်။

"နေဦး .... "

ယိဖျောင်းရှမ်းမှာ ရင်ထဲထိတ်သွား၏။ သူမကို ပြန်ဖမ်းတော့ မည်လော။

www.burmeseclassic.com

www.burmeseclassic.com



သူမအား မသတ်သည့်တိုင် ဒဏ်ရာရအောင် နှိပ်စက်ဦးမည်လားဟု တွေးပြီး လန့်သွား၏။

သို့သော် ဣန္ဒြေရရ နောက်သို့ လှည့်ကာ ခပ်မာမာလေး မေးလိုက်၏။

"ရှင်က ဘာလုပ်ချင်သေးလို့လဲ .... ကျွန်မကို ပြန်ဖမ်းချင်သေးလို့လား .... "

ဟုရှန်ဖုံက ခေါင်းခါလိုက်ပြီး ....

"စိတ်ချပါ .... မင်းကိုငါ ဘာမှ အန္တရာယ်မပေးပါဘူး .... ဒါပေမယ့် မင်းမျက်လုံးကို ပိတ်ပြီး အပြင်ခဏ ခေါ်ရမှာမို့ ရပ်နိုင်းတာ ပြီးတော့ အပြင်ရောက်ရင် ကျူဖေကိုလည်း မှာစရာရှိသေးတယ်"

"ဘာမှာမလို့လဲ .... ကျွန်မ ဘာပြောပေးရမလဲ .... "

"ဝါဗိရှာကို ငါ့လက်အပ်ပါလို့ မအပ်ဘူးဆိုရင် သူတို့ကို ငါ လာသတ်မယ်လို့ ပြောလိုက်ပါ .... "

ယိဖျောင်းရှမ်းက ဝါဗိရှာအား သူမတို့ မတွေ့သေးဟု ပြောမည် ဟန်ပြင်လိုက်သည်။

သို့သော် အသိစိတ်က သူ့ခေါင်းထဲ ဖျတ်ခနဲ ဝင်ရောက်လာသဖြင့် မပြောဖြစ်လိုက်တော့ချေ။ မပြောဘဲ ထားသည်က ဝါဗိရှာအတွက် အန္တရာယ်ကင်းသည် မဟုတ်ပါလား။

"ကဲ .... ရှင်တို့ မျက်လုံးကိုပိတ်မယ်ဆိုရင် ပိတ်ပါတော့"

ဝတ်စုံဖြူနှစ်ယောက်က ယိဖျောင်းရှမ်း၏ မျက်နှာကို အဝတ်



ဖြင့် စည်းနှောင်လိုက်သည်။ ထိုတဒင်္ဂအတွင်း၌ သူမ တစ်ခုသိလိုက်ရသည်။

သူမ ရောက်သည့်ဂူသည် အေးစိမ့်ဂူ ဖြစ်ခြင်းကိုပင်တည်း။

ထို့ကြောင့် သူမက ခိုးကြည့်ရန် စဉ်းစားလိုက်၏။

အခန်းကျယ်ထဲမှ ထွက်လိုက်သည်နှင့် နံဘေးမှ ဝတ်စုံဖြူနှစ်ယောက်အား တိုက်ခိုက်လိုက်လေသည်။

သို့သော် ဝတ်စုံဖြူနှစ်ယောက်က သူမ၏ တိုက်ခိုက်မှုကို ကြိုတင်သိနေသည့်အလား လက်နှစ်ဖက်ကို ဖမ်းချုပ်ထားလိုက်ကြသည်။

ယိဖျောင်းရှမ်းကလည်း အမှန်တကယ် တိုက်ခိုက်ခြင်း မဟုတ်ပါ။

မျက်လုံး၌ စည်းနှောင်ထားသော အဝတ်ကို ချောက်သွားအောင်သာ ပြုလုပ်ခြင်းဖြစ်ပါသည်။

သူမ၏အကြံ အောင်မြင်သည်ဟု ဆိုရပါမည်။

ခေါင်းကို ငုံ့ကြည့်လိုက်လျှင် အောက်ဘက်သို့ ထင်ရှားစွာ တွေ့နေရသည်။

ဤသို့ဖြင့် ....

သူမသည် လမ်းများကို အသေအချာ မှတ်ထားလိုက်၏။

သူမသည် ဝင်္ကပါကဲ့သို့ အချိုးအဆစ်များစွာကို ချိုးကွေ့ ကျော်ဖြတ်လာရသည်။ နောက်ဆုံး ရှေ့ဘက်၌ လမ်းဆက်လျှောက်ရန် နေရာမရှိတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း .... ဖြောင်း .... "

ထိုစဉ် လက်ခုပ်သံနှစ်ချက် ပေါ်လာ၏။ ဝတ်စုံဖြူနှစ်ယော

က ဖီးလိုက်ခြင်းသာ ဖြစ်ပါသည်။

လက်ခုပ်သံနှစ်ချက်အဆုံးတွင် အပေါ်မှ ကြိုးတစ်ချောင်း

လာသည်။

ဝတ်စုံဖြူနှစ်ဦးက ယိဖျောင်းရှမ်း၏ခါးကို ကြိုးနှင့်ချည်ပေး

၏။

မကြာမီ ယိဖျောင်းရှမ်း၏ ခန္ဓာကိုယ်မှာ အပေါ်သို့ မြော

တက်သွားသည်။

သူ့ကို အပေါ်မှ ဆွဲတင်ကြခြင်းသာတည်း။ မကြာမီ ကျော

မြေပြင်ကို ခြေနင်းမိ၏။ ထို့နောက် လူနှစ်ယောက်က သူမအား အပြ

ကြိမ် လှည့်မွှေတော့၏။

ထို့နောက် သူမအား တွန်းထုတ်လိုက်ရာ ယိဖျောင်းရှမ်းမှာ

ဒလိမ့်ခေါက်ကွေး လွင့်စဉ်သွားရတော့သည်။

ယိဖျောင်းရှမ်းသည် ဒေါသဖြစ်ဖြစ်နှင့် မျက်နှာစည်းထားသော

ပဝါကို ဆွဲဖြုတ်လိုက်၏။

"ဟင် .... "

ယိဖျောင်းရှမ်း အံ့ဩသွားသည်။

သူမရှေ့၌ ဟူရှန်ဖုံ၏ ဂိုဏ်းသားများကို တွေ့ရလိမ့်မည်ဟု

ထားခဲ့သည်။



ယခု တစ်ယောက်မျှ မတွေ့ရချေ။

သူမသည် တောင်ကုန်းတစ်ခုပေါ်၌ ရောက်နေကြောင်းသာ သိရတော့သည်။

တောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ လူသူ အရိပ်အယောင်ဆို၍ တစ်ခုမျှ မတွေ့ရချေ။ ယိဖျောင်းရှမ်းသည် နေရာအနှံ့အပြား လှည့်ပတ်ရှာဖွေသည်။ သူမ ထွက်လာသည့် ဂူပေါက်ကို လုံးဝ မတွေ့ရတော့ချေ။

အေးစိမ့်ဂူသည် အစပျောက်သွားခဲ့ရပြန်လေပြီ။

အတန်ကြာ ရှာဖွေသော်လည်း ထူးခြားလာခြင်း မရှိပါချေ။

နောက်ဆုံး သူမ လက်လျှော့ကာ တောင်ပေါ်မှ ဆင်းလာခဲ့ရတော့၏။

တောထဲ၌ ပြေးလွှားလာရင်းမှ မြစ်ကမ်းခြေ တစ်ခုအနီးသို့ ရောက်လာသည်။

သည်တော့မှသူ့စိတ်ထဲ ပြန်လည်အမှတ်ရလာသည်။

ထိုမြစ်ကမ်း၏ အနီး၌ တောင်တစ်လုံးရှိပြီး သူတို့လူစု ထိုတောင်ပေါ်၌ ဟူရှန်ဖုံနှင့် တိုက်ခိုက်ခဲ့ခြင်းကို မြင်ယောင်လာ၏။

သူမ ထိုတောင်အား လှည့်ပတ်ရှာဖွေသည်။

နောက်ဆုံး နေဝင်ချိန်ရောက်မှ ထိုတောင်ကို ရှာဖွေတွေ့ရှိသည်။

နေရောင်ပျောက်သွားပြီဖြစ်၍ ခရီးဆက်ရန် မဖြစ်နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရပ်ကိုယ့်ဒေသ မဟုတ်၍ မှောင်ထဲ၌ မှန်းဆသွား၍လည်း *မဖြစ်နိုင်ပါ။*

ယိဖျောင်းရှမ်းသည် ထိုဖြစ်ကမ်းနံဘေး၌ အမောဖြေပြီး တစ်ညတာ-အိပ်စက်ရန် ပြင်ဆင်ရတော့၏။

ထိုစဉ် တောင်ပေါ်မှ မီးရောင်လက်ခနဲ လက်ခနဲ လင်းလာသည်ကို တွေ့လိုက်ရတော့သည်။

ယိဖျောင်းရှမ်းသည် လဲလျောင်းနေရာမှ လူးလဲ ထရပ်လိုက်၏။

"ဟန်ကျပြီ .... ဒီအလင်းရောင် ရှိနေလို့ကတော့ ငါ လမ်းမမှားနိုင်တော့ဘူး၊ ဒီညပဲ အဲဒီကို အရောက်သွားမယ် .... "

သူမသည် ကိုယ်ဖော့ပညာကို အသုံးပြုကာ ပြေးလွှားလာခဲ့သဖြင့် မကြာမီ တောင်ပေါ်သို့ ရောက်ရှိလာလေသည်။

ထိုအခါ မီးရောင်မှာ ဝါယိချုန်အား အကျဉ်းချုနှိပ်စက်သည့် အုတ်ဂူအဆောက်အဦထဲမှ ထွက်နေခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။

သူမ မစဉ်းစားတော့ချေ။ ဂူထဲသို့ လှမ်းဝင်လိုက်လေတော့သည်။

အုတ်ဂူထဲရှိနေသူများကား ကျုံဖေတို့ လူစုတည်း။ သူတို့သည် ကျောက်စားပွဲမှ လျှို့ဝှက်ခလုတ်ကို ဖွင့်ကာ ဂူထဲ ဝင်ခိုနေကြခြင်း ဖြစ်သည်။

ယိဖျောင်းရှမ်း ရောက်လာချိန်မှာ ယိထင်းဟောင် အခြေအနေ



ဆိုးရွားနေချိန်ဖြစ်၏။ ယိထင်းဟောင် သေလုဆဲဆဲ၌ ယိဖျောင်းရှမ်း ရောက်လာခြင်း ဖြစ်ပေသည်။

ယိဖျောင်းရှမ်းသည် သူမ၏ဖခင် ယိထင်းဟောင်ကို မမြင်ပါ။ ထို့ကြောင့် ကျုံဖေအား လှမ်းမေးလိုက်၏။

"ဘဘ .... ဖေဖေကော၊ ဖေဖေ ဘယ်မှာလဲဟင် .... "

ကျုံဖေတို့သည် လွန်စွာ အံ့သြသွားကြ၏။ ရန်သူများလားဟု စောင့်ကြည့်နေချိန် ယိဖျောင်းရှမ်း ပြန်ရောက်လာသဖြင့် .... အကြီးအကျယ် အံ့သြသွားကြ၏။ ထိုစဉ် ယိထင်းဟောင်ထံမှ အသံထွက်လာ၏။

"သ .... သ .... သမီး"

ယိဖျောင်းရှမ်းသည် ထိုအခါကျမှ ဖခင်ဖြစ်သူအား တွေ့မြင်သွားတော့သည်။

ဖခင်ဖြစ်သူမှာ ဒဏ်ရာအလွန်ပြင်းထန်နေကြောင်း ချက်ချင်းဝင် ရိပ်စားမိလိုက်သည်။

"ဖေဖေ .... ဖေဖေ .... ဘယ်လိုဖြစ်တာလဲဟင်၊ သမီး ပြန်လွတ်လာပါပြီ ဖေဖေ .... "

ယိထင်းဟောင်က မော်ကြည့်လိုက်၏။

"ငါ မနေရတော့ဘူး၊ သေတာဟာ အဆန်းမဟုတ်ပါဘူး .... လူဆိုတာ တစ်နေ့ သေရမှာပဲမဟုတ်လား .... "

ယန်ကျင်ကန်နှင့် ယန်လီကျူတို့က မျက်ရည်များ စီးကျနေ

www.burmeseclassic.com

www.burmeseclassic.com



ရင်းမှ အော်ဟစ်လိုက်ကြ၏။

"ဦးလေး မသေရဘူး ...."

ယိထင်းဟောင် စိတ်လျှော့သည့်အလား သက်ပြင်းချကာ ခေါင်းခါယမ်းလိုက်၏။

"ငါသေတာ အကြောင်းမဟုတ်ပါဘူး .... ငါ့အတွက်ရယ်၊ ရှ ကောင်းတွေအတွက်ရယ် ဟူရှန်ဖုံကို မင်းတို့ ပြန်ပြီး သုတ်သင်ရှင်းလင်း ရမယ် .... သမီးက ဦးလေး ယန်ချင်ထန်နဲ့ အတူနေပြီး သူ့စကားန နားထောင်ပါ .... ပြီးတော့ ကျုံဖေ .... နောင်ကြီး ကျုံဖေ"

ကျုံဖေက အနားသို့ တိုးလာပြီး

"ကျုပ် ရှိပါတယ် .... ဘာပြောချင်လို့လဲ"

ယိထင်းဟောင်မှာ အတော်ပင် မောပန်းနေပြီဖြစ်၍

စကားကို မနည်းအားယူကာ ပြောနေရ၏။

"ကျုပ်သမီးကို ခင်ဗျား .... ခင်ဗျားဆီမှာ အပ်"

သူသည် စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ ခေါင်းငိုက် စိုက်ကျသွားလေတော့သည်။

ကျုံဖေက သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

ယိဖျောင်းရှမ်း၊ ယန်ကျင်ကန်၊ ယန်လီကျူတို့၏ ငိုသံများ ထွက်ပေါ်လာတော့သည်။ ကျုံဖေက ယိဖျောင်းရှမ်းအား ဖေးမ၍ ဂူပြင်သို့ ခေါ်ထုတ်သွား၏။

ထို့နောက် ....



စင်ဝေါင်းကို လက်ဟန်ခြေဟန်နှင့် ပြလိုက်လေသည်။

စင်ဝေါင်းသည် ကျုံဖေ၏ ဆိုလိုရင်းကို နားလည်သဖြင့် ချက်ချင်း ဂူအပြင်ထွက်ကာ ကျင်းတူးလေတော့သည်။

ထို့နောက် ယိထင်းဟောင်အား မြှုပ်နှံလိုက်ကြလေ၏။

ယိဖျောင်းရှမ်းမှာ သူမ ဖခင်၏ မြေပုံကို ဖက်၍ ငိုကြွေးရင်း နောက်ဆုံး မေ့မြောသွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇၆)

## သေကံမရောက် သက်မပျောက်

ယိဖျောင်းရှမ်း ပြန်သတိရလာ၏။

သတိရလာ,လာခြင်းပင် ဖခင်အကြောင်းကို တွေးမိပြန်သည်။

သူမအဖို့ ဝို၍ ဝမ်းနည်းကြေကွဲရပေမည်။ အဖေတစ်ခု၊ သမီး တစ်ခု မဟုတ်ပါလော။

သည်အဖေကို မိစ္ဆာကျွန်းမှ ကယ်ထုတ်ခဲ့ရသည်မဟုတ်ပါ လော။

သားအဖတစ်တွေ ချမ်းမြေ့စွာ မနေရသေးမီ ဖခင်က သေလွန် မြန်းသွားခဲ့ပြီ မဟုတ်ပါလော။ သူမ၏မျက်လုံးအစုံမှာ ငိုကြွေးလျက် သဖြင့် နီရဲနေ၏။

ယက်ချင်ရှင်းက သူမအနီးသို့ ကပ်လာပြီး နှစ်သိမ့်စကား ပြော လေ၏။



"သမီး ငိုနေလို့လည်း သေတဲ့လူဟာ ပြန်ရှင်လာမှာ မဟုတ်ပါ ဘူးကွယ် .... တိတ်လိုက်ပါတော့၊ ငါလည်း မင်းတို့ကို မေးမလို့ဆိုပြီး ခုထိ မမေးဖြစ်သေးတာ တစ်ခုရှိသေးတယ် .... "

ယိဖျောင်းရှမ်း အငိုရပ်ကာ မျက်ရည်သုတ်လိုက်၏။ ရှိုက်သံ ထွက်သော လေသံဖြင့် ပြန်မေး၏။

"ဘာများလဲ မေးပါ .... ကျွန်မ သိသလောက် အကုန်ဖြေမှာ ပါ"

"တခြား မဟုတ်ပါဘူး .... မင်းတို့ ဝါဝိရှာကို သိတယ်မဟုတ် လား .... "

ယိဖျောင်းရှမ်းမှာ ဝါဝိရှာဆိုသော နာမည်ကြောင့် စိတ်ဝင်စား သွား၏။

မျက်ရည်များကို လျင်မြန်စွာ သုတ်လိုက်၏။

"သိပါတယ် .... သူ ဘယ်မှာလဲဟင်"

"ငါ သူ့ကို ကယ်တင်ထားပါတယ် .... "

ကျုံဖေနှင့်တကွ အားလုံးပင် ဝမ်းသာသွားကြသည်။ ဝါယီချန် ၏အသက်ကို မကယ်နိုင်လျှင် ရှိစေတော့။ ဝါဝိရှာ၏ အသက်ကိုကား ရအောင် ကယ်မည်ဟု ကျုံဖေတို့ သန္နိဋ္ဌာန် ချထားခဲ့ကြသည် မဟုတ်ပါလား။

"အံ့ဩစရာပဲဗျာ .... သူ့ကို ခင်ဗျား ဘယ်လိုကယ်နိုင်ခဲ့တာလဲ"

ကျုံဖေက ဝမ်းသာအားရ မေးလိုက်လေ၏။

www.burmeseclassic.com

ယက်ချင်ရှင်းက ....

"ရှင်းပြမယ် .... ရှင်းပြရမယ့် ကိစ္စပဲဗျာ .... နားထောင်ကြပေတော့ .... "

ယက်ချင်ရှင်းက ဝါ၀ိရှာအား မည်သို့ ကယ်တင်လာခဲ့ပုံကို ပြန်လည်ပြောပြလိုက်ကြလေတော့၏။

www.burmeseclassic.com



ကျောက်ချွန်းလင်နှင့် လုစုတို့သည် ယိဖျောင်းရှမ်း၊ ကျုံဖေတို့နှင့် ခွဲပြီး ဟူတာန်းတောင်သို့ ပြန်ခဲ့ကြလေ၏။

သည်တစ်ကြိမ်၌မူ သူတို့၏ဆရာ ယက်ချင်ရှင်းအား အဆင်သင့် တွေ့ကြရသည်။

ကျောက်ချွန်းလင်သည် သူ့ဆရာကို တွေ့သောအခါ ဝမ်းသာသွားပြီး ဟူရှန်ဖုံအကြောင်း ပြောပြလေတော့၏။

ယက်ချင်ရှင်းမှာ ကျောက်ချွန်းလင်၏စကားကို ကြားလိုက်ရသည်နှင့် စိတ်ထဲ၌ မသက်မသာ ဖြစ်သွားမိတော့သည်။ ဟူရှန်ဖုံ မသေသေးဟူသောသတင်းက သူ့ကို အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်နေသည်။

သိုင်းလောက၏ မိစ္ဆာ အန္တရာယ်ကောင်ကြီးကို အချိန်မဆိုင်းဘဲ ဖြိုဖျက်နှိမ်နင်းနိုင်မှသာ သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာမည်ကို သိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် ချက်ချင်းပင် ဟူတန်းတောင်ပေါ်မှ ဆင်း
သက်လာခဲ့တော့သည်။

ကျောက်ချွန်းလင်၊ လုစုနှင့် ယက်ချင်ရှင်းတို့ ခရီးထွက်လာရာ
လမ်း၌ မက်မန်းမြစ်ရေသတင်းကို တစ်လျှောက်လုံး ကြားလာခဲ့ကြရ
သည်။

ထိုသတင်းကို သူတို့ မယုံကြပေ။

ထိုသတင်း၏ နောက်ကွယ်တွင် တစ်စုံတစ်ခုသော အကြံ
အစည် ရှိရမည်ဟု တွက်ဆထားခဲ့ကြပေသည်။ ဤသတင်းနောက်ကွယ်
တွင် ဟူရှန်ဖိုးများ ရှိလေသလားဟု တွေးတောပြီး ဆက်လက်ခြေရာခံ
လာကြ၏။

ဤသို့ စုံစမ်းရင်း သွားရင်းနှင့် မြစ်ကမ်းနားဆီသို့ ရောက်ရှိလာ
ကြတော့သည်။

ထိုစဉ် မြစ်ထဲ၌ လူတစ်ယောက် မျောပါလာသည်ကို တွေ့
လိုက်သဖြင့် ကျောက်ချွန်းလင်အား ညွှန်ပြကာ ကယ်တင်ဆယ်ယူစေ
သည်။

မျောလာသူကား မိန်းကလေးတစ်ဦး ဖြစ်နေ၏။

ထို့ကြောင့် ရွှေအပ်များ စိုက်ကာ မိန်းကလေး၏ သွေးကြော
များကို နှိပ်နယ်ကုသပေး၏။

မြစ်ကမ်းနံဘေးတွင်ပင် မီးပုံတစ်ပုံဖိုပြီး .... မိန်းကလေးအား
အနွေးဓာတ် ရစေသည်။



ယက်ချင်ရှင်းသည် သိုင်းပညာသာမက ဆေးဝါးကုသရာတွင်
လည်း ထက်မြက်သူဖြစ်၍ ထိုမိန်းကလေးသည် ပြန်လည်၍ သတိရ
လာတော့သည်။

မိန်းကလေးသည် သတိရလျှင်ရခြင်း အခြေအနေမှန်ကို မသိ
သေး။

ယောင်ယမ်းအော်ဟစ်နေပေသေးသည်။

"ငါ့ကို ရေထဲ မတွန်းချနဲ့ .... "

"ငါ့အမေကို မသတ်နဲ့ .... "

"ငါ့အမေကို လွှတ် .... "

ကျောက်ချွန်းလင်သည် ဝါပိရှာကို မြင်ဖူးသူမဟုတ်ချေ။ ယက်
ချင်ရှင်းကမူ မိန်းကလေး ယောင်ယမ်းအော်ဟစ်သည်များကို လေး
နက်စွာ စဉ်းစားနေလေ၏။

အရှက်တက်ချိန်၌မူ မိန်းကလေးသည် လုံးဝ သတိရလာတော့
သည်။

ကျောက်ချွန်းလင်က ညင်ညင်သာသာသာ မေး၏။

"ညီမလေး သတိရပြီလား .... "

မိန်းကလေးမှာ ပြူးကြောင်ကြောင်ဖြစ်ကာ ကျောက်ချွန်းလင်
အား နားမလည်သလို ကြည့်နေမိ၏။

"ကျွန် .... ကျွန်မ ဘယ်ရောက်နေတာလဲ"

ကျောက်ချွန်းလင်က နှစ်သိမ့်ပြုံး ပြုံးလိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကို ငါတို့ မြစ်ထဲကနေဆယ်ပြီး ကယ်ထားတာ
ကံကောင်းပေလို့ပေါ့ .... ငါတို့နဲ့ မတွေ့လိုက်ရင်တော့ ညီမလေး တမလွန်
ဘဝကို ရောက်နေလောက်ပြီ .... "

မိန်းကလေးမှာ သည်တော့မှ အထိတ်တလန့် ဟန်ကလေး
ပေါ်လာတော့သည်။

"ဟူရှန့်ဖုံကော .... ကျွန်မ အမေကော"

ဝါပီရှာ၏ မေးခွန်းသည် ယက်ချင်ရှင်းတို့ ဆရာတပည့်များအား
ခေါင်းထောင်သွားစေခဲ့သည်။

ယက်ချင်ရှင်းက မေးလိုက်သည်။

"မိန်းကလေးရဲ့ မိခင်ကိုတော့ ကျုပ်တို့ မတွေ့ပါဘူး .... ဟူရှန့်
ဖုံ ဘယ်မှာလဲ၊ ဟူရှန့်ဖုံနဲ့ မိန်းကလေး ဘယ်လိုပတ်သက်ခဲ့တာလဲ
ဘာဘတို့ကို နည်းနည်းလောက် ရှင်းပြပါလား .... "

"ကျွန်မနာမည် ဝါပီရှာပါ .... "

ယက်ချင်ရှင်းတို့ ကယ်တင်ထားသော မိန်းကလေးမှာ ဝါပီရှာ
ဖြစ်ပေသည်။

ဝါပီရှာက သူ့ကိုယ်သူ မိတ်ဆက်ပြီးနောက် ဟူရှန့်ဖုံနှင့် ဆုံခဲ့
ပုံများကို အသေအချာ ရှင်းပြလေတော့သည်။

သူမ၏ စကားဆုံးသည်နှင့် ယက်ချင်ရှင်းက ....

"ဒါဆို ဟူရှန့်ဖုံဟာ ဒီပတ်ဝန်းကျင်မှာ ရှိနေပြီပေါ့ .... "

ဝါပီရှာသည် ယက်ချင်ရှင်းတို့ကို ယုံကြည်အားကိုးစိတ် ဝင်လာ



သည်။ အကျိုးအကြောင်း မေးသောအခါ ဟူတန်းဂိုဏ်းကမှန်း သိလိုက်
ရသဖြင့် ပို၍ ယုံကြည်စိတ်ချသွားလေသည်။

"ဟုတ်တယ် .... ဟူရှန့်ဖုံဟာ အေးစိမ့်ဂူမှာ နေပါတယ်"

"အေးစိမ့်ဂူ ဟုတ်လား .... ဒါဆို အေးစိမ့်ဂူ ဘယ်နားမှာရှိ
လဲ .... "

ဝါပီရှာမှာ တွေဝေသွား၏။ မည်သို့ ဖြေရမည်မှန်းမသိနိုင်အောင်
ဖြစ်သွား၏။

သူမသည် အေးစိမ့်ဂူကို သေချာစွာမသိပေ။

ထို့ကြောင့် သက်ပြင်းချလိုက်ပြီး ညည်းညည်းညူညူလေး
ပြောမိသည်။

"ကျွန်မ အေးစိမ့်ဂူကို မမှတ်မိပါဘူးရှင် .... "

ယက်ချင်ရှင်း အပြစ်မတင်ပါ။ နားလည်ခွင့်လွှတ်ပြီးဖြင့်သာ
ကြည့်နေလိုက်၏။ အတန်ကြာမှ ဝါပီရှာ၏ အခြေအနေကို အကဲ
ခတ်ပြီး ....

"အင်း .... မင်း နေသိပ်မကောင်းသေးဘူး။ အနည်းဆုံး ဆယ်
ရက်လောက် အနားယူရမယ် .... "

ဝါပီရှာ ထိတ်လန့်သွား၏။ ဤမျှအထိ သူမ အနားမယူနိုင်သေး
ဟု ကမန်းကတန်းပင် ပြောသည်။

"မဖြစ်သေးဘူး .... ကျွန်မအမေကို ပြန်ကယ်ရဦးမယ်"

ယက်ချင်ရှင်းက ညင်သာစွာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းအမေကို မင်းတစ်ယောက်တည်း ကယ်လို့မရပါဘူး ... ဘဘတို့က ဟူရှန်ဖုံကို သုတ်သင်ဖို့ ဟူတာန်းတောင်က ဆင်းလာတဲ့လူ တွေပါ ... မင်းရဲ့မေမေကို တို့ ကယ်ပေးပါမယ် ... မင်းကတော့ ကိုယ့်ကိုယ်ကိုယ် သက်သာအောင်နေပါ၊ ဒါမှ တို့ ကယ်တဲ့ပွဲမှာ မင်း လည်း ဝင်ပါနိုင်မှာ ... "

ထို့နောက် မီးပုံကို ငြိမ်းသတ်ကာ ဝါပိုရှာကိုခေါ်ကာ ခရီးဆက် ထွက်လာခဲ့တော့သည်။

လမ်း၌ ယာတဲတစ်တဲ တွေ့ရသဖြင့် ယက်ချင်ရှင်းက ဝါပိုရှာ အား အပ်နှံခဲ့သည်။ ဝါပိုရှာအား ပြုစုကုသပေးရန် ငွေကြေးများလည်း ပေးခဲ့သည်။ ဆရာတပည့် သုံးယောက်ကမူ ခရီးဆက်ထွက်လာခဲ့ကြ တော့သည်။



ယက်ချင်ရှင်းသည် အာခေါင်ခြောက်သွားသဖြင့် ရေတစ်ခွက် ...ာင်းသောက်သည်။

"အင်း ... ကုသိုလ်ကံဟာ တယ်ဆန်းကြယ်တာပဲ ... လူတစ် ...ာက်ဟာ သေနေ့မစေ့ရင်တော့ ဘယ်လိုမှကို မသေနိုင်ဘဲကိုး"

ကျိုးဖေက တရားသံဝေဂရဟန်ဖြင့် မှတ်ချက်ချသည်။

ထိုစဉ် ယန်ကျင်ကန်က ရုတ်တရက် ဝင်မေးလာလေ၏။

"ဒါနဲ့ ဘဘ ... ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ၊ အေး ...ကို လိုက်ရှာကြမှာလား ... "

ကျိုးဖေက ခေါင်းယမ်းလိုက်သည်။

"ငါ စိတ်ဓာတ်ကျစကား ပြောတာတော့ မဟုတ်ဘူး ... ဒါပေ ... ကိုယ့်အရည်အချင်း ကိုယ် သိပါတယ် ... အခု တို့ဟာ လူမနည်း ... ဒါပေမယ့် အားလုံးပေါင်းတိုက်တောင် ဟူရှန်ဖုံကို နိုင်မှာ

www.burmeseclassic.com



မဟုတ်တာလည်း သေချာတယ် .... ဒါကြောင့် တို့ အေးစိမ့်ဂူကို မရှာတော့ဘူး .... ”

ယန်ကျင်ကန်၊ ယန်လီကျူနှင့် စင်ဝေါင်းတို့မှာ အံ့အားကြီး သင့်သွားကြတော့၏။

သူတို့သည် နှလုံးသားအလိုအရ ဟူရှန်ဖုံကို သတ်ချင် နေကြသော်

သို့သော် ....

ဟူရှန်ဖုံကို သူတို့ မသတ်နိုင်ကြောင်းကိုမူ ဦးနှောက်ဖြင့် ချင့်ချိန် မတွေးနိုင်ကြပေ။

“တို့ .... အခု ပြန်ကြမယ်၊ လူထူးလူဆန်းသုံးယောက်နဲ့ တွေ့တော့မှ ဟူရှန်ဖုံကို ဘယ်လိုသုတ်သင်မယ်ဆိုတာ စဉ်းစားကြမယ် — အဲဒီအခါကျမှ ဟူရှန်ဖုံဆီ တစ်လှည့် ပြန်ချီတက်ကြရမယ် .... အခု လောလောဆယ်မှာတော့ ဘယ်သူမှ အသေမခံနိုင်သေးဘူး”

ကျူဖေက ဆက်လက်ပြောပြသည်။

လူအားလုံးပင် ကျူဖေ၏ ကျိုကြောင်းဆီလျော်စွာ ရှင်းပြသော စကားကို နားထောင်နေကြသည်။

အမှန်တကယ်ပင် သူတို့အင်အားနှင့် ဟူရှန်ဖုံကို မည်သို့မျှ သုတ်သင်ဖြိုခွင်းနိုင်မည် မဟုတ်သည်ကို သူတို့ နားလည်သဘောပေါက်လာကြသည်။

စင်ဝေါင်းက သက်ပြင်းချလိုက်ပြီး .... ‘

“ဒါဆို ကျွန်တော်တို့ ဘယ်ကိုသွားကြမလဲ .... ”



ကျူဖေ မဖြေမီ ယက်ချင်ရှင်းက ဝင်ပြော၏။

“သိပ်မလောကြပါနဲ့ဦး .... အခု တို့ ဝါပီရှာကို ထားခဲ့တဲ့ ယာတဲကို အရင်သွားကြတာပေါ့၊ အဲဒီကျမှ ဘာလုပ်ယင်ကောင်းမယ်ဆိုတာ တစ်ခါ ဆွေးနွေးကြတာပေါ့ .... ”

အားလုံးက စောဒက မတက်တော့ပါ။

ယိထင်းဟောင်နှင့် ဝါယိချန်တို့၏ မြေပုံများကို ဂါရဝပြုပြီး တောင်ပေါ်မှ ဆင်းလာခဲ့ကြတော့သည်။

ယက်ချင်ရှင်းတို့သည် ယာတဲဆီသို့ ဦးတည်လာ၏။ ယာသမား ဒိုးမောင်နှံသည် လူစုကြီး သူတို့ ယာတဲဆီ လာနေသည်ကို မြင်သောအခါ အကြီးအကျယ် ထိတ်လန့်သွား၏။ သို့သော် ယက်ချင်ရှင်းကို မြင်ရတော့မှ စိတ်အေးသွားပြီး ခရီးဦးကြို ပြုနိုင်တော့သည်။

ဝါပီရှာသည် ယက်ချင်ရှင်းတို့ကိုသာမက ကျူဖေတို့ကိုပါ တွေ့လိုက်သဖြင့် အလွန်တရာ ဝမ်းသာသွားတော့သည်။

“ဘာဘ .... မေမေ့ကို တွေ့သလားဟင်”

ကျူဖေ မျက်နှာကွက်ခနဲ ပျက်သွား၏။ သူ့အမူအရာကို ပြန်လည်ထိန်းချုပ်သော်လည်း မရတော့ပေ။

ဝါပီရှာသည် အလွန်အကင်းပါးသူကလေးဖြစ်၍ ချက်ချင်းပင် နားလည်သဘောပေါက်သွားတော့သည်။

“ကျွန်မ .... နားလည်ပါပြီ .... ကျွန်မမေမေ သေပြီမဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



ကျုံ့ဖေအား ဓေးပြောကလေးပြောရင်း ဝမ်းနည်းစွာ ငိုကြေ

လေတော့၏။

ကျုံ့ဖေမှာ သက်ပြင်းချ ခေါင်းညိတ်ရုံမှအပ ဘာမှ မပြော

တော့ပေ။

ယိဖျောင်းရှမ်းသည် .... ဝါပိရှာအား ဖေးမဖျောင်းဖျရတေ

သည်။

"တိတ်ပါ ညီမလေးရယ် .... မမရဲ့ဖေဖေလည်း အခုတင်

ဟူရှန်ဖုံရဲ့ လက်ချက်နဲ့သေခဲ့ရပါပြီ၊ မမတောင် အားတင်းနိုင်ရင် ညီ

လေးလည်း အားတင်းနိုင်ရမှာပေါ့ .... မမတို့ လုပ်စရာတစ်ခုပဲ ရှိ

တယ် .... လူသတ်သမား ဟူရှန်ဖုံကို လက်စားချေဖို့ပဲပေါ့ .... "

ကျုံ့ဖေသည် ယိဖျောင်းရှမ်း၏ ရင့်ကျက်သော စိတ်နေစိ

ထားကို လွန်စွာချီးကျူးလေးစားမိ၏။

ဤအချိန်မျိုး၌ ဝါပိရှာကို ယိဖျောင်းရှမ်းလို မိန်းကလေးမျိုး

သာ ဖေးမနှစ်သိမ့်နိုင်ပေလိမ့်မည်။

ထိုစဉ် ယက်ချင်ရှင်းက ....

"ဘယ်လိုလဲ နောင်ကြီးကျုံ့ဖေ .... ကျုပ်တို့အားလုံး ဒီယာ

မှာ နားကြမလား .... အားဖြည့်ကြမလား"

ကျုံ့ဖေက ခေါင်းခါလိုက်၏။

"ကျုပ်တို့ ဒီမှာနားလို့ ဘယ်ဖြစ်ပါ့မလဲ၊ လူထူးလူဆန်း သုံး

ယောက်ကို လိုက်ရှာရဦးမယ်လေ"



ယက်ချင်ရှင်းက အလျှင်အမြန်ပင် ....

"ကျုပ်တို့အားလုံး လိုက်ရှာဖို့ မလိုပါဘူးဗျာ .... တစ်ယောက်

ယောက်ကို တာဝန်ပေးလိုက်ရင် ရပါတယ်၊ ဥပမာ ကျုပ်တပည့်

ကျောက်ချွန်းလင်ဆိုပါတော့ဗျာ၊ ဒီတော့ ကျန်တဲ့လူတော် အားမွေးခွင့်

ရတာပေါ့"

ကျောက်ချွန်းလင်က တာဝန်ယူလိုက်၏။

"ကျွန်တော် သွားပါ့မယ်"

ကျုံ့ဖေ သဘောတူလိုက်သည်။

"ကောင်းပြီ .... ဒါဆို ခရီးစထွက်ပေတော့၊ ရေလမ်းကသွားမှ

အမြန်ရောက်မယ်"

ရောက်ချွန်းလင်သည် အားလုံးကို နှုတ်ဆက်ပြီး လူထူးလူဆန်း

သုံးဦးအား အရှာထွက်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇၇)

## တောက်တချစ်သောလှေသမားသုံးဦး

ချန်ကျန်းမြစ်ဆိပ် .... ။

ချန်ကျန်းမြစ်ဆိပ်သည် လမ်းဆုံလမ်းခွကျပြီး ကုန်သည်များအတွက် အချက်အချာကျ အရေးပါသောည ဆိပ်ကမ်းဖြစ်သည်။ ထို့ကြောင့် အခြားအခြားသော ဆိပ်ကမ်းများနှင့်မတူဘဲ ထူးခြားစွာ စည်ကားသိုက်မြိုက်နေခြင်းဖြစ်ပေသည်။

မြစ်ကမ်းတွင် လူသွားလူလာများ၊ ဈေးသည်များ၊ ကုန်ပစ္စည်းများဖြင့် ရှုပ်ထွေးနေသည်။

ထို့အပြင် မြစ်တွင်း၌လည်း ရွက်လှေများ၊ သမ္ဗန်များ၊ ဝါးဖောင်များ ပျားပန်းခတ် လူးလာတုံပြန်သွားလာနေကြသည်။

တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်ပြောဆိုနေကြသော စကားသံများ၊ တေးသီချင်းဆိုညည်းနေသံများ၊ ဈေးသည်များ၏အလု



အယက် ဈေးခေါ်ရောင်းချနေကြသော အသံများသည်လည်း မြစ်ဆိပ်တစ်ခုလုံးကို ဆူညံနေစေပေတော့သည်။

ကျောက်ချွန်းလင်သည် ထိုမြစ်ဆိပ်သို့ ရောက်လာသည်။ ပတ်ဝန်းကျင် စည်ကားသိုက်မြိုက်ခြင်းနှင့် ဆူညံခြင်းများကို သူ ဂရုမစိုက်အားချေ။

လှေတစ်စင်းကို အမြန်ဆုံးငှားရမ်းပြီး လူထူးလူဆန်းသုံးဦးအား အမြန်ဆုံးရှာဖွေရန်သာ သူ့ခေါင်းထဲ၌ ရှိနေပေသည်။

သူသည် အခြားခရီးသည်များနှင့် ရောနှောမစီးလိုပေ။ ထိုသို့စီးလျှင် ခရီးကြန့်ကြာလိမ့်မည်။ သူတစ်ဦးတည်း လှေစင်းလုံးငှားကာ ခရီးထွက်ပါက မြန်မြန်ဆန်ဆန်ရောက်ရှိမည်ဟု သဘောပေါက်ထားသည်။ မြစ်ဆိပ်၌ အတော်အတန်ကြီးမားသော လှေကြီးတစ်စင်းကို တွေ့သဖြင့် မေးမြန်းစုံစမ်းရတော့၏။

ထိုလှေတွင် အဖေဖြစ်သူကဦးဆောင်ပြီး သားနှစ်ယောက်က လှေထိုးသားများအဖြစ် တာဝန်ယူကြသည်။

သို့သော် သူတို့က ခရီးသည်အတော်များများ သယ်ယူပို့ဆောင်ရန် မျှော်လင့်အားထားနေကြသည်။

ကျောက်ချွန်းလင်က ထိုလှေကို သဘောကျသဖြင့် ....

"ခရီးသည်တွေ စောင့်မနေပါနဲ့တော့ဗျာ၊ ကျုပ် တစ်ယောက်တည်းကိုပဲ လိုက်ပို့ပေးပါ ...."

လှေပိုင်ရှင်အဘိုးကြီးသည် ကြမ်းတမ်းသော ရုပ်ရည်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကြီးကလည်း ထွားကျိုင်းလှသည်။

သူက ....

"လိုက်ပေးတာတော့ ဟုတ်ပါပြီ .... ဆရာလေးတစ်ယောက်တည်းကို လိုက်ပို့မယ်ဆိုတော့ ကျုပ်တို့အတွက် နစ်နာမယ်"

သူ၏စကားမဆုံးမီ ကျောက်ချွန်းလင်က ကြားဖြတ်ပြောလိုက်လေ၏။

"စိတ်ချပါ .... ခင်ဗျားတို့အတွက် မနစ်နာစေရပါဘူး .... ကျုပ်က လှေတစ်စီးလုံး ငှားခအပြင် အပိုဆုချပေးဦးမှာပါ .... ကျုပ်ရဲ့ခရီးက အလျှင်လိုနေလို့ ဒီလိုစီးလုံးငှားတာပါ .... "

သားနှစ်ယောက်ဖြစ်သော လှေထိုးသားနှစ်ဦးမှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိသူတစ်ဦးနှင့် အသက်ဆယ့်ရှစ်ဆယ့်ကိုးနှစ်ခန့်ရှိသူတစ်ဦးတို့ ဖြစ်ကြသည်။

ထိုညီအစ်ကိုနှစ်ယောက်မှာလည်း လေးထောင့်စပ်စပ်မျက်နှာသွင်ပြင်ရှိပြီး သူတို့၏ မျက်ဝန်းအစုံတွင် ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်များ လွှမ်းခြုံနေကြ၏။ သားနှစ်ယောက်စလုံးပင် ကျောက်ချွန်းလင်ကို သားကောင်ချောင်းသော မုဆိုးကဲ့သို့ မမှိတ်မသုန် ကြည့်နေကြလေ၏။

ကျောက်ချွန်းလင်သည် သူတို့သားအဖသုံးယောက်၏ရုပ်သွင်ကို သဘောမကျသော်လည်း သူတို့၏လှေကို သဘောကျမိသဖြင့် ဤသို့ ငှားရမ်းခြင်း ဖြစ်သည်။



သူ့အဖို့ လှေကသာ အရေးကြီးသည်။ လှေသမားက အရေးမကြီးပေ။

ကျောက်ချွန်းလင်၏နောက်ဆုံးစကားကို ကြားပြီးသောအခါ လှေသမားသားအဖသုံးယောက်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

သားနှစ်ယောက်က မေးငေါ့အချက်ပြသည်။ ငှားလိုက်ပါဆိုသည့် သဘော။

ပြီး .... လှေပိုင်ရှင် အဘိုးအိုက ကျောက်ချွန်းလင်ဘက်သို့ ပြန်လှည့်သွားပြီး ....

"မောင်ရင် .... လှေငှားခက စျေးကြီးတယ်နော်၊ လှေငှားခအပြင် အပိုဆုချမယ်ဆိုတော့ ငွေအတော်များများ ပေးရလိမ့်မယ်၊ မင်းငွေကုန်ခံနိုင်ပါ့မလား .... "

အဘိုးကြီးသည် စာသမား၊ လက်သမား၊ ပညာတတ်အသွင်ရှိနေသော ကျောက်ချွန်းလင်ကို အထင်ကြီးထားပြီး ဖြစ်၏။ သို့သော် သေချာအောင် ထပ်မေးထားခြင်းသာ ဖြစ်သည်။

ကျောက်ချွန်းလင်က ခေါင်းညိတ်လိုက်၏။

"ကိစ္စမရှိဘူး၊ ကျုပ် တတ်နိုင်ပါတယ် .... ခင်ဗျားတို့သာ လိုရာခရီးရောက်အောင် ပို့ပေးပါ .... "

"ကောင်းပြီ .... လှေပေါ်တက်ပါ .... ကျုပ်တို့ လက်ခံလိုက်ပြီ .... "

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချွန်းလင်က လှေပေါ်ခုန်တက်လိုက်၏။ သူသည် ရေထဲကျမလို ယိမ်းထိုးသွားသည်။ လှေသမား သားအဖသုံးဦးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြလေ၏။ အဓ တစ်ကောင်တော့ မိလေပြီဟူသည့်အပြုံးများပေတည်း။

သူတို့လှေသည် ဆိပ်ကမ်းမှ စတင် ထွက်ခွာလေတော့သည်။

လှေသည် မြစ်ရေပြင်ဝယ် တရိပ်ရိပ်ပြေးသွားနေသည်။

ပေါင်းမိုးပါသောလှေဖြစ်သဖြင့် ကျောက်ချွန်းလင်သည် ပေါင်းမိုးအောက် ဝင်ထိုင်ပြီး လိုက်ပါလာသည်။

လှေသမ္ဗာန်ကင်းရှင်းသော မြစ်လယ်သို့ ရောက်သွားသော အခါ လှေသမားအဘိုးကြီးသည် ကျောက်ချွန်းလင်ရှိရာ ပေါင်းမိုးရှေ့ လာရပ်၏။

အဘိုးကြီးက ကျောက်ချွန်းလင်အား သေချာ စေ့စပ်စွာကြည့်၏။

ပြုံး၏။

အပြုံးမှာ ကောက်ကျစ်စဉ်းလဲသောအပြုံးဖြစ်ပြီး၊ အကြည့်မှာ ကျောက်ချွန်းလင်တွင် ငွေကြေးအမြောက်အမြား မပါ အကဲခတ်ကြည့်ခြင်း ဖြစ်ပေသည်။

မှန်ပါ၏။

ဇကျောက်ချွန်းလင်သည် စာပေသမားတစ်ယောက်မှာ ဝတ်ဆင်ထားပြီး ရုပ်ရည်သန့်ပြန့်သူဖြစ်ရာ ရုတ်တရက်ကြည့်လျှင် သူဌေး



သားတစ်ယောက်နှင့် တူနေ၏။

လှေကို စီးလုံးငှားသည့်အပြင် အပိုဆုချ မည်ဆိုထားလေရာ အမှန်တကယ် ချမ်းသာကြွယ်ဝပြီး လက်ဖွာသူ ဖြစ်ရမည်ဟု ထင်မှတ်စရာ ရှိပေသည်။

လှေသမား သားအဖသည် ကျောက်ချွန်းလင်အား လိုက်လံပို့ဆောင်ပေးပြီး ရရှိမည့်လှေငှားခနှင့် ဆုကြေးငွေများထက် ကျောက်ချွန်းလင်ထံတွင် ပါသမျှကို လုယူလိုက်ခြင်းက ပို၍ သက်သာမည်ဟု ယူဆထားကြသူများ ဖြစ်ပေသည်။

ဤသို့ လုယူခြင်းသည် ကျောက်ချွန်းလင် သွားလိုသည့်အရပ်သို့ ပင်ပန်းကြီးစွာ လှော်ခတ်ပို့ဆောင်ပေးရခြင်းထက် သက်သာသည် မဟုတ်ပါလား။

ကျောက်ချွန်းလင်လို ပျော့နွဲ့နွဲ့လူငယ်တစ်ယောက်အား ခုတ်ချိုးပြီး ရေထဲပစ်ချလိုက်ခြင်းမှာ သူတို့အတွက် အပန်းကြီးလှသည် မဟုတ်ဟုလည်း တွေးထားပြီး ဖြစ်ပေသည်။

လှေပိုင်ရှင် အဘိုးအိုက ကျောက်ချွန်းလ ကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်လိုက်ပြီးနောက် ....

"ဆရာလေးက .... တစ်ယောက်တည်း ခရီးထွက်တာ ဘယ်လောက် အရေးကြီးတဲ့ကိစ္စများ ရှိနေလို့လဲဗျာ၊ ဆရာလေးကိုကြည့်ရတာ အရေးကြီးတဲ့ကိစ္စတစ်ခုခု ရှိနေပုံရတယ်"

ကျောက်ချွန်းလင်က သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှထကာ ပေါင်းမိုးအပြင်ဘက်သို့ ထွက်လိုက်၏။

တဖန် လှေပိုင်ရှင်အဘိုးအိုနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ကျုပ်မှာ အရေးကြီးတဲ့ကိစ္စရှိတာ မှန်ပါတယ်၊ ဘယ်လိုကိစ္စလဲဆိုတာ ကျုပ်မပြောပါရစေနဲ့ဗျာ၊ ခင်ဗျားတို့ကသာ အမြန်ဆုံးရောက်အောင် ပို့ပေးပါလို့ ကျုပ် မေတ္တာရပ်ခံချင်ပါတယ်"

ကျောက်ချွန်းလင်၏စကားများမှာ လွန်စွာ အဆင့်အတန်းမြင့်၏။

လေယူလေသိမ်းကအစ အထက်တန်းစားဆန်လှပေသည်။

သူ၏စကားကြောင့် လှေသမားအဘိုးအို၏မျက်နှာပေါ်မှ အပြုံးများ ရုတ်ခြည်း ကွယ်ပျောက်သွားလေတော့သည်။

ခက်ထန်တင်းမာသော နဂိုရုပ်သွင် ပြန်ပေါ်လာသည်။

သူက ကျောက်ချွန်းလင်ကိုစိုက်ကြည့်ရင်း ....

"ကျုပ်က ဆရာလေးတစ်ယောက်တည်း ပျင်းနေမှာစိုးလို့ လာပြီးစကားပြောတာပါဗျာ၊ ဆရာလေးရဲ့ကိစ္စကို စပ်စုဖို့ စိတ်မကူးပါဘူး"

ကျောက်ချွန်းလင် လက်ကာပြရင်း ....

"ကျုပ်မှာ ပျင်းဖို့အချိန်မရှိပါဘူး .... ဒါကြောင့် ကျေးဇူးတင်တယ်လို့ ပြောပါရစေ .... ကျုပ်ကိုသာ မြန်မြန်ရောက်သွားအောင်ကူညီပါ .... "

"ကျုပ်သားနှစ်ယောက် အမြန်ဆုံး လှော်ခတ်နေကြတာပဲ၊



အချိန်တန်တော့ ရောက်သွားပါလိမ့်မယ်၊ ဆရာလေးဖြစ်စေချင်သလို အမြန်ဆုံး ရောက်ချင်ရင်တော့ ကိုယ်တိုင် ဝင်လှော်ခတ်မှ ဖြစ်မယ်"

အဘိုးကြီးသည် ရန်စကား စတင်၍ ပြောဆိုလာလေတော့၏။

ထို့ပြင် လှေပိုင်ရှင်အဘိုးအိုသည် တရွေ့ရွေ့ ရွေ့တိုးလာသည်။

သူ၏မျက်နှာ ခက်ထန်လာသလို ကျောက်ချွန်းလင်ကို ခြိမ်းခြောက်လိုသည့်ဟန် ရှိနေပေသည်။

ထိုစဉ် လှေအနည်းငယ် တုံ့ဆိုင်းသွားကြောင်း ကျောက်ချွန်းလင် ရိပ်မိလိုက်သည်။

လှေသည် တရိပ်ရိပ်ပြေးနေရာမှ ရုတ်တရက်နှေးကွေးသွားခြင်းဖြစ်သည့်အတွက် လှေပေါ်တွင် ရပ်နေသူများ ဟန်ချက်ပျက်ကာ လဲကျမလို ဖြစ်သွား၏။

လှေပိုင်ရှင်အဘိုးကြီး၏ ခန္ဓာကိုယ် အနည်းငယ် ယိမ်းယိုင်သွား၏။

သို့သော် ကျောက်ချွန်းလင်မှာမူ မြေပြင်တွင် ရပ်နေသလို လှုပ်မယှက် ရှိနေသည်။ အနည်းငယ်မျှ ယိမ်းထိုးလှုပ်ရှားခြင်း မရှိပါပေ။

အဘိုးကြီးသည် အနည်းငယ် အံ့သြသွားသော်လည်း ကျောက်ချွန်းလင်ကို သိုင်းသမားဖြစ်ကြောင်း မရိပ်မိလိုက်ပေ။

သူသာ တကယ်တမ်း အကဲခတ်ကောင်းလျှင် ဤပက်တီးသော အကြံကို ကြံစည်ရဲလိမ့်မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



လှေသည် အတော်ကလေး လျှင်လျှင်မြန်မြန် သွားနေရာမှ အဘယ်ကြောင့် သိသိသာသာ နှေးသွားရသနည်း။ အကြောင်းအရာကို မကြည့်ဘဲ စဉ်းစား၍ ရပါသည်။

လှေသမားလူငယ်နှစ်ယောက် ဆက်၍ လှော်ခတ်ခြင်း မပြုခြင်းကြောင့်သာ ဖြစ်ရပေမည်။

လူငယ်နှစ်ယောက်သည် လှော်တက်များကိုချပြီး ထိုင်ရာမှ ထကာ ကျောက်ချွန်းလင်ထံ နောက်ကျောဘက်မှ လျှောက်လာကြလေ၏။

ကျောက်ချွန်းလင်၏ အရှေ့ဘက်တွင် လှေပိုင်ရှင်အဘိုးအိုက ပိတ်ဆို့ရပ်တန့်လျက် ရှိနေသဖြင့် အရှေ့အနောက် ညှပ်ပူးညှပ်ပိတ်ရပ်လျက် ကျောက်ချွန်းလင် ထွက်မပြေးသာအောင် ပိတ်ဆို့ထားလိုက်ကြခြင်း ဖြစ်ပေသည်။

သူတို့ ရန်မပြုကြသေးပါ။ သို့သော် အခြေအနေက ရန်ပြုမည့် အခြေအနေသို့ ဆိုက်ရောက်နေလေပြီ။

ကျောက်ချွန်းလင်အနေဖြင့် ဤလှေသမားများကို မကြောက်ပါ။

ဟူတန်းဂိုဏ်းက သိုင်းသမားပေပဲ။

အလျှင်လိုမှ အနှေးဖြစ်ရသည့် သူ၏ ခရီးစဉ်အတွက်ကိုသာ စိတ်ပျက်မိခြင်း ဖြစ်သည်။ ဤသားအဖသုံးယောက်သည် စေတနာသန့်သန့်ဖြင့် အဖိုးအခယူပြီး ပို့ဆောင်ပါက မည်မျှကောင်းပါမည်နည်း။



မည်သို့ဆိုစေ လှေသမားများ၏ အထင်နှင့် အမြင် တလွဲတခြားစီ ဖြစ်သွားရအောင် သူ ပြုလုပ်ရလိမ့်မည် ဖြစ်သည်။

သို့မှသာ သူ့ကို အနှောင့်အယှက် ပေးဝံ့ကြတော့မည် မဟုတ်ဟု ကျောက်ချွန်းလင် နားလည်ထားသည်။

ကျောက်ချွန်းလင်က ဟိုဟိုသည်သည် တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထိုအခါ လှေဝမ်းထဲတွင် သိမ်းဆည်းထားသော ကျောက်ဆူးကြီးတစ်ခုကို တွေ့ရ၏။

သံကြိုးများဖြင့် ဆက်ထားသော ကျောက်ဆူးသည် အတော်အတန် ကြီးမားသည်။

ဓားငါးလက် ခြောက်လက် စုစုပေါင်းထက် လေးမည်ကတော့ သေချာသည်။

ကျောက်ချွန်းလင် ပြုံးလိုက်၏။

သူသည် နောက်ဘက်မှ ချဉ်းကပ်လာသော လှေသမား လူငယ်နှစ်ယောက်ကို လုံးဝလှည့်မကြည့်ချေ။

အရှေ့ဘက်တွင် ရပ်နေသော လှေပိုင်ရှင် အဘိုးအိုကို ပြုံးပြလိုက်ပြီး ....

"ကျောက်ဆူးကြီးက ဘယ်လောက်အလေးချိန် ရှိသလဲဗျ"

သူ၏အမေးကြောင့် လှေပိုင်ရှင်အဘိုးအို ကြောင်အမ်းအမ်းဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချွန်းလင်ကို နားမလည်နိုင်စွာကြည့်ကာ ....

"ဆရာလေးက ဘာကြောင့် မေးတာလဲ .... "

"ကျုပ် သိချင်လို့ပါ .... "

"ကျောက်ဆူးကြီးက အနည်းဆုံး အချိန်ငါးဆယ်လောက်လေးမယ် .... ဘာလဲ .... ဆရာလေးက ကျောက်ဆူးကြီးကို မကြည့်ချင်လို့လား .... "

"ဟုတ်တယ် .... "

သူ၏ စကားကြားရလျှင် လေ့ပိုင်ရှင်အဘိုးအို သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

"ဟား .... ဟား .... ဟား .... ဆရာလေးက တယ်လည်း စိတ်ကူးယဉ်တာကိုး .... မြစ်လယ်မှာ ကဗျာစပ်ဖို့ ကောင်းပေမယ့် ကျောက်ဆူးကြီးကို မကြည့်ဖို့ မကောင်းပါဘူးဗျာ .... "

သူ၏ စကားမဆုံးမီ ကျောက်ချွန်းလင်က သွက်လက်သော လှုပ်ရှားမှုတစ်ရပ်ကို ပြုလုပ်လိုက်လေသည်။

သူသည် ကျောက်ဆူးကြီးအနီးသို့ လျှောက်သွားပြီး .... ခြေထောက်ဖြင့် ခတ်ကာ အပေါ်သို့ မြှောက်တင်လိုက်သည်။ ကျောက်ဆူးသည် ဓားတစ်ချောင်းနှယ် မြောက်တက်လာ၏။

ဆက်ထားသော သံကြိုးအလေးချိန်ကလည်း မနည်းလှပေ။

ကျောက်ဆူးသည် တချွင်ချွင် မြည်သံနှင့်အတူ ကျောက်ချွန်းလင်၏ လက်ထဲသို့ ရောက်ရှိသွားလေ၏။



"အချိန်ငါးဆယ်သာ လေးတယ်ဆိုတယ် .... ကျုပ်စိတ်ထဲမှာ ပေါ့ပေါ့ပါးပါးကလေး ဖြစ်နေတယ် .... "

ကျောက်ချွန်းလင်သည် ကျောက်ဆူးကြီးကို ခပ်ဆဆ ကိုင်မြှောက်လိုက်၏။

လေ့ပိုင်ရှင်အဘိုးအို မအံ့သြဘဲ မနေနိုင်တော့ချေ။ မျက်လုံးများ ပြူးကျယ်သွားသည်။

ကျောက်ချွန်းလင်အား ထိတ်လန့်အံ့သြစွာ ငေးကြည့်မိတော့သည်။

သူသည် အလွန်ကြီးမား ထွားကျိုင်းသူ၊ သန်မာသူဖြစ်၏။

သို့ သော် ....

ဤကျောက်ဆူးကို ခြေဖြင့်ခတ်တင်ပြီး မ,မနိုင်ချေ။

ပါးစပ်အဟောင်းသား ဖြစ်နေပြီ။ လုံးဝအသံမထွက်နိုင်တော့ချေ။

အနောက်ဘက်မှ ချဉ်းကပ်လာနေကြသော သားနှစ်ယောက်ကလည်း ကျောက်ရုပ်များသဖွယ် ရပ်တန့်သွားကြလေ၏။ ရှေ့ဆက်တိုးဝံ့ကြတော့ချေ။

လှေသမားသုံးယောက် လန့်ဖျပ်သွားကြပြီကို သိရှိလိုက်သော ကျောက်ချွန်းလင်က အေးစက်စက် ရယ်မောလိုက်လေ၏။

ထို့နောက် ....

ခပ်အေးအေးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကျောက်ဆူးကြီးပါလာတာ သိပ်ကောင်းတယ် .... လှေရ နားဖို့ အသုံးကျရုံတင် မကဘူး .... လက်နက်အဖြစ် ရန်သူကို တိုး ခိုက်ဖို့လည်း အသုံးဝင်နိုင်သေးတာပဲ .... ခင်ဗျားတို့ အမြော်အမြင် ကြီးပါပေတယ် .... "

သူသည် လှေသမား သားအဖသုံးယောက်ကို ငေးကြည့်လိုက် သည်။

လှေသမား သားအဖသုံးယောက်သည် ကျောက်ချွန်းလင်း၏ စကားကြောင့် အထိတ်တလန့် နောက်ဆုတ်သွားမိကြလေ၏။

ကျောက်ချွန်းလင်က ....

"ကြိုးတပ်လက်နက်လို အသုံးဝင်ရဲ့လားဆိုတာ ကျုပ်စမ်းကြည့် လိုက်ဦးမယ် .... "

သူသည် ရစ်ပတ်ထားသော ကျောက်ဆူးကြိုးကို ဖြေကာ ကြိုး စအရင်းမှကိုင်၍ ကျောက်ဆူးကြီးကို လေထဲတွင် တဝိုးဝိုး ဝှေ့ယမ်း လေတော့သည်။

ကျောက်ဆူးကြီးသည် သူ၏လက်ထဲ၌ အလွန်ပေါ့ပါးသော ပစ္စည်းတစ်ခုပမာ ဖြစ်နေပြီး အားလုံး၏ ခေါင်းပေါ်၌ တဝိုးဝိုး မြည် ဟည်းနေလေတော့၏။ ထိုလှည့်ပတ်မှု လေအရှိန်ပင် သူတို့ကို မာပ်စ လေ၏။

လှေသမား သားအဖသုံးယောက်မှာ ဣန္ဒြေမဆည်နိုင်အောင် ပင် မျက်စိမျက်နှာ ပျက်လာကြတော့သည်။



အတန်ကြာဝှေ့ယမ်းပြပြီးမှ ကျောက်ချွန်းလင်က ကျောက်ဆူး ကို သိမ်းလိုက်၏။

လှေဝမ်းထဲသို့ ပြန်ချထားလိုက်သည်။

သူ့အမူအရာမှာ ခက်ထန်ကြမ်းတမ်းခြင်းမရှိဘဲ ကပေသမား တစ်ယောက်ပမာ နူးညံ့သိမ်မွေ့လျက်ရှိပါ၏။

လက်နှစ်ဖက်နောက်ပစ်၍ ညင်သာစွာပြောလိုက်သည်။

"ခင်ဗျားတို့ မှားနေကြပြီဗျ .... ကျောက်ဆူးကြီးက အချိန်ငါး ဆယ် လေးမှာမဟုတ်ဘူး .... အင်မတန်ပေါ့တာပဲ .... ဒီကျောက်ဆူး နဲ့တော့ ခင်ဗျားတို့ လှေကို မြဲအောင် ကျောက်ချနိုင်မှာ မဟုတ်ပါ ဘူး"

သူသည် စကားဆုံးသည်နှင့် လှေပေါင်းမိုးအောက်သို့ ဝင်ကာ ထိုင်ချလိုက်သည်။

သူ့မျက်နှာ၌ ပင်ပန်းမှုအရိပ်အယောင် လုံးဝမရှိချေ။ ပြုံးယောင် ယောင်မျက်နှာထားသာရှိသည်။

ကျောက်ချွန်းလင် တကယ်လည်း ပြုံးနေသည်သာ။ လှယက် လိုသော လှေသမားသုံးယောက်သည် ယခုအခါ မျက်စိမျက်နှာ အပျက် ပျက် ဖြစ်နေပြီ မဟုတ်ပါလား။

သူသည် ကျောက်ဆူးကိုမ,မပြသည့်အချိန်အထိ သူ့ကိုယ်သူ လူကုံထံ စာပေသမားတစ်ယောက်သဖွယ် ထင်မြင်နေစေရန် ဟန်ပြ ခဲ့၏။

သူ့ကို သိုင်းသမားတစ်ယောက်ဟု မည်သူကမျှ မထင်မြင်စေရန် ဂရုပြုခဲ့သည်။

ယခုကျမှသာ သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ပြသလိုက်ခြင်းဖြစ်သည်။

လှေသမားသားအဖသုံးယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း စိတ်ပျက်စွာဖြင့် ငေးငိုင်နေမိကြတော့၏။

အတန်ကြာမှ အဘိုးအို သတိဝင်လာပြီး ....

"ဟေ့ .... ဘာငိုင်နေကြတာလဲ .... လှေကို အမြန်ဆုံးလှော်ကြစမ်း .... "

လူရွယ်နှစ်ယောက်သည်လည်း ဖခင်၏ အသံကြားရမှ အိပ်မက်မှ လန့်နိုးလာကြသူများပမာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ချက်ချင်းပင် ကိုယ့်နေရာကိုယ်ဝင်လျက် လှော်ခတ်ကြလေတော့၏။

လှေသည် မြစ်ရေပြင်ပေါ်၌ တရိပ်ရိပ် ပြေးလွှားနေ၏။

သို့သော် ....

အချိန်က မနည်းတော့ပေ။

ညနေစောင်းသို့ ရောက် ရှိနေပေပြီ။

မြစ်ရေပြင်ထက် တစ်ပိုင်းတစ်စ ငုပ်လျှိုးဝင်နေသော နေဝန်းနီကြီးကို ကြည့်ရသည်မှာ လွမ်းဆွတ်ကြေကွဲဖွယ်ပင် .... ကောင်းလှသည်။



ပတ်ဝန်းကျင်၏အလှတို့၌ သမုဒယတွယ်တာသူတို့အဖို့ အာရုံစားစရာ ရှုခင်းသာဝင် ဖြစ်ပါတော့သည်။

သဘာဝ၏ အလှအပများသည် ဆေးရောင်စုံ ပန်းချီကားတစ်ချပ်နှယ် ဖြစ်နေလေ၏။

ကျောက်ချွန်းလင်သည် ပတ်ဝန်းကျင်ကို ငေးမောကြည့်နေသည်။

မြစ်ထဲ၌ ခရီးနှင်နေသည့် ရွက်လှေများ၊ သမ္ဗန်များကို မတွေ့ရတော့။

သူတို့၏ လှေတစ်စီးသာ ထီးထီးမားမားကြီး လှော်ခတ်ပြေးသွားနေပေသည်။

တစ်နေ့လုံး လှေပေါ်တွင် ထိုင်နေခဲ့ရသဖြင့် ကျောက်ချွန်းလင် ဖျင်းရိလာသည်။

လှေပိုင်ရှင်အဘိုးအိုကို ခေါ်ယူ၍ ခရီးလမ်းစဉ်ကို မေးမြန်းရန် စဉ်းစားမိ၏။

လှေပိုင်ရှင်အဘိုးအိုက သူ ဖျင်းရိနေမည်ကို သိသဖြင့် စကားမြည် ပြောမည်ဟု ဆိုခဲ့သေးသည် မဟုတ်လား။

သို့သော် ....

သူနှင့်စကားပြောနေလျှင် တက်မကိုင်မည့်သူမရှိဘဲ .... ခရီး နှောင့်နှေးသွားနိုင်သဖြင့် ထိုစိတ်ကူးကို ပယ်ဖျက်လိုက်ရသည်။

တစ်ကိုယ်တည်းငေးငိုင်၍ ထိုင်နေခြင်းထက် ခွန်အားပြည့်ဝ

www.burmeseclassic.com



လာစေရန် အိပ်စက်ခြင်းကသာ အကောင်းဆုံးဖြစ်မည်ဟု တွက်ဆပြီး ကျောက်ချွန်းလင်သည် နေရာတိုင်ခင်းအနည်းငယ်ပြင်ပြီး လှဲအိပ်လေတော့၏။

သူသည် လှေသမား သားအဖသုံးယောက်ကို ရှိလေသည်ဟု မထင်တော့သဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။

လှေသမားသားအဖသုံးယောက်သည် ကိုယ့်အလုပ်ကို ကိုယ် လုပ်နေကြပါ၏။

သို့သော် ....

မျက်လုံးများကမူ ကျောက်ချွန်းလင်၏လှုပ်ရှားမှုအပေါ် — ရောက်ရှိနေကြသည်။

နေဝန်းနီလည်း ကွယ်ပျောက်သွားခဲ့လေပြီ။

အလင်းရောင် ကွယ်ပျောက်ကာ ညအမှောင် ကြီးစိုးလာလေပြီ။

ကောင်းကင်ပေါ်တွင် မှိတ်တုတ်မှိတ်တုတ် လင်းလက်နေသော ကြယ်ကလေးများနှင့် စန်းသော်တာ ငွေလမင်း ထွက်ပေါ်လာ၏။

မြစ်ရေပြင်သည် ရေလွှာသင်ဖျူးခင်းသကဲ့သို့ ပြန့်ပြူးလှပနေသည်။

လရောင်နှင့် ရေပြင်သည် လွန်စွာပကာရလှ၏။

အေးမြသာယာသော ညချမ်းတွင် ကျောက်ချွန်းလင်သည်



လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိနေလေပြီ။

မည်မျှကြာအောင် အိပ်နေမိမှန်းမသိ။

နားထဲ၌ တိုးတိုးစကားသံ ဝင်လာသောအခါမှ ကျောက်ချွန်းလင် နိုးလာသည်။

သို့သော် ....

လှုပ်ရှားခြင်းမပြုဘဲ အသာငြိမ်ကာ နားစွင့်နေလိုက်သည်။

ပထမဦးဆုံး ထွက်ပေါ်လာသော စကားသံမှာ လှေပိုင်ရှင် အဘိုးအို၏အသံဖြစ်သည်။

"မင်းတို့နှစ်ယောက် အသုံးကိုမကျဘူး .... မင်းတို့ မြန်မြန်ဝင်လာရင် သူက မင်းတို့ကို လှည့်ကြည့်လိမ့်မယ် .... အဲဒီအချိန် ငါက သူ့ကို ဝင်ပြီး ဖမ်းလိုက်ရုံပဲ .... အခုတော့ သောက်တလွဲတွေ ဖြစ်ကုန်တာပေါ့ .... "

အဘိုးကြီးက သားနှစ်ယောက်ကို အပြစ်တင်နေခြင်းသာ။

ဆက်၍ နားထောင်ကြည့်သောအခါ ....

"ဖေဖေကလည်း .... သူဟာ သိုင်းသမားတစ်ယောက်ဆိုတာ အဖေလည်း တွေ့သားပဲဗျ .... ကျွန်တော်တို့က သိုင်းပညာမတောက်တခေါက်ပဲတတ်တာ .... သူ့ကို ယှဉ်လို့ဖြစ်ပါ့မလား .... ကျွန်တော်တို့ချည်း အပြစ်ဖို့မနေပါနဲ့ဗျာ .... "

"ဟေ့ကောင် .... မင်း စကားမရှည်နဲ့ .... သူဟာ တို့လှေပေါ်မှာ ရောက်နေတယ်ဆိုတာ မှတ်ထားစမ်းပါ .... "

www.burmeseclassic.com

www.burmeseclassic.com



"လှေပေါ်ရောက်တာနဲ့ ကျွန်တော်တို့ လုပ်ချင်ရာလုပ်လို့ ရပါ့မလား .... ကျွန်တော်တို့ လှေပေါ်ရောက်လာခဲ့ဖူး လူတွေ အများကြီးရှိတာပဲ .... ဒီလိုသိုင်းသမားမျိုး ဖြစ်ခဲ့ဖူးလို့လား .... "

လှေပိုင်ရှင်အဘိုးအို ဒေါသထွက်သောလေသံဖြင့် ....

"မင်း တယ်စကားရှည်ပါလား .... သူဟာ တို့လှေကို စင်းလုံးငှားတယ် .... အပိုဆုကြေးပေးမယ် .... ကဲ .... တွက်ကြည့်စမ်း .... သူ့ဆီမှာ ငွေအတော်များများ ပါလာမယ်ဆိုတာ ထင်ရှားနေတာပဲ၊ တို့က ပင်ပင်ပန်းပန်း သူ့ကို လိုက်ပို့ပြီးမှ မဖြစ်စလောက်ငွေလေး ယူရမှာလား .... သူ့ကို မြစ်ထဲပစ်ချလိုက်တာနဲ့ သူ့မှာပါတဲ့ငွေ အကုန်တို့ ရနိုင်တယ်ကွ .... "

သားငယ်က ပြောသည်။

"ကျွန်တော်တော့ မလွယ်ဘူးထင်တယ် .... "

"ဘာဖြစ်လို့လဲ .... "

"သူ့အနားကပ်ဖို့တောင် လွယ်မှာမဟုတ်ဘူး .... "

"အေးလေ .... သူနဲ့ သိုင်းပညာချင်းယှဉ်ရင် ငါတို့ မနိုင်ဘူးဆိုတာ သိပါတယ် .... ဒါပေမယ့် လှေပေါ်ရောက်လာတဲ့ သားကောင်ကို အလွတ်တော့ မပေးနိုင်ဘူး .... ဉာဏ်သုံးရင် ရနိုင်ပါတယ်ကွာ"

"သူ့ကို နိုင်လည်းမနိုင်ဘူး .... လွှတ်လည်းမပေးချင်ဘူးဆိုတော့ ခက်ပြီ .... "

"မခက်ပါဘူးကွာ .... ငါ့မှာ အကြံရှိပါတယ် .... "



"ဗျာ .... အဖေက ဘာကြံမှာမို့လဲ .... "

"စကားမရှည်နဲ့ .... ငါပြောတာ နားထောင် .... "

စကားသံများ တစ်စထက်တစ်စ တိုးသွားသည်။

ကျောက်ချွန်းလင် နားထောင်နေသော်လည်း မကြားရတော့ချေ။

လှေသမားများ၏ စကားကို မကြားရသော်လည်း သူ စိတ်ပူခြင်း အလျဉ်းမရှိချေ။

ဤကောက်ကျစ်သော သားအဖသုံးယောက်အကြောင်း ဤမျှကြိုတင်သိထားရလျှင် သူ့အဖို့ ကာကွယ်နိုင်ပါပြီ။

အချိန်တန်လျှင် လှေသမား သားအဖသုံးယောက်သည် သူ့အား အကောက်ကြံကြလိမ့်မည်။

မည်သို့ကြံစည်မည်ကိုသာ အတိအကျ မသိ။

သတိထားစောင့်ကြည့်လျှင် အရိပ်လက္ခဏာ ပေါ်လာရမည်သာ။

လှေသမား သားအဖသုံးယောက်သည် ချက်ချင်း သူ့အား လာရောက် ဒုက္ခပေးဝံ့မည် မဟုတ်ဟု ယုံကြည်ထားရာ လက်မောင်းပေါ်တွင် ခေါင်းအုံးရင်း ပြန်လည်အိပ်စက်လိုက်လေ၏။

တစ်ခဏအကြာတွင် ကျောက်ချွန်းလင် အိပ်မောကျသွားလေတော့၏။

လှေသည် မြစ်ရေပြင်တွင် တရိပ်ရိပ် ပြေးနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



သက်ရှိလူသားများကဲ့သို့ ညဏ်များခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း မရှိဘဲ တာဝန်ကျေအောင် ရှေ့ခရီးဆက်နေပေတော့သည်။



အခန်း(၇၈)

## နောင်တရခွားခသာ သားအဖ

ထိုတစ်ညလုံး ကျောက်ချွန်းလင်သည် ဘေးရန်တစ်စက်မျှ ကျရောက်ခြင်းမရှိဘဲ အိပ်ကောင်းခြင်း အိပ်ခဲ့ရသည်။

နောက်တစ်နေ့နံနက် အစပျိုးသည်နှင့် မြို့ကလေးတစ်မြို့ကို လှမ်းမြင်ရတော့သည်။

အဘိုးအိုသည် ကျောက်ချွန်းလင်အား လေးစားစွာ အခွင့်ပန်သည်။

"ဆရာလေး .... ကျုပ်တို့ ဒီမြို့ကလေးကို ခေတ္တခဏဝင်ရပါမယ် .... လိုအပ်တဲ့ စားရေးရိက္ခာ ဖြည့်တင်းရပါဦးမယ် .... အဲဒါခွင့်ပြုပါနော် .... "

ကျောက်ချွန်းလင်သည် အလျင်အမြန် ခရီးထွက်လိုသူဖြစ်၏။ ထိုသည့်နှောင့်နှေး ကြန့်ကြာမှုကိုမျှ အလိုမရှိသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ....

စားရေးရိက္ခာဖြည့်တင်းရန်ဆိုသည့် အကြောင်းပြချက်ကိုတော့ သူ ငြင်းပယ်ရန် မဖြစ်နိုင်ချေ။

ထို့ကြောင့် မြို့ကလေးဆီသို့ မျှော်ကြည့်ပြီး ....

"ကောင်းပါပြီ .... ဖြည့်တင်းစရာရှိတာ ဖြည့်တင်းပေါ့ဗျာ ... ခပ်မြန်မြန်ကလေးတော့ ဖြစ်ပါစေဗျို့ .... "

လှေပိုင်ရှင်အဘိုးအိုသည် သူ့သားနှစ်ယောက်အား ခပ်မြန်မြန် လှော်ဆော်လိုက်လေ၏။

"ဟေ့ .... လှေကို ဆိပ်ကမ်းရောက်အောင် ခပ်မြန်မြန်လှော်ကြ .... တို့ စားစရာသောက်စရာတွေ ဆင်းဝယ်ရဦးမယ် .... "

သူ၏အမိန့်ပေးမှုကြောင့် လူရွယ်နှစ်ယောက်သည် ဆိပ်ကမ်းသို့ အားကြိုးမာန်တက် လှော်ခတ်သွားကြသည်။

လှေဆိပ်သို့ ရောက်သောအခါ ကျော်ချွန်းလင်က လှေပေါ်တွင်ပင် နေခဲ့သည်။

သားအဖသုံးယောက်သည်သာ ကမ်းပေါ်သို့တက်ပြီး စားစရာ သောက်စရာများ ဝယ်ခြမ်းလာသည်။ ဝယ်ခြမ်းမှု မြန်ဆန်ပါသည် ခရီးပြန်ဆက်ကြသည်။

လှေပိုင်ရှင်အဘိုးအိုနှင့် လူရွယ်နှစ်ယောက်သည် ကျော်ချွန်း လင်အား ယခင်ကလို မဟုတ်ဘဲ ကောင်းကောင်းမွန်မွန် ပျူပျူငှာငှာ ဆက်ဆံလာကြသည်။



တစ်နေ့လုံး ခရီးနှင်လာပြီးနောက် ညနေပိုင်းသို့ ရောက်လာလေ၏။

ပင်လယ်ဝသို့ ရောက်မှန်းမသိ ရောက်ပြီဖြစ်ကြောင်း သိလိုက်

ပင်လယ်ဝသို့ လုံးလုံးလျားလျား ရောက်ရှိသွားချိန်တွင် ညမိုး ချုပ်သွားခဲ့လေပြီ။

ညမိုးချုပ်မှ လှေပိုင်ရှင်အဘိုးအိုက ကျော်ချွန်းလင်ထံသို့ လာ ဘာ ညစာဖြင့်ဆင်ပေးလေ၏။ အဘယ့်ကြောင့် နံနက်စာကို မကျွေး သနည်း။

ကျော်ချွန်းလင် ပြုံးမိလေသည်။

ညစာကို ကောင်းမွန်စွာ စီမံထားပြီး အရက်တစ်အိုးလည်း ပါရှိ သည်။

ကျော်ချွန်းလင်က အရက်ကို ကိုယ်တိုင်ငှဲ့ပြီး ....

"ကဲ .... လာကြဗျာ .... ခင်ဗျားတို့လည်း အတူတူသောက်ကြ ... "

လှေပိုင်ရှင်အဘိုးအိုတို့ကိုပါ ဖိတ်ခေါ်လိုက်၏။

လှေသမားလူရွယ်နှစ်ယောက်သည် ခပ်ဝေးဝေးမှ အကဲခတ် ကြည့်နေကြ၏။

ကျော်ချွန်းလင် အနီးသို့ ချဉ်းကပ်လာခြင်း မရှိချေ။

အဘိုးအိုသာ ကျော်ချွန်းလင်အနီးတွင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချွန်းလင်း၏ ဖိတ်ကြားချက်ကို လှေပိုင်ရှင်အဘိုးအို ခေါင်းခါယမ်းလိုက်ပြီး ....

"နေပါစေဗျာ .... ဆရာလေးပဲ သောက်ပါ .... ကျုပ်တို့ သောက်နေကျပါ .... အခုဟာက ဆရာလေးအတွက် အထူးစီမံ တာပါ .... "

"ဘယ်ဟုတ်မလဲ .... လာပါ .... အတူတူစားသောက်ကြတာ ပေါ့ .... "

"မဖြစ်ပါဘူးဗျာ .... ကျုပ်က ညဘက်လှေကို ဂရုစိုက်ရမှာ အရက်သောက်လို့ မဖြစ်ဘူး .... ကျုပ်တို့ အရက်မူးနေရင် ဆရာလေး ခရီးကြန့်ကြာမှာဗျ .... "

စကားအသွားအလာကို ကြည့်ပါက စားစရာ သောက်စရာများ တွင် တစ်စုံတစ်ရာ ဆေးခပ်ထားပြီဖြစ်ကြောင်း သိရှိလိုက်ရသည်။ အထူးသဖြင့် အရက်ထဲတွင် ဆေးခပ်နိုင်ပေသည်။

အရက်သည် ဆေးအရသာကို ဖုံးလွှမ်းနိုင်သည် မဟုတ်ပါလော။

ထို့ကြောင့် အစားကို စားသော်လည်း အရက်ကိုမူ သော ချင်ဟန်ဆောင်ကာ မည်သူမျှမသိအောင် တိတ်တဆိတ် သွန်ပစ်နေ တော့သည်။

သူ့ အရက်သောက်သည် ထင်မှတ်နေသဖြင့် လှေပိုင်ရှင် အဘိုးအိုမှာ လွန်စွာရွှင်ပျနေတော့သည်။

နေဝေးသပ ချူထဲက ချီသွေးလို့ တမြမြဟူသော စကား



အတိုင်း ကျောက်ချွန်းလင်း လဲကျမည့်အချိန်ကို စောင့်နေလေ၏။

ကျောက်ချွန်းလင်းက စားသောက်ပြီးသောအခါ ဝမ်းဗိုက်ကို လက်ဖြင့် ပွတ်ရင်း ....

"အင်း .... စားလို့ သောက်လို့တော့ ကောင်းပါတယ်ဗျာ .... ဒါပေမယ့် ဗိုက်ပြည့်တော့ အိပ်ချင်လာပြန်ရော .... ကျုပ် အိပ်လိုက်ဦး မယ်ဗျာ .... "

ကျောက်ချွန်းလင်းသည် လှေပေါင်းမိုးအောက်သို့ဝင်ကာ လဲ လျောင်းလိုက်တော့၏။

လှေပိုင်ရှင်အဘိုးအိုသည် စားသောက်ဖွယ်ရာများနှင့် အရက် များကို နေ့ကွေးစွာ သိမ်းဆည်းရင်း အကဲခတ်နေသည်။

တစ်ခဏအကြာတွင် ကျောက်ချွန်းလင်း တရှူးရှူး မြည်သံပေး ကာ အိပ်မောကျသွားလေတော့၏။

ထိုအခါကျမှ အဘိုးအိုက ကျယ်လောင်စွာ ကြွေးဝါးလေတော့ သည်။

"ဟား .... ဟား .... ဟား .... ငါပြောတာ မဟုတ်လား .... အကြံကောင်းရင် တစ်ချက်ပါလို့ .... အခု အရက်ထဲမှာပါတဲ့ အိပ်ဆေး ကြောင့် သိုးအောင်အိပ်သွားပြီ .... သိုင်းသမားလည်း ဘာတတ်နိုင်မှာ လဲ .... ဆေးကွ .... ဆေး .... ဆင်ကို ချွန်းနဲ့ အုပ်သလို သိုင်းသမား ကိုလည်း ဆေးနဲ့ အုပ်နိုင်တာပဲ .... ဟား .... ဟား .... ဟား"

ကျောက်ချွန်းလင်းမှာ အိပ်ချင်ယောင်ဆောင်နေရာမှ မပြုံးမိ

www.burmeseclassic.com

www.burmeseclassic.com



အောင် စိတ်ချုပ်တည်းထားရလေ၏။

မရှေးမနှောင်းတွင် ခြေသံများ ထွက်ပေါ်လာပြီး လှေပိုင်ရှင် အဘိုးအိုနှင့်အတူ သားနှစ်ယောက်က ကျောက်ချွန်းလင်း အနီးသို့ လျှောက်လာကြတော့သည်။

အဘိုးအိုက ....

"သူ့ရဲ့ ခြေလက်တွေကို ကြိုးတုပ်ထားလိုက်စမ်း .... "

သားဖြစ်သူနှစ်ယောက်က ကျောက်ချွန်းလင်းအား ကြိုးများဖြင့် တုပ်နှောင်လိုက်ကြသည်။

ကျောက်ချွန်းလင်က ရုန်းကန်ခြင်းမပြုဘဲ အသာငြိမ်နေလေသည်။

ခြေလက်များကို ကြိုးဖြင့် ချည်နှောင်ပြီးသောအခါ လှေပိုင်ရှင် အဘိုးအိုက ....

"ဟား .... ဟား .... ဟား .... အခုတော့ ဘာတတ်နိုင်သေးသလဲ .... ကဲဟေ့ .... လိုက်ရှာကြစမ်း .... သူ့မှာ ပါသမျှ ရှာဖွေယူပြီး ရေထဲကန်ချလိုက်ရုံပဲ .... တို့ ချမ်းသာပြီ .... "

သားအဖသုံးယောက်သည် ကျောက်ချွန်းလင်တွင် ပါသမျှ ပစ္စည်းများကို လိုက်လံရှာဖွေကြလေတော့သည်။

အချိန်အတော်ကြာ ရှာဖွေသည့်တိုင် မည်သည့်ပစ္စည်းမှ မတွေ့ရသဖြင့် သားအဖသုံးယောက်စလုံး စိတ်ပျက်သွားကြလေတော့၏။

လှေသမားအဘိုးအိုက ညည်းညည်းညူညူပြောသည်။



"ပိုက်ဆံတော့ သူဌေးသားပုံစံပဲ .... ဘာပစ္စည်းမှ ရှာမတွေ့တာ က ခက်နေတယ် .... "

သူ၏သားနှစ်ယောက်အနက် အကြီးဖြစ်သူက ....

"ဖေဖေပဲ သူ့ကို သူဌေးသားလို့ ပြောတာပါ .... သူ့ကိုယ်သူ သူဌေးသားလို့ တစ်ခါမှ မပြောခဲ့ပါဘူး .... "

"မင်း စကားမရှည်နဲ့ .... သူ့မှာ ငွေပါမယ်ဆိုတာ .... ငါသိတယ် .... "

"ဖေဖေသိတာတော့ ဟုတ်ပါပြီ .... ကျွန်တော်တို့မှ ရှာလို့ မတွေ့ဘဲ .... "

လှေပိုင်ရှင်အဘိုးအို ငေးငိုင်သွားသည်။

အတန်ကြာစဉ်းစားပြီးမှ ....

"အင်း .... သိုင်းသမားတွေဟာ သူများထက်ပိုပြီး ဉာဏ်များတယ် .... ပါလာတဲ့ပစ္စည်း တစ်နေရာရာမှာ ဝှက်ချင်ရင် ဝှက်ထားမှာ၊ ဒို့က သူ့ဆီက လုယက်ယူဖို့ ကြံစည်စိတ်ကူးတာ သူ ရိပ်မိသွားပြီထင်တယ် .... ကဲဟေ့ .... လှေထဲမှာ လိုက်ရှာကြစမ်း .... တစ်လက်မမှ ချန်မနေနဲ့ .... "

သားနှစ်ယောက်သည် ဖခင်၏အမိန့်အတိုင်း လှေတစ်စင်းလုံး စိတ်တိုက်ရှာဖွေကြလေတော့၏။

သူတို့သုံးယောက်သည် ကျောက်ချွန်းလင်၏ ခန္ဓာကိုယ်တွင် ပြုံးစပ်စပ် ရှာဖွေခဲ့သည်သာမက လှေထဲတွင် ပစ္စည်းဝှက်ထားနိုင်မည်

www.burmeseclassic.com

www.burmeseclassic.com



ထင်သော နေရာမှန်သမျှကိုလည်း ရှာဖွေခဲ့ကြပေသည်။

သူတို့သည် ပစ္စည်းလောဘတက်ပြီး တကုပ်ကုပ်ဖြင့် ရှာဖွေနေ ကြသဖြင့် ကျောက်ချွန်းလင် လှုပ်ရှားလာသည်ကို မမြင်နိုင်ဘဲ ဖြစ်နေ ကြသည်။

ကျောက်ချွန်းလင်က အတွင်းအားအနည်းငယ်စိုက်ကာ လှုပ် ရှားလိုက်သည်နှင့်ကြိုးများသည် တတောက်တောက်ဖြင့် ပြတ်တောင် သွားတော့၏။

ကျောက်ချွန်းလင်က လဲလျောင်းရာမှထကာ ပေါင်းမိုးအပြ ဘက်သို့ ထွက်လိုက်၏။

တဖန် ပေါင်းမိုးပေါ်သို့ ခုန်တက်ကာ ပုန်းအောင်းလိုက်၏

သားအဖသုံးယောက်သည် တစ်ရေှလုံး တစ်လက်မ မကျ ရှာဖွေကြသည့်တိုင် မည်သည့်ငွေကြေးပစ္စည်းမျှ မတွေ့ကြသဖြ တဖျစ်တောက်တောက်ဖြစ်ကာ ပေါင်းမိုးအောက်သို့ ပြန်ဝင်လာ သည်။

အဘိုးအိုသည် ကျောက်ချွန်းလင်အား ရိုက်နှက်စစ်မည် သားနှစ်ယောက်အား ပြောလိုက်၏။

သို့သော် သူတို့ ရိုက်နှက်စစ်မည့် ကျောက်ချွန်းလင်ကို မတွေ့။ ကြိုးပြတ်များကိုသာ တွေ့ရတော့သည်။

"ဟာ .... ဟို .... ဟိုကောင် လွတ်သွားပြီဟေ့ .... ရှာကြ ရှာကြစမ်း .... "



အဘိုးအို၏ အလန့်တကြား အော်ဟစ်သံကြောင့် သားနှစ်ယောက်မှာ ပျာယာခက်သွားသည်။

အဘိုးအိုသည် ပေါင်းမိုးအပြင်သို့ ထွက်လိုက်၏။

ထိုအခါ ပုန်းကွယ်၍ အသင့်စောင့်နေသော ကျောက်ချွန်းလင်က သူ့အား သွေးကြောထိုးပိတ်ပြီး ပေါင်းမိုးအပေါ်သို့ ဆွဲတင်ထားလိုက်သည်။

လူရွယ်နှစ်ယောက်မှာ ကျောက်ချွန်းလင် ပျောက်နေသည့်အပြင် ဖခင်ဖြစ်သူလည်း မြင်ကွင်းမှ ရုတ်တရက် ပျောက်ကွယ်သွားသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

ချက်ချင်း အရှေ့ပိုင်းသို့ ပြေးထွက်လာသောအခါ ပေါင်းမိုးပေါ်တွင် ပြုံး၍ ကြည့်နေသော ကျောက်ချွန်းလင်ကို တွေ့လိုက်ရတော့သည်။

ကျောက်ချွန်းလင်၏ လက်ထဲတွင် ဖခင်ဖြစ်သူ ရှိနေ၏။

လူရွယ်နှစ်ယောက် မျက်စိမျက်နှာ ပျက်သွားကြသည်။

ကျောက်ချွန်းလင် မဲ့ပြုံးပြုံးပြီး ပြောလိုက်လေ၏။

"ကဲ .... မင်းတို့ ထပ်စမ်းချင်သေးသလား .... "

လူရွယ်နှစ်ယောက်မှာ ချက်ချင်းပင် ဒူးထောက်ချလိုက်ကြ၏။

ကျောက်ချွန်းလင်အား လက်နှစ်ဖက်ဆုပ်လျက် အရိုအသေပေးကြတော့သည်။

"ကျွန် .... ကျွန်တော်တို့ကို ချမ်းသာပေးပါဗျာ ... အဖေကို

www.burmeseclassic.com



လည်း တစ်ကြိမ်တစ်ခါ ခွင့်လွှတ်စေချင်ပါတယ် ခင်ဗျာ .... နောင်ဘယ်သူ့အပေါ်မှာမှ အကောက်မကြံတော့ပါဘူးလို့ ကတိပေးပါတယ် ခင်ဗျာ .... ”

ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကရားရေလွှတ် တတွတ်တွတ် ပြောဆိုနေကြသော လူရှယ်နှစ်ယောက်ကိုကြည့်ပြီး အမှန်ပင် နောင်တရသွားကြပြီဟု ကျော်ချွန်းလင် ယုံကြည်လိုက်လေ၏။

“ကောင်းပြီ .... မင်းတို့ ကတိစကား မတည်ရင် ငါလာပြီး ဆုံးမမယ်ဆိုတာ မှတ်ထား .... ”

လှေပိုင်ရှင်အဘိုးအိုကိုလည်း လွှတ်ပေးလိုက်သည်။

လှေပိုင်ရှင်အဘိုးအိုမှာ အသက်ချမ်းသာခွင့် ရရှိသွားသဖြင့် ကျေးဇူးတင်မဆုံးတော့ချေ။

ကျော်ချွန်းလင်အား အကြိမ်ကြိမ်ဦးညွှတ်ပြီး ....

“ကျုပ်က ဆရာလေးအပေါ် မကောင်းတဲ့စိတ်နဲ့ ကြံစည်မိတာကို ခွင့်လွှတ်ပါဗျာ .... နောင်ဘယ်တော့မှ မကောင်းတဲ့စိတ် မထားတော့ပါဘူးလို့ ကတိပေးပါတယ် .... ”

“ကောင်းပြီ .... ကျုပ် တစ်ကြိမ်တစ်ခါပဲ ခွင့်လွှတ်မယ် — ခင်ဗျားတို့ နောင်တရကြပါ .... ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်ကြပါ .... ”

လှေသမားသားအဖသုံးယောက်သည် ကျော်ချွန်းလင်အား ကျေးဇူးတင်သွားကြသည်။



အမှန်တကယ်လည်း နောင်တရသွားကြသည်။

ကျော်ချွန်းလင်အား လိုရာခရီးရောက်အောင် အမြန်ဆုံးပို့ဆောင်ပေးမည်ဖြစ်ကြောင်းကိုလည်း ကတိပေးကြ၏။

ထိုစဉ် အဝေးမှ စူးရှသော ခရာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အားလုံးရင်ထိတ်သွားပြီး လှမ်းကြည့်လိုက်ကြသောအခါ အဝေးပင်လယ်ပြင်တွင် မီးရောင်များ ထွက်ပေါ်နေသည်ကို တွေ့မြင်ရသည်။

လှေကလေးတစ်စင်းသည် ရှေ့မှကျုံး၍ လှော်ခတ်လျက်ရှိပြီး ထိုလှေကလေးနောက်မှ အခြားလှေဆယ်စင်းခန့် တစ်ဟုန်ထိုး လိုက်ပါလျက်ရှိကြောင်း တွေ့လိုက်ကြရလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇၉)

## သံသယရန်ကြေး

လဝန်းသည် ကောင်းကင်ပေါ်ဝယ် ထိန်ထိန်သာနေ၏။

ဝန်းကျင်တစ်ခုလုံး လရောင်ကြောင့် လင်းလင်းချင်းချင်း ဖြစ်နေသည်။

ထို့ကြောင့် ပင်လယ်ပြင်မှ အဖြစ်အပျက်များကို ကောင်းစွာ တွေ့မြင်နေရသည်။

လှေငယ်ကလေးတစ်စင်းသည် ကျောက်ချွန်းလင်တို့ရှိရာဘက်သို့ လျှင်မြန်စွာ လှော်ခတ်လာနေ၏။

ထိုလှေငယ်ကလေး၏ အနောက်ဘက်တွင် လှေဆယ်စင်းခန့် ထက်ကြပ်မကွာ လှော်ခတ်လိုက်ပါလာနေ၏။

ရှေ့ဆုံးမှ လှော်ခတ်လာနေသော လှေကလေးတွင် လူ... ယောက်ပါသည်။



ကျောက်ချွန်းလင် ... အံ့ဩသွားသည်။ တိုက်ဆိုင်လွန်းချေတကား။

"ဟင် ... လှေပေါ်မှာ ဟန်စုချင်ပါလား ... သူနဲ့ ပတ်သက်တဲ့ လူငယ်ဟာ သူ့ရဲ့မောင်လေး ဖြစ်ရမယ် ... "

နောက်မှလိုက်လာသော လှေကလေးများပေါ်ရှိ သူများသည် ဟန်စုချင်၏ ရန်သူများသာ ဖြစ်ရပေလိမ့်မည်။

ကျောက်ချွန်းလင် မနေသာတော့။ လှေဦးမှရပ်ကာ အော်ဟစ်အားပေးလိုက်တော့သည်။

"ညီမဟန်စုချင် ဘာမှစိတ်မပူနဲ့ ... နောက်က လိုက်လာတဲ့ ရန်သူတွေကို ငါတာဝန်ထားပါ ... ငါ ရှင်းပစ်မယ် ... ကဲ ... လှေဆရာတို့ အမြန်ဆုံးလှော်ကြစမ်း ... ရှေ့ကမိန်းကလေးဟာ ကျုပ်ညီမပဲ ... သူ့ကိုကယ်ရမယ် ... "

လှေသမားသားအဖသုံးယောက်အား လှေကို အမြန်ဆုံးလှော်ခတ်ရန် လှည့်၍ အမိန့်ပေးလိုက်ပြန်သည်။

လှေသမားသားအဖသုံးယောက်သည် အနောက်ဘက်မှ လိုက်လာနေကြသူများကိုကြည့်ပြီး ပင်လယ်ဓားပြများဖြစ်ကြောင်း သိရှိလိုက်ကြ၏။

သူတို့လှေသမား အတွေ့အကြုံနှင့် ပင်လယ်ဝတွင် ပင်လယ်ဓားပြများ ကျင်လည်ကျက်စားတတ်ကြောင်း သူတို့ သိရှိထားပါသည်။

"ဆရာလေး ... နောက်က ကောင်တွေက ပင်လယ်ဓားပြ

www.burmeseclassic.com



တွေပါ .... သူတို့က လူပိုများတယ် .... ဖြစ်ပါ့မလား .... ”

အဘိုးအိုက ကြောက်ကြောက်ရွံ့ရွံ့ ပြော၏။

“ဖြစ်တယ် .... ဒီကောင်တွေက ဘာသိုင်းပညာမှ တတ်တာမဟုတ်ဘူး .... ကျုပ်က ဟူတန်းဂိုဏ်းသားဗျ .... ခင်ဗျားတို့သာ ရဲရဲဝံ့ဝံ့လော့်ကြ .... တိုက်ရေးခိုက်ရေးကို ကျုပ်တာဝန်ထား .... ”

အဘိုးအိုမှာ ဘာမျှစောဒကမတက်ဝံ့တော့ဘဲ သားနှစ်ယောက်ကိုသာ ခပ်မြန်မြန်လော်ခတ်ရန် အမိန့်ပေးရတော့သည်။

ကျောက်ချွန်းလင်အား တွေ့လိုက်ရသော ဟန်စုချင်သည် အလွန်တရာ ဝမ်းသာအားတက်သွား၏။

သူမက လှေပေါ်မှအသံကုန်အော်ဟစ်ပြီး အခြေအနေကို ရှင်းပြလေ၏။

“အစ်ကို .... ကျွန်မနောက်ကို လိုက်လာတာ ပင်လယ်ဓားပြတွေပဲ .... ခေါင်းဆောင်က ယန်ပုကျွမ်ဆိုတဲ့လူပဲ .... ”

ယန်ပုကျွမ်ကို စာဖတ်ပရိသတ်များ မှတ်မိကြပေလိမ့်မည်။ သူသည် ဟန်စုချင်အား အသေအလဲလိုချင်ခဲ့သည့် ယန်စီကျူး၏ဖခင် ဖြစ်ပေသည်။

ယန်ပုကျွမ်သည် ယန်စီကျူးနှင့် ဟန်စုချင်တို့အား လက်ထပ်ပေးလိုက်သည်။

ဟန်စုချင်သည် ယန်စီကျူးကို မနှစ်သက်ခဲ့။

ဟန်စုချင်နှင့် ယန်စီကျူးတို့ ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲခဲ့ရာမှ ဟန်စုချင်၏ ရက်စက်သော တိုက်ကွက်ကြောင့် ယန်စီကျူး ရှုံးနိမ့်သွားခဲ့ရလေသည်။



ဟန်ဂို၊ ယန်စုချင်နှင့် ဟန်ချူဖုတို့ ဒုက္ခရောက်သကဲ့သို့ပင် ယန်စီကျူး၏ ဘဝသည်လည်း ဆိုးသထက် ဆိုးသွားတော့သည်။

နဂိုကပင် ဆိုးသွမ်းမိုက်မဲသည့် စိတ်ထားရှိခဲ့ဖူးသူ ယန်စီကျူးသည် ဟန်စုချင်ကို ရှုံးနိမ့်သွားပြီးနောက် ပို၍ ဆိုးသွမ်းမိုက်မဲသွားလေတော့၏။

သူသည် နေအိမ်သို့ မပြန်တော့ဘဲ ခြေဦးတည့်ရာ ထွက်သွားသည်။

လေလွင့်ပေတေရာမှ တစ်နေ့တွင် အရက်ဆိုင်ကလေးတစ်ခုသောက်စားမူးယစ်ပြီး လူတစ်ယောက်နှင့် ခိုက်ရန်ဖြစ်ပွား၏။

ထိုလူကို သတ်မိသဖြင့် ယန်စီကျူးသည် ရာဇဝတ်ဘေးမှ လွတ်မြောက်ရန် ထွက်ပြေးရတော့သည်။

ယန်စီကျူး၏ လက်ချက်ကြောင့် သေဆုံးသွားသူမှာ ဘုရင်မင်းတ်၏ တာဝန်ကို ထမ်းဆောင်နေသော အရာရှိကြီးတစ်ယောက်၏ ဖြစ်သည်။

ထို့ကြောင့် လူသတ်တရားခံကို အလွတ်မပေးဘဲ ခြေရာခံလိုက်ရ ယန်စီကျူး၏ဖခင် ယန်ပုကျွမ်၏ ဇာစ်မြစ်ကို စုံစမ်းသိရှိသွားတော့သည်။

ယန်ပုကျွမ်ကား တစ်ချိန်က ဓားပြဖြစ်ခဲ့သူတည်း။

www.burmeseclassic.com

www.burmeseclassic.com



နောင်မှ သိုင်းသမားယောင်ယောင် ကုန်သည်ယောင်ယောင်ဖြင့် ကြီးပွားလာ ခဲ့သူတည်း။

မမျှော်လင့်ဘဲ စစ်သည်တော်များ ရောက်ရှိလာပြီး နေအိမ်ကို ဝိုင်းရံလာကြသောအခါ ယန်ပုကျွမ်မှာ အကြီးအကျယ် ထိတ်လန့်သွား ရတော့သည်။

သူ၏ အပြစ်များကြောင့် လာရောက်ဖမ်းဆီးသည်ဟု ထင်မှတ်မိသည်။

သူ၏တပည့်များကို စုရုံးပြီး ပြန်လည်ခုခံသော်လည်း မယှဉ်သာဘဲ ရှုံးနိမ့်သွားခဲ့ရသည်။

သူ အဖမ်းမခံချေ။

လှူယုံအနည်းငယ်ဖြင့် ကိုယ်လွတ်ရုန်း ပြေးထွက်သွားခဲ့သည်

သူ၏ပိုင်ဆိုင်မှု ဥစ္စာစနေအားလုံးကို ဘုရင်က သိမ်းပိုက်လိုက်ရာ ယန်ပုကျွမ်မှာ ချက်ချင်းလက်ငင်း ဆင်းရဲသားတစ်ယောက် ဖြစ်သွားလေတော့သည်။

သူ၏သား ယန်စီကျူကြောင့် ယခုလို ဖြစ်ရသည်ကို သူ မသိချေ။

ဟာန်ဂိုကြောင့် ဤသို့ ဖြစ်ရသည်ဟု သူ အထင်မှားခဲ့သည်။ ထို့ကြောင့် ဟာန်ဂိုအပေါ် အငြိုးအတေးကြီးစွာ ထားလိုက်တော့၏။

သူသည် ဘဝဟောင်းသို့ ပြန်လည်ရောက်ရှိသွား၏။



ပင်လယ်ဓားပြခေါင်းဆောင်အဖြစ် ပြန်လည်လုပ်ကိုင်ခဲ့သည်။

ယန်ပုကျွမ်၏ ပင်လယ်ဓားပြအဖွဲ့သည် အင်အားတောင့်တင်းလာပြီး ပင်လယ်ဝတွင် ကြီးစိုးနိုင်သည့် အဖွဲ့တစ်ဖွဲ့ဖြစ်လာ၏။

တစ်နေ့တွင် ဟုစုချင်တို့မောင်နှမနှစ်ယောက် လှေအပျော်စီးရန် ထွက်လာခဲ့ကြသည်ကို ယန်ပုကျွမ်၏တပည့်တစ်ယောက်က တွေ့မြင်သွားရာမှ ယခုကဲ့သို့ လူအမဲလိုက်ပွဲကြီး စတင်ဖြစ်ပွားရခြင်း ဖြစ်ပေတော့၏။

ဟာန်စုချင်နှင့် သူမ၏ မောင်ဖြစ်သူ ဟာန်ချုံဖုတို့သည် ယန်ပုကျွမ်တို့ လာရောက်တိုက်ခိုက်လျှင် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ကြသည်။

သို့သော် လူအင်အား အဆမတန် ကွာခြားနေသဖြင့် ဤသို့ ဆုတ်ခွာထွက်ပြေးခဲ့ကြခြင်း ဖြစ်ပေသည်။

ကျောက်ချွန်းလင်နှင့် မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်းသည် သူတို့မောင်နှမအတွက် ကံကောင်းခြင်းတစ်ရပ်ပင် ဖြစ်လေတော့၏။

ကျောက်ချွန်းလင်က ဟာန်စုချင်တို့အား ကူညီနိုင်ရန် လှေကို အမြန်ဆုံး လှော်ခတ်ခိုင်းသည်။ သူတို့ လှေချင်း ဆုံတွေ့မိကြလျှင် ....

"ဟာန်စုချင် .... ရှေ့ဆက်လှော်သွား .... ယန်ပုကျွမ်ကို ငါ ရှင်ဆိုင်မယ် .... "

ရှေ့ဆုံးမှ လိုက်လာသော လှေပေါ်တွင် ယန်ပုကျွမ်သည် ဓားမတ်မတ်ရပ်လျက် ရှိနေ၏။

ကျောက်ချွန်းလင်က ....

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့လှေ နောက်ပြန်လှည့်သွားပါ .... ကျုပ် ဒါပဲပြော မြယ် .... "

ယန်ပုကျွမ်သည် အူတတ်မတတ် ရယ်လေတော့၏။

တစ်ယောက်တည်းသမားက .... ပင်လယ်ဓားပြအုပ်စုကြီးကို ရာဇသံပေး၍ နောက်ဆုတ်ခိုင်းနေသည် မဟုတ်ပါလော။

"ဟား .... ဟား .... ဟား .... တကာယ့်ကောင်ပဲကွာ .... မင်းက ပြောင်းပြန်ပြောနေတာကိုးကွ .... ကဲ .... ငါမသွားဘူးဆိုပါ တော့ .... မင်း ဘာလုပ်မလဲ .... "

"ဒီလိုဆိုရင် ကျုပ်ကို အဆိုးမဆိုနဲ့ .... "

"ဟား .... ဟား .... ဟား .... ပယ်လယ်ဝမှာ ကျင်လည်ကျက် စားနေတဲ့ ငါလိုလူက မင်းကို ဂရုစိုက်ရမှာလား .... ကဲ .... သေချင် တဲ့ကောင်ကို ငါ သနားနေဖို့ မလိုတော့ဘူး .... "

ယန်ပုကျွမ်သည် လှေချင်းယှဉ်ကပ်ရပ်ပြီး ကျောက်ချွန်းလင်ကို စတင်တိုက်ခိုက်လေတော့၏။

လှေသမား သားအဖသုံးယောက်သည် ကျောက်ချွန်းလင် အတွက် စိတ်ပူနေမိကြ၏။

သို့သော် ....

သိုင်းကွက်ငါးကွက်ခန့် ယှဉ်ပြိုင်တိုက်ခိုက်ပြီးသည့်အခါ .... ကျောက်ချွန်းလင်က .... ယန်ပုကျွမ်၏ လက်ထဲမှဓားကို လုယူနိုင်ခဲ့ သည်။



ယန်ပုကျွမ်သည် ကျောက်ချွန်းလင်အား စာပေသမားလူပျော့ လှည့်ဟု အထင်သေးမိ၍ ရှုံးနိမ့်သွားခြင်း ဖြစ်ပေသည်။

ယန်ပုကျွမ်၏ တပည့်တစ်ယောက်က လှံတစ်ချောင်း ပစ်ပေး ၍ ယန်ပုကျွမ်က ဖမ်းယူပြီး ကျောက်ချွန်းလင်အား နောက်တစ်ကြိမ် ပမ်တိုက်ခိုက်ပြန်သည်။

ယခုတစ်ကြိမ်တွင် သတိကြီးစွာထား၍ တိုက်ခိုက်သဖြင့် တိုက် ကွက်နှစ်ဆယ်ကျော်လာတော့၏။

"ဗှစ် .... ဗှစ် .... ဗှစ် .... "

ဟန်စုချင်၏ မောင်ဖြစ်သူ ဟန်ချုံဖုသည် ယီဖျောင်းရှမ်းထံမှ င်ယူလာသော လက်နက်ပုန်းပစ်ပညာကို အသုံးပြု၍ ကိုယ်တိုင်တိုက် က်နေခြင်းကို စိတ်ဝင်စားစွာ စောင့်ကြည့်နေကြသည်။ ဝင်ရောက် ိုက်ခိုက်ခြင်း မပြုကြချေ။

ထိုအချိန်၌ အလင်းရောင်တန်းတစ်ခု ဝင်းလက်သွားပြီး ယန် ကျွမ်၏ ပခုံးကို ထိမှန်သွားလေတော့၏။

ယန်ပုကျွမ် ထိတ်လန့်သွားသည်။

ဟန်ချုံဖုက တဟားဟားရယ်မောရင်း ....

"ဒီတစ်ခါ ခင်ဗျားသေရတော့မယ် .... ကျုပ်ရဲ့ လက်နက်ပုန်း ာ အဆိပ်အပ်ပဲဗျ .... အဆိပ်သုတ်လိမ်းပြီး စီးကင်ထားတဲ့အပ် .... ား .... ဟား .... "

အမှန်စင်စစ် ဟန်ချုံဖု၏အပ်တွင် အဆိပ်မပါချေ။ ဟန်ချုံဖုက

www.burmeseclassic.com

www.burmeseclassic.com



ယန်ပုကျွမ် ကြောက်လန့်အောင် ခြောက်လိုက်ခြင်း ဖြစ်ပါသည်။ ဟာ
ချုံဖု၏ ပရိယာယ်သည် ထိရောက်အောင်မြင်သွားလေ၏။

ယန်ပုကျွမ် ကြောက်လန့်သွားသည်။

သူသည် စူးစူးဝါးဝါး တစ်ချက်အော်ဟစ်ပြီး သူ့တပည့်များ
နောက်ဆုတ်ရန် အချက်ပေးလေတော့သည်။ သူ၏ တပည့်များ
လှေများကို အမြန်ဆုံးလှော်ခတ်ကာ နောက်ဆုတ်ရှောင်ပြေးကြ
တော့၏။

ကျောက်ချွန်းလင်၊ ဟန်စုချင်နှင့် ဟန်ချုံဖုတို့ ကြည့်နေကြ
ယန်ပုကျွမ်တို့၏ ဓားပြလှေအုပ်စုသည် တဖြည်းဖြည်း ဝေး၍ ဝေး
သွားကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

"ဟင်း .... တော်ပါသေးရဲ့ .... "

ဟန်စုချင်နှင့် ဟန်ချုံဖုတို့သည် သက်ပြင်းကိုယ်စီချပြီး စိ
သက်သာရာ ရသွားကြသည်။

ဟန်စုချင်က ကျောက်ချွန်းလင်နှင့် ဟန်ချုံဖုတို့အား မိတ်ဆ
ပေးသည်။

"မောင်လေး .... ဟောဒါက ကျောက်ချွန်းလင်လို့ ခေါ်တ
ဟူတန်းဂိုဏ်းကပေါ့ .... သူကတော့ ကျွန်မရဲ့ မောင်လေး ဟန်ချုံ
ပါ .... "

ကျောက်ချွန်းလင်နှင့် ဟန်ချုံဖုတို့သည် လက်ဖမိုးယှက်
တစ်ဦးကိုတစ်ဦး ဂါရဝပြုလိုက်ကြလေ၏။



ဟန်စုချင်က ....

"အစ်ကိုက ဘယ်လိုကနေ ဘယ်လို ဒီကိုရောက်လာရတာလဲ"

"ညီမလေးတို့ဆီ လာတာပဲ .... "

"ရှင် .... "

ဟန်စုချင် အံ့သြသွားပြီး ....

"ဘာကိစ္စ ရှိလို့လဲရှင် .... "

"ဟူရှန်ဖုံ မသေသေးဘူး ညီမရဲ့ .... ဒါကြောင့် ညီမရဲ့ အဖေ
အပါအဝင် လူထူးလူဆန်းသုံးဦးကို လာမင့်ဖိတ်ရတာပါ .... ဟိုမှာ
သူ့ရဲ့ကောင်းကြီး ကျုံဖေနဲ့ ငါ့ဆရာ ယက်ချင်ရှင်းတို့ စောင့်နေကြ
တယ်"

ဟန်စုချင် မျက်နှာပျက်သွားသည်။

"ဒီလိုဆိုရင် အေးအေးဆေးဆေးနေလို့ မဖြစ်ဘူး .... ဖေဖေ့ကို
မြန်မြန်ပြောမှ .... ကဲ .... လာ .... ကျွန်မနောက် လိုက်ခဲ့ပါ"

ဟန်စုချင်က ရှေ့မှ လမ်းပြလှော်ခတ်သွားရာ ကျောက်ချွန်း
လင်တို့လှေက နောက်မှ လိုက်သွားရတော့သည်။

မကြာမီ ကျောက်ချွန်းလင်သည် ဟန်ဂိုဏ်၏ရှေ့မှောက်သို့ ရောက်
ရှိသွားလေ၏။

ဟူရှန်ဖုံ အသက်ရှင်နေသေးကြောင်း သတင်းကို ကြားသိလိုက်
ရသောအခါ ဟန်ဂို တုန်လှုပ်ချောက်ချားသွားတော့သည်။

ကျောက်ချွန်းလင်ကို သူ၏အိမ်တွင် ညှော်ခံထားပြီး ဟန်ချုံဖု

www.burmeseclassic.com

www.burmeseclassic.com



အား တာမိုနှင့် ကင်စီဂွမ်တို့ထံသို့ စေလွှတ်လိုက်၏။

နှစ်ရက်ခန့်ကြာသောအခါ တာမိုနှင့် ကင်စီးဂွမ်တို့ မျက်နှာ မသာမယာဖြင့် ဟန်ဂို၏အိမ်သို့ ရောက်ရှိလာကြသည်။

တာမိုက ခရီးရောက်မဆိုက် မေးလေ၏။

"ဟူရှန်ဖုံ မသေသေးဘူးဆိုတာ သေချာရဲ့လားကွ ...."

ဟန်ဂို ခေါင်းညိတ်ကာ ....

"ဟုတ်တယ် .... သေချာတယ် .... နောင်ကြီး ကျုံဖေနဲ့ နောင်ကြီး .... ယက်ချင်ရှင်းဆီက .... ဆက်သားကိုယ်တိုင် ရောက်လာတာပဲ ဥစ္စာ"

"ဒါဖြင့် ငါတို့ ဘယ်လိုလုပ်ကြမလဲ .... "

"ဘာလုပ်ရမလဲ .... သွားပြီး ရင်ဆိုင်ကြရုံရှိတာပေါ့ .... "

ထိုစကားကို ဝင်ပြောသူမှာ ကင်စီးဂွမ်ဖြစ်၏။

တာမိုကား သဘောကျ၍ မဆုံးတော့။

"ကောင်းတယ် .... ကျုပ် သဘောတူတယ် .... ဟူရှန်ဖုံ အသက်ရှင်နေသရွေ့ မကောင်းမှုဒုစရိုက်တွေ လုပ်နေဦးမှာပဲ .... ကျုပ် တို့ သူကို ရှင်းပစ်မှဖြစ်မယ် .... ကျုပ်တို့ သေချင်လည်း သေပါစေ"

တာမိုသည် ဟူရှန်ဖုံကို ရှင်းလင်းသုတ်သင်ရန် ကိစ္စတွင် ကင်စီး ဂွမ်ထက်လည်းကောင်း၊ ဟန်ဂိုထက်လည်းကောင်း ပို၍တက်ကြွသည်

သူသည် ဒုစရိုက်သမားများကို လွန်စွာမုန်းတီးသူဖြစ်၏။

သူ့မိဘနှစ်ပါးသည် ဒုစရိုက်သမား အောက်လမ်းဂိုဏ်းသား



သိုင်းသမားတစ်ယောက်၏ ရက်ရက်စက်စက် သတ်ဖြတ်မှုကို ခံရပြီး သေဆုံးခဲ့ရပေသည်။

ထို့ကြောင့် သူသည် ဒုစရိုက်သမားများကို ခါးခါးသီးသီးမုန်းတီး နေပေသည်။

ကျောက်ချွန်းလင်က သူ သိထားသမျှ အခြေအနေများကို ရှင်း လင်းပြောပြလေ၏။

ဝါပိရာလည်း ရှိနေကြောင်း ရှင်းပြသည်။

ကင်စီးဂွမ် အားတက်သွား၏။

"ဝါပိရာရှိနေတာ သိပ်ကောင်းတယ် .... ဟူရှန်ဖုံရဲ့ သိုင်းကွက် တချို့ကို သူ့ဆီက စုံစမ်းရမယ် .... "

"ဒါဖြင့် အချိန်ဆွဲနေလို့ မဖြစ်ဘူး .... ကျုပ်တို့ မြန်မြန်သွားကြ င် ကောင်းမယ် .... စောင့်နေတဲ့လူတွေ လည်ပင်းရှည်နေရော့မယ်"

တာမိုက လောဆော်လိုက်သဖြင့် အားလုံး လှုပ်လှုပ်ရှားရှား စ်သွားကြ၏။

ခရီးထွက်ရန် ချက်ချင်းပြင်ဆင်ကြရတော့သည်။

သူတို့သည် ရေလမ်းခရီးအတိုင်း .... ခရီးထွက်လာခဲ့ကြတော့ သည်။

ဟန်ဂို၊ တာမို၊ ကင်စီးဂွမ်၊ ကျောက်ချွန်းလင်၊ ဟန်ချုံဖုနှင့် ဟန် ချင်တို့ အားလုံးပါဝင်ရာ အတော်ကလေး အင်အားတောင့်တင်းသည် ဆိုနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူတို့ရှေ့၌ လှေကလေးများစွာ လှော်ခတ်လာသဖြင့် အားလုံး အံ့သြသွားကြသည်။

"ဟ .... ဘာလှေတွေလဲဟ .... "

တာမိုက စာအံ့တသြမေးလေ၏။

ဟန်ချုံဖုက အရေးတကြီး ရှင်းပြလိုက်ရသည်။

"အကြီး .... ဒါဟာ ယန်ပုကျွမ် ခေါင်းဆောင်တဲ့ ပင်လယ်ဓား ပြအဖွဲ့တွေပဲ .... သူတို့ ကျွန်တော်တို့ကို နှောင့်ယှက်ခဲ့ကြသေးတယ် အစ်ကိုကြီး ကျောက်ချွန်းလင် ဝင်ပြီးကယ်လို့ ကျွန်တော်တို့ လွတ် လာတာ .... အခု သူတို့ စိတ်မကျေပွဲနွှဲဖို့ ထပ်စောင့်နေတာပဲ ဖြစ် မယ် .... "

ဟန်ဂိုဲ မျက်မှောင်ကုတ်သွားသည်။

ယန်ပုကျွမ်သည် ပင်လယ်ဓားပြ ဖြစ်သွားသည်ကို သူ မသိပေ။ သူသည် စပ်စုသူ မဟုတ်ပေ။

ထိုစဉ် လှေငယ်တစ်စင်းသည် ရှေ့ဆုံးကျွံထွက်လာပြီး ဟန်ဂိုဲ တို့အား ဟန့်တားလာသည်။

"ရပ်စမ်း .... "

ဟန်ဂိုဲ လှမ်းကြည့်လိုက်သောအခါ ထိုလှေပေါ်၌ ယန်ပုကျွမ် ပါသည်ကို တွေ့ရ၏။

ယန်ပုကျွမ်သည် ဟန်ဂိုဲကို တွေ့သည်နှင့် ဒေါသပုန် ထလေ တော့၏။



"ဟန်ဂိုဲ .... မင်းနဲ့ ငါ ရန်ကြွေးကို ဒီနေ့ပဲ ရှင်းကြမယ် .... ဒင်းလွတ်ရင် ကံကောင်းပြီလို့သာ မှတ်ပေတော့ .... "

ယန်ပုကျွမ်သည် စကားဆုံးသည်နှင့် လက်ကို ဝှေ့ယမ်းပြီး အချက်ပြလိုက်သည်။

ထိုအခါ အခြားလှေငယ်များတွင် လိုက်ပါလာသည့် ပင်လယ် ဓားပြအဖွဲ့သားများသည် ရေထဲသို့ ဂုန်းခနဲ ဂုန်းခနဲ ခုန်ဆင်းသွားကြ လေတော့၏။

သူတို့ တစ်ခုခု အကောက်ကြံမည်ကား မြေကြီးလက်ခတ်မလွဲ သေချာလှတော့သည်။

အတွေ့အကြုံရင့်ကျက်သော ကင်စီးဂွမ်က အော်ဟစ်သတိပေး လိုက်လေ၏။

"အားလုံး သတိထားပေ့ .... သူတို့က ရေငုပ်ပြီး တို့လှေကို ဖောက်ကြလိမ့်မယ် .... "

ကင်စီးဂွမ်၊ တာမိုနှင့် ဟန်ဂိုဲတို့သည် ပေါက်ဓားမြှောင်များကို ထုတ်ယူလိုက်ပြီး ရေထဲသို့ စိုက်ကြည့်နေကြသည်။

မကြာမီ ပေါက်ဓားများကို ရေထဲသို့ တစ္စပ်စွပ် ပစ်ကြလေ တော့၏။

နီရဲသောသွေးများတက်လာပြီး ဓားပြသုံးယောက်၏အလောင်း များသည် ဘွားခနဲ ပေါ်လာတော့သည်။

နောက်ထပ် ငုပ်သူများလည်း နောက်ထပ် ပေါ်ကြရန်ပြန်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ရေပြင်မှာ အနီရောင် သမ်းသွားတော့သည်။

ပင်လယ်ဓားပြများမှာ ဟာန်ဂို၊ တာမိုနှင့် ကင်စီးဂွမ်တို့၏ လက်စွမ်းကြောင့် ဆက်၍ ရေမငုပ်ရဲကြတော့ပေ။

လှေဖောက်ရန် အကြံအစည် မအောင်နိုင်ကြောင်း သိရှိသွားသောအခါ ယန်ပုကျွမ်မှာ ဒေါ့ဒေါ့ခုန် ဒေါသထွက်ရလေတော့၏။

"ဟေ့ .... ဝိုင်းတိုက်ကြစမ်း .... "

သူ၏အမိန့်ပေးသံအဆုံးတွင် ဝိုင်းရံထားသော ပင်လယ်ဓားပြလှေများသည် တစ်ဟုန်ထိုး ချဉ်းကပ်လာပြီး လက်နက်မျိုးစုံဖြင့် တိုက်ခိုက်ကြလေတော့၏။

ဟာန်ဂို၊ တာမို၊ ကင်စီးဂွမ်၊ ဟာန်ချုံဖု၊ ဟာန်စုချင်နှင့် ကျောက်ချွန်လင်တို့ကလည်း ပြန်လည်၍ တိုက်ခိုက်ကြသည်။ အရည်အချင်းနှင့် အရည်အတွက်သည် ဤတစ်ကြိမ်တွင် စကားပြောသွားပြန်၏။ ပင်လယ်ဓားပြများမှာ လူသာများပြီး အရည်အချင်း မရှိကြပေ။

ယန်ပုကျွမ်သည် ဟာန်ဂိုကို အခဲမကြေနိုင်ဘဲ သဲကြီးမဲကြီး တိုက်ခိုက်သော်လည်း သိုင်းပညာအရာတွင် ဟာန်ဂိုကို မမီသဖြင့် သူ့မှာ အရေးနိမ့်လာရတော့သည်။

သိုင်းကွက်သုံးဆယ်မျှ တိုက်ခိုက်ပြီးသောအခါ ဟာန်ဂိုက ယန်ပုကျွမ်၏ သွေးကြောကို ပိတ်ပစ်နိုင်ခဲ့တော့သည်။

သူသည် ယန်ပုကျွမ်အား ချုပ်ကိုင်လိုက်ပြီး ....

"မင်းရဲ့ လူတွေရပ်ဖို့ အမိန့်ပေးလိုက်စမ်း .... ငါတို့ အလကား



နေရင်း လူမသတ်ချင်ဘူး .... "

ယန်ပုကျွမ်မှာ အဖမ်းခံရပြီဖြစ်၍ မတတ်သာတော့ဘဲ ချက်ချင်း အမိန့်ပေးရတော့သည်။

"အားလုံး ရပ်လိုက်ကြစမ်း .... "

သူ၏အမိန့်ပေးသံကြောင့် ပင်လယ်ဓားပြအားလုံး တိုက်ခိုက်မှု ရပ်စဲလိုက်ကြလေ၏။

ဟာန်ဂိုက သူ့အားကြည့်ကာ ....

"ခင်ဗျားက ဘယ့်နှဲ့ ပင်လယ်ဓားပြခေါင်းဆောင် လုပ်နေရတာလဲ .... ကျုပ်ဖြင့် အံ့ရောဗျာ .... "

ယန်ပုကျွမ်က မဲ့မဲ့ရွဲ့ရွဲ့ ပြောလေ၏။

"မင်းနဲ့ ငါ မတည့်တာနဲ့ ဘာဖြစ်လို့ အာဏာပိုင်တွေဆီကို ငါ့အကြောင်း သတင်းပေးတိုင်ကြားရတာလဲ .... မွန်ဂိုဘုရင်က ငါ့ပစ္စည်းအားလုံး သိမ်းသွားပြီကွ .... "

သူ၏စကားကြောင့် ဟာန်ဂိုမှာ ကြောင်အမ်းအမ်းဖြစ်သွားရတော့သည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ .... ကျုပ် လုံးဝနားမလည်ဘူး .... ကျုပ်က မွန်ဂိုဆန့်ကျင်ရေးသမားပဲ .... မွန်ဂိုတွေကို ကျုပ်မုန်းတယ် .... သူတို့နဲ့ ကျုပ် ဘာအဆက်အသွယ်မှ မရှိဘူးဗျ"

ယန်ပုကျွမ်က အံကြိတ်ကာ ....

"ငါ့ရဲ့အိမ်နဲ့ ပစ္စည်းတွေကို သိမ်းယူသွားကြပြီလေ .... မင်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ငါ့အကြောင်း သတင်းပေးခဲ့တာ မဟုတ်လား ....”

“ခင်ဗျား မှားနေပြီ .... သတင်းပေးတာ ကျုပ် မဟုတ်ပါဘူး”

“မင်းမဟုတ်ရင် ဘယ်သူရှိဦးမလဲ ....”

ထိုစဉ် ဟန်ချူဖုက ကြားဖြတ်ရှင်းပြလာလေ၏။

“သူ့ရဲ့ပစ္စည်းတွေ အသိမ်းခံရတာနဲ့ ကျွန်တော်တို့အပေါ် စွပ်စွဲနေတာပါ .... တကယ်တော့ သူ့ရဲ့သားက အရာရှိကြီးတစ်ယောက်ရဲ့သားကို သတ်ပစ်ခဲ့လို့ စုံစမ်းစစ်ဆေးရင် သူ့ဓာစ်မြစ်ပေါ်ပြီး သူ့ပစ္စည်းတွေကို ထမ်းတာပါ .... ဒီအကြောင်း ကျွန်တော်တို့တောင် သိပါတယ် သူ မသိတာတော့ အတော့်ကို အံ့ဩစရာကောင်းလှပါတယ် ....”

သူ၏စကား မှန်ကန်နေပါသည်။

ယန်ပုကျွမ်သည် သူ့သား တစ်နယ်တကျေး၌ လူသတ်ထွက်ပြေးသွားသည်ကို သိရှိသော်လည်း အသတ်ခံရသူသည် အရာရှိကြီးတစ်ဦး၏ သားဖြစ်ကြောင်းကိုတော့ မသိရှိခဲ့ပေ။ နေပြည်တော်မှ သူ့အား စုံစမ်းထောက်လှမ်းခြင်းကိုလည်း မသိခဲ့ပါပေ။

ဟန်ချူဖု၏ စကားကို ကြားသောအခါ သူ လွန်စွာအံ့ဩသည်။ သူ့တပည့်များကလည်း ထိုအကြောင်းနှင့် စပ်လျဉ်း၍ တစ်ကြိမ်တစ်ခါမျှ သူ့အား အမှန်အတိုင်း ဖွင့်မပြောခဲ့ကြချေ။

“ကဲ .... ယန်ပုကျွမ် ကျုပ်တူပြောတာ အမှန်တွေပဲ .... ခင်ဗျား မယုံဘူးဆိုရင် လိုက်မေးကြည့်ပါ .... ခင်ဗျားဒုက္ခရောက်အောင် ကျုပ် မလုပ်ပါဘူး ....”



ယန်ပုကျွမ် တွေဝေသွားသည်။

သူ တစ်ခုတော့ ယုံသည်။ ဟန်ဂိုသည် ရိုးသားသူဖြစ်သည်။ လိမ်ပြောမည့်သူ မဟုတ်ချေ။

“မင်းရဲ့ သားကို ဆုံးမသွန်သင်မှု မရှိခဲ့လို့ .... အခုလို ဖြစ်ရတာ”

တာမိုက ကြားဖြတ်ဝင်ပြောပြီးမှ ဟန်ဂိုဘက်သို့ လှည့်ပြောသည်။

“နံပါတ်သုံး .... သူ့ကို လွှတ်လိုက်စမ်းပါ .... တို့တစ်တွေ ခရီးဆက်ရဦးမယ် မဟုတ်လား .... ဘာမဟုတ်တဲ့ ကိစ္စကြောင့် တို့ ခရီးအတော် နှောင့်နှေးနေပြီကွ ....”

ဟန်ဂိုက သက်ပြင်းချလိုက်သည်။

ယန်ပုကျွမ်၏ သွေးကြောများကို ဖွင့်ပေးလိုက်သည်။

“ကဲ .... ခင်ဗျားကို ကျုပ် ချမ်းသာပေးလိုက်ပါတယ် .... အေးအေးဆေးဆေး ပြန်သွားပါ .... အဖြစ်မှန်သိပြီးလို့ ပြန်တွေ့ချင်တယ်ဆိုလည်း ကျုပ်က အဆင်သင့်ပါ ....”

ယန်ပုကျွမ် ခေါင်းငုံ့ထား၏။

ဟန်ဂိုအပေါ် သူ အထင်လွဲခဲ့ပြီဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် တိုက်ခိုက်ရန် မကြိုးစားတော့ဘဲ သူ၏ တပည့်များနှင့်အတူ နောက်လှည့်ကာ ပြန်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဂိုတို့လည်း အချိန်မဆွဲဘဲ ရှေ့ခန်းဆက်လာခဲ့ကြသည်။

ထိုနေ့ ထိုအချိန်မှစ၍ ယန်ပုကျွမ်၏ သတင်းကို မကြားရတော့ချေ။

ပင်လယ်ဝတွင် သောင်းကျန်းနေသော ပင်လယ်ဓားပြများသည်လည်း ထိုနေ့မှစ၍ စုပ်စမြုပ်စ ပျောက်သွားတော့၏။

ယန်ပုကျွမ်သည် သူ့အမှားကို သိရှိနောင်တရပြီး လုံးလုံးလျားလျား ဓာတ်မြုပ်သွားခဲ့ခြင်းသာ ဖြစ်ပါသတည်း။



## အခန်း(၁၀)

## တိုက်ပွဲအတွက်နည်းဗျူဟာ

ကျောက်ချွန်းလင်သည် ငါးရက်အတွင်း လူထူးလူဆန်းသုံးဦး၊ ဟန်စုချင်နှင့် ဟန်ချုံဖုတို့ကို ယာတဲကလေးဆီသို့ ခေါ်လာပေးနိုင်ခဲ့၏။

ယာတဲတွင်လည်း စောင့်နေသူလူစု ရှိနေလေ၏။

ဟန်ဂိုတို့သည် ဝါပိရှာကိုတွေ့ရချင် ဝမ်းသာအားရ နှုတ်ဆက်ကြ၏။

ဝါပိရှာတို့သားအမိသည် မိစ္ဆာကျွန်း၌ သူတို့ကို ကူညီခဲ့သူများ မဟုတ်ပါလား။

"ဝါပိရှာ .... မင်းက ဟူရှန်ဖုံရဲ့ လက်အောက်မှာ နေခဲ့ရတယ် မဟုတ်လား .... "

ဟန်ဂိုက မေးမြန်းခြင်း ဖြစ်သည်။

"ဟုတ်ပါတယ် .... "

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်းရဲ့ သိုင်းပညာ ဘယ်လို ထူးခြားသလဲ .... သင်ခဲ့တာ ဘယ်လောက်ကြာပြီလဲ .... "

"ကျွန်မ ခုနစ်နှစ်သမီးကစပြီး သိုင်းသင်ခဲ့ပါတယ် .... ဆယ့်လေးနှစ်လောက်ကြာအောင် သင်ခဲ့ရပါတယ် .... ဒါပေမယ့် ကျွန်မက ဉာဏ်မကောင်းတော့ သိပ်ပြီး မထူးချွန်ဘူးပေါ့ရှင် .... "

"ဘာပဲဖြစ်ဖြစ် မင်းနဲ့ ဟူရှန်ဖုံတို့ဟာ သားအဖပဲ မဟုတ်လား ဒါကြောင့် သူ့ရဲ့ အရင်းခံ သိုင်းပညာကို မင်း သိရမှာပေါ့ .... ထူးဆန်းတဲ့ တိုက်ကွက်ဟာ ဘယ်လိုလဲ .... ပျော့ကွက်ကရော ဘယ်လိုလဲ ဘယ်မှာရှိသလဲ .... မင်း သေသေချာချာစဉ်းစားပြီး ပြောပြပါ .... "

မှန်ပါသည်။

ဝါဗီရှာအား ဟူရှန်ဖုံက သိုင်းပညာ သင်ပေးခဲ့ခြင်း ဖြစ်သည်။

ဟူရှန်ဖုံသည် ငယ်စဉ်က ဝါဗီရှာကိုချစ်၍ သူ၏ အစိကအားထားရသော သိုင်းပညာကို သင့်ပေးလိမ့်မည်သာ ဖြစ်သည်။

ထို့ကြောင့် ဟူရှန်ဖုံ၏ ထက်မြက်သော သိုင်းကွက်နှင့် ဟာကွက် ပျော့ကွက်များကို ဝါဗီရှာ သိထားလိမ့်မည်ဟု အားလုံးက ယုံကြည်ထားကြလေသည်။

ဟာကွက် ပျော့ကွက်ကိုပါ သိရလျှင် ဟူရှန်ဖုံအား ကျိန်းသေ သုတ်သင်နိုင်မည် ဖြစ်သည်။

ဝါဗီရှာက စဉ်းစားနေ၏။

အတန်ကြာမှ သက်ပြင်းချရင်း ....



"ကျွန်မရဲ့သိုင်းပညာဟာ ဘယ်လိုအမျိုးအစားလဲဆိုတာ ကျွန်မကိုယ်တိုင် မသိပါဘူး .... ဟူရှန်ဖုံရဲ့ အကောင်းဆုံး သိုင်းပညာကတော့ အအေးလက်ဝါးနဲ့ မိုးယက္ခ သိုင်းပညာတို့ပဲ ဖြစ်ပါတယ် .... သူ့ရဲ့ ပျော့ကွက်ကိုတော့ ကျွန်မ မသိပါဘူး .... "

အားလုံး စိတ်ပျက်သွားကြသည်။ အရေးကြီးသည့်အချက်မှာ ဟူရှန်ဖုံ၏ ပျော့ကွက်ကို သိရှိရန်သာ ဖြစ်ပါသည်။ ယခု ဝါဗီရှာက မသိဘဲ ဖြစ်နေသဖြင့် ဟူရှန်ဖုံအား တိုက်ခိုက်ရေးမှာ မရေမရာ ဖြစ်လာပါသည်။

ကင်စီးဝွမ်က ခပ်ဖြည်းဖြည်း ပြောပြလေ၏။

"လူတစ်ဦးရဲ့ ခန္ဓာကိုယ်မှာ အထိမခံနိုင်ဘဲ နေရာတွေရှိတယ်၊ အရှေ့ဘက် ရင်ဘတ်မှာ နှစ်ဆယ့်လေးနေရာ၊ နောက်ကျောဘက်မှာ ဆယ့်နှစ်နေရာ၊ လူတစ်ယောက်နဲ့ တစ်ယောက် အထိမခံနိုင်ဘဲ နေရာချင်း မတူညီကြဘူး .... ဝါဗီရှာနဲ့ ဟူရှန်ဖုံဟာ ဘယ်နေရာတွေ အထိမခံနိုင်သလဲဆိုတာ စဉ်းစားပေးပါ .... အခု ညည်းပြောတဲ့အတိုင်းဆိုရင်တော့ ဟူရှန်ဖုံရဲ့ သိုင်းပညာဟာကွက်ကို မသိနိုင်တော့ဘူး .... ဒီတော့ ခန္ဓာကိုယ်ပျော့ကွက်ကိုပဲ ရှာရတော့မှာပေါ့ .... "

ဝါဗီရှာက ချက်ချင်းပင် ပြော၏။

"ဟူရှန်ဖုံရဲ့ ခန္ဓာကိုယ် ပျော့ကွက်ကတော့ သူ့ရဲ့နားပဲ .... သူဟာ နားတစ်ဘက် မရှိတော့ အဲဒါကို ဖုံးအောင် ဆံပင်ရှည်ထားခဲ့တာပဲပေါ့ .... "

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ငြိမ်သက်စွာ နားထောင်နေသော ယိဖျောင်းရှမ်း ခေါင်း ညိတ်ကာ ....

"ဟုတ်တယ် .... သူနဲ့ တိုက်ခိုက်ရင် ဦးခေါင်းကို အဓိကထား တိုက်ခိုက်ရမယ် .... ဆံပင်တွေကို ပြတ်အောင်တိုက်ခိုက်နိုင်ရင် သိပ် ကောင်းမယ် .... သူ့နားရွက် ပြတ်နေတာကိုပေါ်အောင်ဖော်ရင် သူ ဒေါသ သိပ်ထွက်လိမ့်မယ် .... အဲဒီမှာ အမှားတွေပေါ်လာမှာ အသေ အချာပဲ .... "

ဟူရှန်ဖုံအား အလွယ်တကူ အနိုင်ရနိုင်မည် မဟုတ်ကြောင်း အားလုံးကပင် နားလည်ထားကြသည်။

အကယ်၍သာ တိုက်ပွဲဖြစ်လာလျှင် ဟူရှန်ဖုံ၏ အနီးသို့ ကပ်ရန် ပင် လွယ်မည်မဟုတ်ပါ။

ထို့ကြောင့် ဆံပင်ကိုထိအောင် တိုက်ခိုက်ရန် ပို၍ လွယ်မည် မဟုတ်ချေ။

ယခု သူတို့ကိစ္စမှာ ကြောင်၏ရန်ကို ကြွက်တင်ကာကွယ်နိုင်ရန် ချူဆွဲပေးရမည့်ကိစ္စလို ဖြစ်နေ၏။

သူတို့ တစ်ယောက်ချင်း မည်သူမျှ ဟူရှန်ဖုံအနီးသို့ ကပ်နိုင်လိမ့် မည်မဟုတ်ပါ။

သူတို့ထဲ၌ အတွင်းအား အကောင်းဆုံး ကင်စီးဂွမ်က ရှူးခနဲ သတိပေးလိုက်၏။

"သတိထားကြ .... အပြင်မှာလူရှိတယ် .... "



သူ၏ သတိပေးစကားသံနှင့် မရှေးမနှောင်းမှာပင် အခန်းတွင်း သို့ အရာဝတ္ထုတစ်ခု လွင့်စဉ်ဝင်ရောက်လာသည်။

ထိုအရာဝတ္ထုသည် တဲအိမ်ကလေး၏နံရံကို ဖောက်ထွင်းကာ ကျလာခြင်း ဖြစ်သည်။

အားလုံး ထိတ်လန့်သွားပြီး ကမူးကမူး ရှောင်တိမ်းလိုက် ကြလေသည်။

ဟန်ဝိုက လှမ်းကြည့်လိုက်သောအခါ လူဦးခေါင်းခွံတစ်လုံးဖြစ် နေကြောင်း တွေ့လိုက်ရလေ၏။

ဝါပိုရှာ မျက်နှာပျက်သွားသကဲ့သို့ပင် အားလုံးသည်လည်း မျက် နှာပျက်သွားကြသည်။

"ဟာ .... ဟူရှန်ဖုံ ရောက်လာပြီ .... "

ကင်စီးဂွမ်မှတစ်ပါး အားလုံး တစ်ပြိုင်တည်း ရေရွတ်မိကြလေ ၏။

ယိဖျောင်းရှမ်းသည် ရွှမ်းခနဲ ဓားကို ဆွဲထုတ်ပြီး ထရပ်လိုက် လေ၏။

ကင်စီးဂွမ်က လက်ဖြင့် တားလိုက်သည်။

"ဟေ့ .... မင်း မထွက်နဲ့ .... သူ ဝင်လာပါစေ .... သူ မလာရင် လည်း ငါပဲသွားမယ် .... "

သူတို့ စောင့်သော်လည်း မည်သူမျှ ဝင်မလာသဖြင့် ကင် စီးဂွမ် ခုန်ထွက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တာမို၊ ဟန်ကိုနှင့် ယန်ချင်ရှမ်းတို့ကလည်း လျှပ်တစ်ပြက် နောက်မှ ပြေးလိုက်သွားကြတော့သည်။

အပြင်ဘက်တွင် အရိုပ်မည်းကြီးလေးခု ရှိနေပါ၏။ သတို့ မပြေး ကြပါ။

ကင်စီးဂွမ်တို့ လူစုနှင့် ရင်ဆိုင်တွေ့ဆုံကြပါသည်။

တာမို၊ ကျုံဖေ၊ ဟန်ကိုနှင့် ယန်ချင်ရှင်းတို့က ဝိုင်းရံထားလိုက် ကြသည်။

ထိုလူများအနက် ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ....

"ကျုပ်တို့ ရန်ပြုဖို့လာတာ မဟုတ်ပါဘူး .... ခင်ဗျားတို့ သတင်းလာပို့တာ .... အရိုးခေါင်းထဲမှာ စာပါတယ် .... ကျုပ်တို့ ဒုက္ခပေးဖို့ မလိုပါဘူး .... "

သိုင်းလောက၏ ထုံးစံအရ သတင်းလာပို့သူကို ဖမ်းဆီးထား ခြင်း မပြုရချေ။

သူတို့အား ပြန်လွှတ်ရမည် ဖြစ်သော်လည်း တာမိုသည် ထိုလူ များကို ပြန်မလွှတ်ချင်ပေ။

"မင်းတို့က ဘာဖြစ်လို့ မခန့်လေးစား လုပ်ရတာလဲ၊ သတင်း ပို့ချင်ရင် ခွင့်တောင်းပြီး အထဲဝင်ပါလား .... ဘာကြောင့် အပြင်က ပစ်ရတာလဲ .... "

ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ....

"အယ်လိုပို့ပို့ ခင်ဗျားတို့ဆီကို ရောက်ရင်ပြီးရောပေါ့"



ထိုစကားကြောင့် ယန်ချင်ရှမ်း ဒေါသထွက်သွားသည်။

"မင်းလေးသံက မာလှချည်လား .... မင်းတို့ကြောင့် အိမ်နံရံ ပေါက်ပြဲသွားရပြီ .... ဒါဟာ တမင်စော်ကားတာပဲ .... မင်းတို့ ဒူး ထောက်ပြီး တောင်းပန်ရမယ် .... "

ထိုအခါ ဝတ်စုံနက်များက ရယ်မောလိုက်ကြလေသည်။

ဝတ်စုံနက် ဝတ်ဆင်ထားသူများ၏ အမည်များမှာ ကြောင် မောင်၊ ကြောင်စန်း၊ ဖူရှင်းနှင့် စန်ပတို့ ဖြစ်သည်။

သူတို့သည် ဝါဝိရှာတို့ သားအမိကို ဖမ်းဆီးသွားသူများ ဖြစ်ကြ သည်။

သူတို့သည် ရယ်မောရင်း တစ်ယောက်တစ်လက် ဝှေ့ယမ်းရင်း တာမိုအား လက်နက်ပုန်းဖြင့် တိုက်ခိုက်ကြသည်။

တာမိုက ဖြိုးလိုက်သည်။

သူသည် လက်နက်ပုန်းပစ် ကျွမ်းသူဖြစ်လေရာ သူ၏အင်္ကျီ လက်စရှည်ကို ဝှေ့ယမ်းလိုက်သည်နှင့် ပစ်လွှင့်လာသော လက်နက် ပုန်းများကို ဖမ်းဆီးပြီး ဖြစ်သွားတော့သည်။

"မင်းတို့ပစ္စည်း မင်းတို့ပြန်ယူ .... "

"ဖျန်း .... ဖျန်း .... "

တာမိုသည် စကားဆုံးသည်နှင့် သူ့အင်္ကျီ လက်စရှည်ကို ခါ ယမ်းလိုက်ရာ ဓော်စုံနက်လေးယောက်သည် အလန့်တကြား ရှောင် တိမ်းကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တာမိုက တကယ်ပစ်ခြင်း မဟုတ်ပါ။ အရောင်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။

ထိုလူများ ရှောင်တိမ်းသွားစေသော တကယ်တမ်း ပစ်လိုက်ပါသည်။

ထို့ကြောင့် ....

ဝတ်စုံနက်လေးယောက်ထဲမှ နှစ်ယောက်ကို တည့်မတ်စွာထိကာ ကျန်နှစ်ယောက်ကို ရှပ်ထိသွား၏။

တည့်မတ်စွာ အထိခံရသော လူနှစ်ယောက်မှာ တစ်ကိုယ်လုံး ထုံကျဉ်ပြီး မြေပေါ်သို့ လဲကျသွားလေ၏။

တာမိုက ရှေ့တိုးပြီး ကျန်လူနှစ်ယောက်ကို ဖမ်းချုပ်သည်။

ထိုလူများ ကြောက်အားလန့်အားဖြင့် နောက်ဆုတ်ပြေးကြသည်။

တာမိုက အပင်ပန်းမခံလိုတော့သဖြင့် ဟာန်ဂိုအား ....

"နံပါတ်နှစ် .... မင်းပဲ သူတို့ကို ဖမ်းလိုက်စမ်းပါကွာ"

ဟာန်ဂိုက ပြုံးလိုက်ပြီး ရှေ့တိုးလာ၏။ သူ မဖမ်းရသေးမီ သစ်ပင်များအကြားမှ လူရိပ်တစ်ခု ခုန်ထွက်လာပြီး လက်ဝါးတစ်ချက် ရိုက်ထုတ်ရာ ဟာန်ဂိုမှာ အလန့်တကြား နောက်ဆုတ်လိုက်ရတော့သည်။

ကျုံဖေက အရေးတကြီး အော်ဟစ်လိုက်လေ၏။

"သတိထားကြ .... ဟူရှန်ဖုံ ရောက်လာပြီ .... "

ဟာန်ဂိုနှင့် တာမိုတို့ နောက်ဆုတ်ပေးလိုက်ရ၏။



ထိုလူရိပ်သည် ဝတ်စုံနက်နှစ်ယောက်အား ပွေ့ထူပြီး ကျန်လူနှစ်ယောက်ကို ဖေးမကာ နောက်ဆုတ်သွားသည်။

ထိုလူရိပ်ကား အမှန်တကယ်ပင် ဟူရှန်ဖုံ ဖြစ်နေလေ၏။

ထို့ကြောင့် အားလုံး ထိတ်လန့်တုန်လှုပ်သွားကြသည်။

"ဟား .... ဟား .... ဟား .... "

ဟူရှန်ဖုံက သူတို့အားကြည့်ကာ ရယ်ချလိုက်သည်။

ဟာန်ဂိုတို့သည် ရင်ထိတ်နေသော်လည်း ဟူရှန်ဖုံအား အလွတ်မပေးနိုင်သဖြင့် မသိမသာ ဝိုင်းလိုက်ကြရသည်။

ဟူရှန်ဖုံ၏ ရယ်မောသံမှာ တစ်စတစ်စ ကျယ်လောင်လာလေသည်။

အဆက်မပြတ် ရယ်မောနေပြီး စူးရှအက်ကွဲနေသဖြင့် ကြားရသူများ နားကွဲမတတ် ဖြစ်လာ၏။

ဟူရှန်ဖုံက သူ့ရန်သူအား အတွင်းအားဖြင့် ဒုက္ခပေးရန် ကြံခြင်းဖြစ်သည်။

ထိုအခြေအနေအား မည်သို့တားဆီးရမည်ကို ရုတ်တရက်စဉ်းစား၍ မစဉ်းစားနိုင်ကြပေ။

အတန်ကြာမှ ကင်စီးဝူမ်သည် အတွင်းအားသုံးပြီး လေချွန်လိုက်လေတော့၏။

လေချွန်သံနှင့် ရယ်မောသံ ရောထွေးသွားပြီး အာရုံပြောင်းခဲ့သဖြင့် အတွင်းအားနည်းသူ အားလုံး သက်သာရာ ရသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံက ရယ်မောခြင်းကို ရပ်တန့်လိုက်ပြီး ....

"မင်းတို့ ငါနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ချင်တယ် မဟုတ်လား — ငါက မင်းတို့ကို စိန်ခေါ်တဲ့စာ ပေးပြီးပြီပဲ .... အချိန်တန်ရင် ငါ့ လာတိုက်ဖို့ပဲ ရှိတာပဲ .... လာအကြောင်းကြားတဲ့ ဆက်သားတွေကို တော့ ခုလိုမတိုက်ခိုက်သင့်ဘူး .... မင်းတို့ မရှက်ကြဘူးလား"

သူ၏စကားကြောင့် ဟန်ဂိုတို့လူစု ကြောင်အမ်းအမ်း ဖြစ်သွား ကြလေ၏။

သူတို့ ဘာမှ ဆက်မပြောနိုင်ခင်မှာပင် ဟူရှန်ဖုံက ဆက်ပြော ၏။

"တို့ နောက်မှ တွေ့ကြတာပေါ့ .... "

သူသည် သူ့လူများကို ထိန်းခေါ်ပြီး ပြန်လည်ပြေးထွက်သွား လေ၏။

ကျူဖေတို့လူစုသည် တားဆီးရန် မကြိုးစားရဲကြပေ။ ဟူရှန်ဖုံ တို့ ပျောက်ကွယ်သွားသည်အထိသာ ငေးမောကြည့်နေမိကြတော့ သည်။

"ကဲ .... ယာတဲဆီ ပြန်ကြစို့ .... အရိုးခေါင်းထဲက စာကို ပြန်ဖတ်ကြမယ် .... "

ကင်စီးဥမ်၏ အသံကြောင့် အားလုံးလှည့်ပြန်ခဲ့ကြသည်။

အရိုးခေါင်းအတွင်း၌ စာတစ်စောင် ရှိနေသည်။

ထိုစာတွင် ....



"မင်တို့ သုံးရက်အတွင်း ဒီနေရာက ထွက်သွားပါ .... မထွက် သွားဘူးဆိုရင် သပ္ပါသုံးရက်နေ့မှာ ဝူဟောင်းရှေ့ကိုလာပြီး အနိုင်အရှုံးယှဉ်ပြိုင်ပါ .... "

ဟူရှန်ဖုံ

ဟု ရေးသားထားသည်ကို တွေ့ကြရသည်။

ယန်ချင်ရှမ်းက ထိုစာကိုဖတ်ပြီးနောက် မှတ်ချက်ချလေ၏။

"ဒီကနေ့ သုံးရက်ဆိုတော့ သူချိန်းတဲ့ရက်ကိုရောက်ဖို့ ဆယ်ရက် လောက် လိုသေးတယ် .... တို့တစ်တွေ အကူအညီခေါ်ဖို့ အချိန်ရသေး တယ် .... ခုကိစ္စက သိုင်းလောကတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စမို့လို့ အဓိကရသိုင်းဂိုဏ်းကြီးတွေကို အကြောင်းကြားမယ်ဆိုလည်း မမှားနိုင် ပါဘူး .... "

"ကျုပ်တို့အားလုံး ပူးပေါင်းမှဖြစ်မယ် .... "

ကျူဖေက သက်ပြင်းချလိုက်ပြီး ....

"သူနဲ့ တိုက်ခိုက်ခဲ့တာ အကြိမ်ပေါင်းမနည်းတော့ပါဘူးဗျာ၊ အခု ဆိုရင် သူဟာ အအေးလက်ဝါး အောင်မြင်နေပြီ .... သူရဲ့ တိုက်ခိုက်မှု ဟာ ပိုပြီး ပြင်းထန်နေလိမ့်မယ် .... ကျုပ်တို့အားလုံးပေါင်းလည်း သူ့ကိုနိုင်မှာ မဟုတ်ပါဘူး .... "

www.burmeseclassic.com

www.burmeseclassic.com



ကင်စီးဂွမ်မျက်နှာက အနည်းငယ်တင်းမာလာသည်။

"ကျုပ်တို့ စိတ်လျှော့လို့တော့ မဖြစ်ဘူး .... "

ကျူဖေ မျက်မှောင်ကုတ်ပြီး မေး၏။

"နောင်ကြီး ကင်စီးဂွမ် .... ခင်ဗျားက သူ့ကို ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားပြီးလို့လား .... "

"ကျုပ်တို့ ငါးယောက်မှာ သုံးယောက်က သူ့ကို လှည့်ပတ်ပြီး သွေးကြောကို အမိကထား တိုက်ရမယ် .... ကျန်တဲ့လူက ဟာကွက်ကို အမိကထားတိုက်ပေါ့ .... အရှေ့က သုံးယောက်၊ အနောက်က နှစ်ယောက်၊ တစ်ယောက်နဲ့ တစ်ယောက် အချိတ်အဆက် မိမိတိုက်ရင် သူ့ကို ကျုပ်တို့ ဒုက္ခပေးနိုင်မှာပါ .... ဆယ်ရက်ဆိုတဲ့ အချိန်ဟာ မနည်းပါဘူး .... ကျုပ်တို့ လေ့ကျင့်နိုင်ပါသေးတယ်ဗျ .... "

သူ၏ဆိုလိုချက်ကို ကျူးဖေသာမက ဟန်ဂိုတို့ပါ ရိပ်စားမိကြသည်။

ကင်စီးဂွမ်က ဆက်ပြော၏။

"ဟူရှန်ဖုံကို တိုက်မယ်ဆိုရင် အေးစိမ့်ဂူအကြောင်းလည်း သိထားမှ ဖြစ်မယ် .... ဒေသအခြေအနေဟာ တစ်ခါတစ်ရံမှာ အရှုံးအနိုင်ကို ဖြစ်ပေါ်စေတယ် .... "

အားလုံးငိုင်သွားကြသည်။

အေးစိမ့်ဂူ မည်သည့်နေရာတွင်ရှိကြောင်း မည်သူမျှ မသိပါ။ ယိဖျောင်းရှမ်း တစ်ခေါက်ရောက်ဖူးသော်လည်း သေချာစွာ



မမှတ်မိခဲ့ပါ။

ထိုအခါ ကျောက်ချွန်းလင် ထရပ်လေ၏။

"အေးစိမ့်ဂူ ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော် သွားပြီး စုံစမ်းပေးပါ့မယ် ခင်ဗျာ .... "

ထိုစကားကြောင့် အားလုံးက သူ့အား လှမ်းကြည့်လိုက်ကြသည်။

ဟန်စုချင်က ....

"သဲလွန်စမရှိဘဲနဲ့ အစ်ကိုက ဘယ်လိုစုံစမ်းမှာလဲ .... "

ထိုအခါ ကျောက်ချွန်းလင် မဲ့ပြုံး ပြုံးလိုက်ပြီး ....

"မစုံစမ်းဘဲ ထိုင်နေရင်ရော အလိုလိုသိရမှာတဲ့လား"

ဟန်စုချင် ပါးစပ် ပိတ်သွားတော့သည်။

ကျောက်ချွန်းလင်က အားလုံးကို ဦးညွှတ်ပြီး အခွင့်တောင်းသည်။

"သိုင်းလောကတစ်ခုလုံးအတွက် စွန့်စားရဲတဲ့ကိစ္စမို့ ကျွန်တော့်ကို ခွင့်ပြုကြပါ"

ယက်ချင့်ရှင်းက ခေါင်းညိတ် ခွင့်ပြုလိုက်၏။

"မင်း သွားနိုင်တယ်၊ ဒါပေမယ့် လုစုကိုခေါ်သွား"

"ကျွန်မလည်း လိုက်မယ်"

"ကျွန်တော်လည်း လိုက်မယ်"

စကားသံများက အစီအရီ ထွက်ပေါ်လာကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းနှင့် စင်ဝေါင်းတို့က ပြောလိုက်ခြင်း ဖြစ်ပါသည်။

ကျိုးဖေက သူတို့အား လှမ်းကြည့်ပြီး ဆုံးဖြတ်ချက်ပေးလေ၏။

"ယိဖျောင်းရှမ်း လိုက်သွားလို့ဖြစ်နိုင်တယ်၊ စင်ဝေါင်ကတော့ နေခဲ့ရမယ်၊ မင်းရဲ့သိုင်းပညာအားလုံးထဲမှာ အနိမ့်ဆုံးဖြစ်နေတယ်၊ မင်းကြောင့် စုံစမ်းမှုဟာ အရာမရောက်ဘဲ ဖြစ်သွားနိုင်တယ်"

စင်ဝေါင်းသည် ချက်ချင်း ဒူးထောက်လိုက်ပြီး အသနားခံတော့သည်။

"ကျွန်တော့်ကို ခွင့်ပြုပါဆရာ၊ ကျွန်တော့်ညီလေးကို သိပ်တွေ့ချင်နေပါတယ်၊ သူဟာ ဟူရှန်ဖုံရဲ့လက်ထဲမှာ ရှိနေပါလိမ့်မယ်၊ သူ့ကို ကယ်တင်ချင်လို့ပါ။ သူ့ကို ကျွန်တော် ခေါ်ဆောင်ရင် ရနိုင်ပါသေးတယ် ...."

ကျိုးဖေ အခက်ကြုံသွားရသည်။ မတတ်သာသည့်နောက်ဆုံး ခွင့်ပြုလိုက်ရတော့သည်။

"မင်း လိုက်သွားချင်တယ်ဆိုရင် ကျောက်ချွန်းလင်ရဲ့စကားကို နားထောင်ရမယ် .... မင်း တစ်ယောက်တည်း .... ဘာမှ မလုပ်ရဘူး ...."

"ဟုတ်ကဲ့၊ ကျွန်တော် ကတိပေးပါတယ်"

"အေး .... ဒါဖြင့် မင်းတို့ သွားကြပေတော့၊ သတိတော့ထားကြ၊ အခြေအနေမဟန်ရင် ပြန်ဆုတ်ခဲ့ကြ ...."



လူကြီးများက ခွင့်ပြုလိုက်ကြသဖြင့် ကျောက်ချွန်းလင်တို့ ဝမ်းသာစွာ ထွက်ခွာသွားကြတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈၁)

## လေ့တိုက်ကွက်

ကျောက်ချွန်းလင်၊ လုဂူး၊ ယိဖျောင်းရှမ်းနှင့် စင်ဝေါင်းတို့သည် တဲကလေးမှ ဂူဟောင်းဆီသို့ ထွက်လာခဲ့ကတော့သည်။

ဂူဟောင်းဆိုသည်မှာ အမိုး မိုးထားသော အုတ်ဂူကိုခေါ် ဆိုကြခြင်း ဖြစ်သည်။

ထိုဂူထဲ၌ ဝါယိချန် သေဆုံးခဲ့ရပေသည်။

အတန်ကြာ သွားမိသောအခါ အရှေ့ဘက်မှ ရေသံကြားသဖြင့် ခပ်သွက်သွက်သွားပြီး ကြည့်ကြ၏။

ချောင်းတစ်ခု ရှိနေသည်ကို တွေ့ရသည်။

ချောင်းအတွင်း၌ လှေများ အစီအရီ ဆိုက်ကပ်ထားလေ၏။

လှေတိုင်းတွင် ဝတ်စုံနက်များရှိနေသဖြင့် ယိဖျောင်းရှမ်းတို့ အုပ်စုသည် ချုံပုတ်များအတွင်း၌ ကိုယ်ကို ပြားကပ်နေအောင်ဝပ်ပြီး



ချောင်းကြည့်ကြရ၏။

နေဝန်းနီသည် အနောက်ဘက်သို့ တိမ်းစောင်းသွားပြီဖြစ်ရာ ချဉ်းနင်းဝင်ရောက်လာသော အမှောင်ထုကလည်း သူတို့ကို အကာအကွယ်ပေးထားသည်။

ယိဖျောင်းရှမ်းက ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ တစ်စုံတစ်ခုအား တွေ့မြင်သွား၏။

"ရှူး .... ရှူး"

ယိဖျောင်းရှမ်းက တီးတိုးအသံပြုပြီး မြောက်ဘက်ချောင်းများဆီသို့ ညွှန်ပြလိုက်၏။

လှေတစ်စင်းနှင့် ဝါးဖောင်များ ချောင်းအတွင်း စုန်ဆင်းလာခြင်း ဖြစ်တော့သည်။

ဝါးဖောင်တိုင်း မီးတုတ်များ ထွန်းညှိထားရာ ဝါးဖောင်ပေါ်မှ အရာများကို ကောင်းစွာမြင်ရလေ၏။

ဝါးဖောင်များပေါ်တွင်လူသေအလောင်းများပါလာရာ အားလုံး ထိတ်လန့်ကုန်သည်။

ထိုစဉ် ဝတ်စုံနီတစ်ယောက်က ကမ်းစပ်သို့ဆင်းလာပြီး ကြိုက်အလံတစ်ခုကို ဝှေ့ယမ်းလိုက်ရာ ဖောင်များကို ဆွဲလာသောလှေသည် လှေများ ဆိုက်ကပ်ထားရာသို့ ချဉ်းကပ်ဆိုက်ကပ်လာလေတော့၏။

ထိုစဉ် နောက်ထပ်လှေတစ်စင်းသည် ထပ်မံရောက်ရှိလာပြီး လူတစ်ယောက် ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူအားတွေ့ရသောအခါ ယိဖျောင်းရှမ်းတို့အားလုံး ထိတ်လန့်တုန်လှုပ်သွားကြသည်။

အဘယ်ကြောင့်ဆိုသော် ထိုလူသည် ဟူရှန်ဖုံဖြစ်နေသောကြောင့်တည်း။

အနက်ရောင် ဝတ်ဆင်ထားသူ ဆယ်ယောက်သည် ကမ်းစပ်သို့ ဆင်းပြေးလာပြီး ဟူရှန်ဖုံကို ဂါရဝပြုကြသည်။

ထိုပတ်ဝန်းကျင်ရှိလူအားလုံးက ဟူရှန်ဖုံအား ဦးဆောင်ခေါ်ငင်ပြီး ထွက်သွားသောအခါမှ ယိဖျောင်းရှမ်းတို့ သက်ပြင်းချနိုင်တော့၏။

ကျောက်ချွန်းလင်က လိုက်ကြည့်ရန် အချက်ပေးပြီး ရှေ့ဆုံးမှ ထွက်သွားသည်။

အားလုံးပင် သတိဝီရိယထားပြီး လိုက်ကြရာ ဂူပေါက်တစ်ခုတည်းသို့ အစီအရီ ဝင်သွားကြကြောင်း တွေ့လိုက်ကြရလေ၏။

ကျောက်ချွန်းလင်က လိုက်ကြည့်ရန် အချက်ပေးပြီး ရှေ့ဆုံးမှ ထွက်သွားသည်။

အားလုံးပင် သတိဝီရိယထားပြီး လိုက်ကြရာ ဂူပေါက်တစ်ခုတည်းသို့ အစီအရီ ဝင်သွားကြကြောင်း တွေ့လိုက်ကြရလေ၏။

ကျောက်ချွန်းလင်က ....

"ဒီနေရာမှာ ဂူပေါက်တွေ အများကြီးရှိပုံရတယ်၊ တိုက်ရိုက် ဂူပေါက်ထဲ ဝင်ရင် ထောင်ချောက်ထဲ ပြေးဝင်သလိုဖြစ်နေမယ်၊ တခြား ဂူပေါက်တစ်ပေါက်ပေါက်ကိုရှာပြီး စုံစမ်းကြတာပေါ့"



ယခုတစ်ကြိမ် ချောင်းကလေးနံဘေးမှ လျှောက်သွားပြီး ဂူပေါက်ကိုရှာရာ ဟူရှန်ဖုံတို့ဂူပေါက်ဆီသို့ တိုက်ရိုက်ပေါက်ဟန်အနေအထားရှိသော ဂူပေါက်တစ်ခုကို တွေ့ရလေ၏။

ထိုဂူပေါက်တွင် အစောင့်မရှိသဖြင့် သူတို့လေးယောက် အရဲစွန့်၍ ဝင်လိုက်ကြ၏။

အတန်ကြာသွားမိသောအခါ မီးရောင်များ ထွက်ပေါ်လာသည်ကို တွေ့ရလေသည်။

စကားပြောသံများကိုလည်း ကြားရသည်။

သူတို့ ဆက်မလျှောက်ရဲတော့ပေ။

အသာနောက်ဆုတ်ပြီး အကဲခတ်ကြရာ ဂူထဲ၌ တံခါးတစ်ချပ်ပိတ်နေကြောင်း တွေ့ရလေ၏။

အစောင့်နှစ်ယောက်လည်း မီးတုတ်ကိုယ်စီနှင့် ရှိနေကြ၏။

တိုက်တိုက်ဆိုင်ဆိုင် တွေ့ရသည်မှာ အစောင့်တစ်ယောက်သည် စင်ဝေါင်၏ညီ စင်ယောက်ဖြစ်နေခြင်းပင်တည်း။

စင်ဝေါင်းသည် ညီဖြစ်သူကို ရုတ်တရက် တွေ့လိုက်ရသောအခါ စိတ်မထိန်းနိုင်တော့ဘဲ လွှတ်ခနဲ ခေါ်လိုက်မိတော့၏။

"ညီလေး .... "

ခြေသံမျှ မကြားအောင် ဂရုစိုက်နေကြသော ယိဖျောင်းရှမ်းတို့မှာ သူတို့၏နောက်မှ ခေါ်လိုက်သံကြောင့် ခေါင်းနပမ်းကြီးသွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စင်ယောက်သည် စင်ဝေါင်းကို တွေ့သည်။

သို့သော် ....

"ရန်သူ .... ရန်သူ"

အချက်ပေးခရာသံများ၊ တုံးခေါက်သံများ ဆူညံသွားရာ ကျောက်ချွန်းလင်၊ လုစုနှင့် ယိဖျောင်းရှမ်းတို့သည် စင်ဝေါင်းကိုဆွဲကာ တရကြမ်း ပြေးထွက်ကြရလေတော့သတည်း။

ကျောက်ချွန်းလင်က ....

"နောက်လှည့်မကြည့်နဲ့ .... ပြေးသာပြေးကြ၊ အမှောင်ထဲမှာဆိုတော့ သူတို့ချက်ချင်း မလိုက်နိုင်ဘူး"

ကံကောင်းထောက်မမှုကြောင့် ကျောက်ချွန်းလင်တို့ လေးယောက်စလုံး ဘေးမသီ ရန်မခ စခန်းသို့ ပြန်လည်ရောက်ရှိလာကြလေသတည်း။

ကျုံဖေတို့လူစု ဝမ်းသာနေကြပါသည်။

ကျောက်ချွန်းလင်တို့သည် သူတို့အား အေးစိမ့်လိုဏ်ဂူနှင့်ပတ်သက်သည့် လျှို့ဝှက်ဝင်ပေါက်အားလုံးကို ရှာဖွေကာ ပြောပြနိုင်ခဲ့သည် မဟုတ်ပါလား။

ကျုံဖေတို့သည် ယိဖျောင်းရှမ်း၊ ဝါဝိရှာ၊ ကျောက်ချွန်းလင်တို့၏ ပြောပြချက်များကိုမူတည်၍ အေးစိမ့်လိုဏ်ဂူ၏ ဝင်ပေါက်၊ ထွက်ပေါက် မြေပုံကြမ်းကို ရေးဆွဲကြသည်။

အေးစိမ့်လိုဏ်ဂူအတွင်းသို့ တစ်စုက ဝင်ရောက်တိုက်ခိုက်ပြီး



ကျန်လူတစ်စုက ဟွာရှန်ဖုံအား ရင်ဆိုင်ရန်အတွက် သူတို့လူစုကို နှစ်စုခွဲလိုက်သည်။

အစီအစဉ်များ ပြုလုပ်ပြီးသောအခါ .... ကင်စီးဂွမ်ပြောသည့် ပူးပေါင်းတိုက်ကွက်အတွက် ပူးတွဲလေ့ကျင့်ကြရတော့သည်။

ကင်စီးဂွမ်သည် သူပြောသည့် ဖျူဟာအတိုင်း တိုက်ခိုက်ပါက ဟွာရှန်ဖုံကိုနိုင်ရမည်ဟု စွဲမြဲစွာ ယုံကြည်၏။

သူတို့ထဲတွင် ယင်ချင်ရှင်းသည် လွန်စွာ အားထားရ၏။ ကင်စီးဂွမ်က ယက်ချင်ရှင်းကို ငါးယောက်ပူးပေါင်းတိုက်ကွက်တွင် မဏ္ဍိုင်အဖြစ် သတ်မှတ်ထားရှိလေ၏။

နေ့ညမတူ အပြင်းအထန် လေ့ကျင့်ကြလေရာ ဆယ်ရက်ဟူသောအချိန်သည် ကုန်မှန်းမသိ ကုန်ဆုံးသွားလေတော့၏။

နံနက် မိုးစင်စင်လင်းခဲ့လေပြီ။ ကျုံဖေတို့အုပ်စုအားလုံး အဆင်သင့်ဖြစ်နေချိန်တွင် ဝတ်စုံနက် ဝတ်ဆင်သူ နှစ်ယောက်သည် ဆိုင်းမဆင့်ဗုံမဆင့် ရောက်ရှိလာကြလေ၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ စင်ဝေါင်း၏ ညီစင်ယောက် ဖြစ်နေသတည်း။

စင်ယောက်က ခက်ထန်ထန် တုံးတိတိ ပြောသည်။

"ချိန်းတဲ့နေ့ရောက်တဲ့အကြောင်း ခင်ဗျားတို့ကို လာပြီးသတိပေးတာပါ .... "

"ငါတို့မမေ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဂိုက အေးအေးဆေးဆေးပင် ပြောသည်။

စင်ဝေါင်းမှာ ညီဖြစ်သူအားတွေ့ရလျှင် မနေနိုင်ချေ။

ညီအစ်ကို တည်းဟူသော သံယောဇဉ်ကြောင့် အမောတကော လှမ်းခေါ်သည်။

"ညီလေး ...."

သို့သော် စင်ယောက်က ပြန်မထူးချေ။ သူ့အစ်ကိုကို လှည့်၍ မကြည့်ချေ။

စင်ယောက်အကြောင်းကို တစ်ဆင့်စကားဖြင့် သိထား ကင်စီးဂွမ်းသည် လွန်စွာ ဒေါပွသွား၏။

"ဟေ့ကောင် .... မင်း နားကန်းနေသလား၊ မင်းကို ခေါ် တာ မကြားဘူးလား၊ ဘာဖြစ်လို့ ပြန်မထူးတာလဲ"

စင်ယောက်သည် ကင်စီးဂွမ်၏စကားကိုပင် အလေးမ ချေ။

"အခုအချိန်ဟာ နှစ်ဖက်စလုံး အပြင်းအထန် တိုက်ခိုက် အချိန်ဗျ။ ကိုယ်ရေးကိုယ်တာတွေ ဘာမှ လာမစွက်နေနဲ့၊ ကျု ဂရုလည်း မစိုက်ဘူး၊ ကဲ .... တိုက်ပွဲအတွက် အဆင်သင့်ဖြစ်ရင် ကျု နောက်လိုက်ခဲ့ကြ .... "

သူသည် စကားဆုံးသည်နှင့် လှည့်ထွက်သွားရန် ဟန်ပြင် သည်။

တာမိုသည် ဒေါသ ပေါက်ကွဲသွားတော့၏။



"ခွေးကောင် မင်းကို သတ်မယ်"

ကျူဖေက ကြားထဲမှဖြတ်၍ ဟန့်တားလိုက်၏။

"နောင်ကြီး တာမို .... မလုပ်နဲ့၊ လူကြီးက လူငယ်ကို တိုက်ခိုက်တာ မကောင်းပါဘူး၊ နောက်ပြီး သူက ဆက်သားသဘောမျိုး လာတာ၊ ကျုပ်တို့ အလွန်ဖြစ်သွားလိမ့်မယ် .... "

ကျူဖေ၏စကားကြောင့် တာမို စိတ်လျှော့လိုက်ရ၏။

ကျူဖေက စင်ယောက်အားကြည့်ကာ ခပ်ပြတ်ပြတ်ပြောသည်။

"စင်ယောက် အချိန်တန်ရင် ငါတို့လာခဲ့မယ်၊ ဟူရှန်ဖုံကို စောင့်နေလို့သာ ပြောလိုက်"

စင်ယောက်တို့ ပြန်လှည့်ထွက်သွားကြ၏။

သူတို့သည် စီစဉ်ထားသည့်အတိုင်း လူစုခွဲလိုက်ကြ၏။

ကျူဖေတို့လူစုက ဖြောင့်ကျကျပင် ထွက်ကြသည်။ စင်ယောက်တို့ ခေါ်ရာအတိုင်းလိုက်ကြရာ၊ သူတို့အား စောင့်ဆိုင်းနေသည့် စင်ယောက်တို့နှင့် သွားဆုံကြလေ၏။

စင်ယောက်က သူတို့ကို လမ်းပြ ခေါ်ဆောင်သွားသည်။

အတန်ကြာ သွားမိသောအခါ အမိုး မိုးထားသော အုတ်ဂူရှေ့သို့ ရောက်ရှိလာသည်။

"ဒီထဲမှာ တိုက်ကြမယ်ဆိုရင်တော့ ကျောက်ချွန်းလင်တို့လူစုနဲ့ ငါတို့လွဲတော့မှာပဲ"

တာမိုတို့ ရင်ထိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကင်းစီးဝှမ်က ....

"တို့ ဂူထဲကိုဝင်ရမယ် ဟုတ်လား၊ မင်းတို့ထောင်ချောက်ဆင်ထားတယ်ဆိုပါတော့၊ ဟူရှန်ဖုံ ဘယ်မှာလဲ၊ သူ့ကိုခေါ်လိုက်စမ်းပါ"

စင်ယောက် ပခုံးတွန့်လိုက်ပြီး ....

"ဆရာကြီးက ခင်ဗျားတို့ကို ဒီထဲမှာ မတိုက်ပါဘူး၊ သိပ်လည်း စိတ်ပူမနေကြပါနဲ့၊ ဆရာကြီး စောင့်နေတာက တခြားဂူပါ။ အဲဒီဂူကို ဟောဒီလူက ခေါ်ဆောင်သွားပါလိမ့်မယ်၊ ခင်ဗျားတို့ စိတ်ချ လက်ချသာ လိုက်သွားပါ .... "

စင်ယောက်သည် ဟူရှန်ဖုံ၏အားကိုးဖြင့် သူ့ထက်ဝါကြီး သူ့ဆရာ့ဆရာကြီးများအား မထေမဲ့မြင်ပြောလိုက်သည်။

ကျုံဖေတို့အုပ်စုမှာ စင်ယောက်၏ မထေမဲ့မြင်ပြုမှုကို ဂရုမပြုအားချေ။

ဟူရှန်ဖုံနှင့်တွေ့ဆုံရမည့် ဂူသည် အေးစိမ့်ဂူဖြစ်မည်ကို သေချာပေါက် သိရှိလိုက်ကြသဖြင့် လွန်စွာ ဝမ်းသာအားရဖြစ်နေကြသည်။

အေးစိမ့်ဂူ၌ တိုက်ခိုက်မှသာ ကျောက်ချွန်းလင်တို့နှင့် တွေ့ပြီး ဟူရှန်ဖုံကို ဖြိုဖျက်နိုင်မည် မဟုတ်ပါလား။

သူတို့ ဆက်လက်လျှောက်လာကြရသည်။ နေမွန်းတည့်သောအခါမှ အေးစိမ့်ဂူသို့ ရောက်ကြသည်။

ဂူထဲ ဝင်မိကြသောအခါ ဟူရှန်ဖုံသည် လူနှစ်ယောက်၏ပခုံးပေါ်တွင် ထိုင်နေ၏။



ကျုံဖေတို့ ဝင်လာကြသည်ကို တွေ့သောအခါ သဘောကျစွာ ရယ်လေတော့သည်။

"အင်း .... လူစုံတက်စုံ ရောက်လာကြတာပဲ .... ဒါပေမယ့် ကလေးတွေ ကျန်ခဲ့သေးတယ် .... အဲဒီကလေးတွေ ဟိုတစ်နေ့က ကျူပ်ဆီကို လာသွားကြသေးတယ် မဟုတ်လား၊ အခုလည်း သူတို့ တစ်နေရာရာက လှည့်ပြီး ဝင်လာကြဦးမယ် ထင်တယ်"

ထိုစကားကြောင့် တာမိုတို့ အံ့သြသွားကြသည်။

ဟူရှန်ဖုံမှာ သူတို့၏အကြံကို ရိပ်မိထားလေပြီ မဟုတ်ပါလား။

ထိုစဉ် တာမိုသည် ဆိုင်းမဆင့် ဗုံမဆင့် ဟူရှန်ဖုံအား တိုက်ခိုက်တော့သည်။

တာမို ထိုကဲ့သို့ တိုက်ခိုက်လိမ့်မည်ဟု ကျုံဖေတို့ မထင်မိကြချေ။

တာမိုက စတင်တိုက်ခိုက်နေပြီဖြစ်ရာ သူတို့လည်း မတတ်နိုင်ကြတော့ဘဲ ဝင်၍တိုက်ခိုက်ကြရတော့သည်။

သူတို့၏တိုက်ခိုက်မှုသည် အလွန်ပင် ပြင်းထန်၏။ သိုင်းထိပ်သီးဖြစ်သော်လည်း အများ၏လျှပ်တစ်ပြက် တိုက်ခိုက်ခြင်းဖြစ်၍ ဟူရှန်ဖုံမှာ ချက်ချင်း နောက်သို့ဆုတ်ပေးသွားရတော့သည်။

ဆယ်ကိုက်ခန့်ဆုတ်ပြီးသောအခါတွင်မူ ထပ်မံဆုတ်မပေးတော့ချေ။

ထိုနေရာမှာပင် ကြံ့ကြံ့ခံတိုက်ခိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကင်းကျားမွတ်ဖြင့် တိုက်ခိုက်သဖြင့် မြေအောက်ဥတစ်ခန်းလုံး ကျားမွတ်ရိပ်များချည်းသာ ဖုံးလွှမ်းနေလေတော့သည်။

တိုက်ပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန်လာသည်။ ကျုံဖေတို့က လက်နက်မျိုးစုံဖြင့် တရကြမ်းတိုက်ခိုက်ကြရာ လေတိုးသံ တဟူးဟူး ထနေပေတော့သည်။

အနည်းငယ် မှားယွင်းသည်နှင့် အသက်ဆုံးရှုံးသွားနိုင်သော တိုက်ပွဲပါပေ။

တစ်ကွက်မှားပါက အသက်ပါသွားနိုင်သော တိုက်ပွဲဖြစ်ပါလေ၏။

ဟူရှန်ဖုံမှာ သိုင်းပညာ အထွတ်အထိပ်သို့ ရောက်ရှိနေပြီဖြစ်၍ ခံစစ်ဖြစ်သွားသည့်အခြေအနေကို .... မကြာမီ ပြောင်းလဲပစ်လာနိုင်သည်။

သူက တိုက်စစ်သမား ပြန်ဖြစ်လာလေသည်။

သူ၏တိုက်ကွက်များက တဖြည်းဖြည်း အသာစီးရလာသည်။

တာမို၊ ကင်စီးဂွမ်နှင့် ဟန်ဂိုတို့မှာ တဖြည်းဖြည်း အခက်ကြုံလာကြလေသည်။

နောက်ဆုတ်ပေးလာကြရသည်။

ခံစစ်ဖြစ်လာရသည်။

အခြေအနေမှာ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသဖြင့် သူတို့အကွက်ချထားသလို စတင် မတိုက်ဖြစ်ပေ။



နောက်ဆုံး ကင်စီးဂွမ်က သူ့ညီတော်များအား သတိပေးအော်ဟစ်ပြီး သုံးဦးပေါင်း ပူးပေါင်းတိုက်ကွက်ကို ထုတ်သုံးကြရတော့၏။

စင်စစ် ထိုပူးပေါင်းတိုက်ကွက်မှာ ဟူရှန်ဖုံအား အနိုင်တိုက်နိုင်သော တိုက်ကွက်မဟုတ်ပါ။

မိစ္ဆာကျွန်းတိုက်ပွဲမှာကတည်းက ခံစစ်သက်သက် တိုက်ကွက်သာ ဖြစ်သည်။

သူတို့ကလည်း ဟူရှန်ဖုံကို အနိုင်မတိုက်နိုင်။ ဟူရှန်ဖုံကလည်း သူတို့၏ ပူးပေါင်းတိုက်ကွက်ကို မဖြိုခွဲနိုင် ဖြစ်ခဲ့ရသည်။

“ဟူရှန်ဖုံရဲ့သိုင်းကွက်ဟာ မိုးယက္ခသိုင်းပညာပဲ၊ ဖြည့်ကောင်းရုံ ရှိပါတယ်၊ အထွတ်အထိပ်ပညာတစ်ခု မဟုတ်ပါဘူး၊ အထက်အောက် သုံးယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲ တိုက်ခိုက်လိုက်ရင် သူ ဘာခံနိုင်မှာလဲ”

ထိုသို့ အော်ဟစ်ပြောလိုက်သူကား ဝါပိရာတည်း။

သူမ၏စကား ကြားရသည်နှင့် တာမိုတို့ သတိဝင်လာကြသည်။

ကျုံဖေနှင့် ယိကျော်ချင်ရှင်းတို့သည် ကျားမွတ်ရိပ်များကြားမှ ဟူရှန်ဖုံနောက်သို့ ခုန်ဝင်သွားပြီး နောက်ကျောမှ တိုက်ခိုက်ကြတော့သည်။

ထိုအခါ သူတို့ ပူးပေါင်းလေ့ကျင့်ထားသည့် ငါးဦးပူးပေါင်းတိုက်ကွက် ပေါ်ထွက်လာလေတော့သည်။

သူတို့၏တိုက်ခိုက်မှုသည် ပြင်းထန်ပြီး ဟာကွက်မရှိအောင်

www.burmeseclassic.com

www.burmeseclassic.com



နေစပ်သေချာလှပေသည်။

ဤတိုက်ကွက်ကို သူတို့ ဆယ်ရက်မျှသာ လေ့ကျင့်ခွင့်ရခဲ့ကြသည်။

ဟူရှန်ဖုံမှာ ရှုံးနိမ့်သွားခြင်းမရှိသော်လည်း တာမိုတို့လူစုကို ရတ်တရက် အနိုင်ရရန် မဖြစ်နိုင်တော့ပေ။

ထိုစဉ် အခြေအနေ စောင့်ကြည့်နေသော ဟန်စုချင်သည် ဟူရှန်ဖုံ ဒေါသထွက်အောင် စိတ်ချောက်ချားအောင် ပြုလုပ်သင့်ကြောင်း အတွေးပေါက်သွားလေတော့၏။

ထို့ကြောင့် အသံကျယ်လောင်စွာဖြင့် ....

"လူယုတ်မာကြီး ဟူရှန်ဖုံ .... ဒီကနေ့ဟာ ရှင့်ရဲ့သေနေ့ပဲ၊ ရှင်ဟာ ဒီလိုဏ်ဂူထဲမှာ မရှုမလှသေရလိမ့်မယ်၊ လူ့တိရစ္ဆာန်၊ ဝက်လိုလူ၊ သူတစ်ပါး သေချင်းဆိုးနဲ့သေအောင် ရှင် သတ်ခဲ့တယ် မဟုတ်လား။ အခု ရှင် သေရတော့မယ်၊ သိရဲ့လား .... "

သူမသည် နားမခံသာအောင် အမျိုးမျိုးအော်ဟစ် ရွတ်ချနေလေတော့၏။

ဝါဝိရှာသည်လည်း ဟန်စုချင်ကဲ့သို့ပင် သဘောပေါက်သွားပြီး သူမ၏ဖခင်ကို ပစ်ပစ်နှစ်နှစ် ရွတ်ချလေတော့သတည်း။

ဟူရှန်ဖုံသည် တစ်သက်လုံး ဆိုးသွမ်းခဲ့သူ ဖြစ်သည်။ သို့သော် ထိုဆိုးသွမ်းမှုများကို မည်သူကမျှ သူ့အား မပြောရဲချေ။

ယခုမူ သမီးဖြစ်သူကိုယ်တိုင်က သူ၏ဆိုးသွမ်းမှု၊ ရက်စက်မှု၊ ယုတ်မာမှုများကို တစ်ခွန်းချင်း အော်ဟစ်ရွတ်ချနေလေတော့ရာ ဟူရှန်ဖုံမှာ .... သူကိုယ်သူ မှန်ထဲပြန်ကြည့်ရသကဲ့သို့ ရှိလာတော့သည်။



ဟူရှန်ဖုံ စိတ်မထိန်းနိုင်တော့ချေ။

ဒေါသပေါက်ကွဲလာသဖြင့် .... အမှားအယွင်းများ ဖြစ်ပေါ်လာ၏။

"တိတ်စမ်း၊ ခွေးမလေးတွေ"

သူသည် အော်ငေါက်ရင်း လက်တစ်ဖက် ဝှေ့ယမ်းလိုက်ရာ လက်နက်ပုန်းအဆိပ်အပ်များသည် ဟန်စုချင်နှင့် ဝါဝိရှာတို့ထံ လွင့်ပျံလာတော့သည်။

ဟန်ဝိုက သူ့အင်္ကျီလက်စရှည်နှင့် အချိန်မီ ယမ်းခါလိုက်သောကြောင့်သာ မိန်းကလေးနှစ်ဦး သေဘေးမှ လွတ်သွားခြင်း ဖြစ်သည်။

အမှန်တော့ ဝါဝိရှာ၏စကားများက ဟူရှန်ဖုံ၏အသည်းနှလုံးကို ဓားဖြင့်ထိုးဆွသည့်အလား ခံပြင်း နာကြည်းစေခဲ့ခြင်း ဖြစ်လေသည်။

ဆက်၍တိုက်ခိုက်လျှင် အခြေအနေဟန်မည် မဟုတ်ကြောင်း ဟူရှန်ဖုံ ရိပ်မိလာသည်။

ထို့ကြောင့် ....

နောက်ဆုတ်ရန် ဟန်ပြင်လိုက်သည်။

ကျုံဖေတို့လူစုသည် ဟူရှန်ဖုံ၏အကြံကို ရိပ်မိကြသဖြင့် အလွတ်

www.burmeseclassic.com

www.burmeseclassic.com



မပေးဘဲ ဖိ၍ တိုက်ခိုက်ကြ၏။

အခွင့်အရေးကို စောင့်မျှော်နေသော တာမိုက ....

"မင်း ထွက်ပြေးလို့ လွတ်မလား"

အော်ငေါက်ပြီး လက်ထဲမှဂေါ်ပြားလက်နက်ဖြင့် ဟူရှန်ဖုံ၏ ခါးကို ဝိုင်းချလိုက်တော့သည်။

ဟူရှန်ဖုံသည် ကျွမ်းထိုးရှောင်ထွက်သွား၏။

တာမိုသည် ဟူရှန်ဖုံကို လွန်စွာ မြင်ပြင်းကပ်နေသူဖြစ်ရာ နောက်တစ်ကြိမ် ထပ်မံတိုက်ခိုက်ပြန်သည်။

ဟူရှန်ဖုံသည် နယ်ကျူးလာသော တာမို၏ရိုက်ချက်ကို လွတ်ရုံကလေးရှောင်ပြီး တာမိုအား လက်ဝါးချောင်းဖြင့် ကုတ်ဆွဲလိုက်လေတော့၏။

တာမို မျက်နှာပျက်သွားသည်။ အလျှင်အမြန် ရှောင်တိမ်းလိုက်သည်။

သို့သော် မလွတ်ဘဲ ရှပ်၍ကုတ်မိသွားသဖြင့် လက်မောင်းမှ အကျီများ ဆုတ်ပြဲသွားပြီး လက်တစ်ခုလုံး ထုံကျဉ်သွားသည်။

လက်ထဲမှဂေါ်ပြားလက်နက်လည်း လွတ်ကျသွားတော့သည်။

ကျူဖေ၊ ယက်ချင်ရှင်း၊ ကင်စီးဂွမ်နှင့် ဟန်ဂိုတို့သည် သူသေကိုယ်သေ တိုက်ကွက်များသုံးကာ ဝက်ခေါင်းထိုးဝင်ရောက်လာကြသဖြင့် ဟူရှန်ဖုံသည် တာမိုအား နောက်တစ်ကြိမ် မတိုက်နိုင်တော့ပေ။



ဟူရှန်ဖုံသည် နောက်ဆုတ်ပြီး ဂူအတွင်းပိုင်းသို့ ပြေးဝင်သွားလေတော့၏။ ကျူဖေတို့လိုက်သွားရန် ကြံသော်လည်း တာမိုကို စိတ်မချသဖြင့် မလိုက်နိုင်တော့ပေ။

ဟန်ဂိုက တာမိုကိုကြည့်ကာ ....

"နံပါတ်နှစ် .... ခင်ဗျား ဘာဖြစ်သွားသေးသလဲ"

"ဘာမှ မဖြစ်ဘူး"

"ခင်ဗျားရဲ့အတွင်းအားကို စမ်းသပ်ကြည့်ပါဦး"

တာမိုက အတွင်းအားကို လှည့်ပတ်ကြည့်လိုက်သည်။

တစ်ခဏအကြာတွင် ခေါင်းခါယမ်းလိုက်ပြီး ....

"အံ့ဩစရာပဲ၊ ဘာမှမဖြစ်ဘူးကွ"

ဟူရှန်ဖုံ၏လက်ချက်မိသွားသော်လည်း အတွင်းဒဏ်ရာမရသဖြင့် ကံကောင်းသည်ဟု ဆိုရပေမည်။

ဟန်ဂိုနှင့် ကင်စီးဂွမ်တို့ လွန်စွာ ဝမ်းသာသွားကြ၏။

ထို့အပြင် သူတို့သည် သိုင်းကွက်တစ်ရာမပြည့်မီ ဟူရှန်ဖုံ အခြေအနေပျက်ရသည့်အကြောင်းကို မြန်လှန် စဉ်းစားကြည့်ကြ၏။

သူတို့ အပြန်ပြန်အလှန်လှန် စဉ်းစားကြသောအခါ ဝါဗီရှာနှင့် ဟန်စုချင်တို့၏လေတိုက်ကွက်ကြောင့် ဖြစ်ကြောင်း တညီတညွတ်တည်း အဖြေတွေ့ရှိသွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈၂)

## လမ်းပြတစ်ဦးရရှိခြင်း

ကျောက်ချွန်းလင်၊ ဟန်ချို၊ ယိဖျောင်းရှမ်း၊ လုစုနှင့် စင်ဝေါင်းတို့သည် ပတ်ဝန်းကျင်ကို စွန့်ရဲများအလား စူးစိုက်အကဲခတ်လာကြ၏။

ကျောက်ချွန်းလင်က မပြတ် သတိပေးနေသဖြင့် အားလုံးခြေသံလုံလုံဖြင့် လမ်းလျှောက်ကြရသည်။

ထမင်းအိုး တစ်လုံးကျက်ခန့်ကြာသောအခါ သူတို့သည် အေးစိမ့်ဂူပတ်ဝန်းကျင်သို့ ရောက်ရှိလာကြလေတော့၏။

ယိဖျောင်းရှမ်းမှာ ဂူပေါက်ကိုတွေ့သောအခါ သူမလွတ်မြောက်လာခဲ့သည့်အဖြစ်အပျက်များကို ပြန်လည် အမှတ်ရလာလေ၏။

သူမသည် တိုက်တိုက်ဆိုင်ဆိုင် သူမ ထွက်ခဲ့ရသည့် ဂူပေါက်ရှေ့သို့ ပြန်ရောက်ခဲ့ရလေပြီ။



"ဒီဂူပေါက်ဟာ ကျွန်မထွက်လာတဲ့ ဂူပေါက်ပဲ"

ယိဖျောင်းရှမ်းက ကျောက်ချွန်းလင်အား အသိပေးလိုက်လေ၏။

"သေချာရဲ့လား"

"သေချာပါတယ်၊ တောင်ထိပ်ကိုတက်ကြည့်ရင်တော့ ပိုနိုင်မာနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က တောင်ထိပ်ကို ကြိုးနဲ့ဆွဲတင်ပြီး အပေါ်ကျမှ မျက်နှာစည်းတဲ့ပဝါကို ဖြုတ်ခွင့်ပြုတာကိုး .... "

"ဒါဆိုရင် တောင်ပေါ်တက်ကြည့်လိုက်ပါ၊ သေချာမှကောင်းတယ်"

ကျောက်ချွန်းလင်သည် လွန်စွာ စေ့စပ်သေချာ၏။ ထို့ကြောင့် ယိဖျောင်းရှမ်းကို တောင်ပေါ်တက်ကြည့်ခိုင်းသည်။ ယိဖျောင်းရှမ်းသည် ကိုယ်ဖော့ပညာသုံးလျက် .... တောင်ပေါ်သို့ တက်သွားသည်။ ကွမ်းတစ်ယာညက်ခန့်ကြာသောအခါ အောက်သို့ ပြန်ရောက်လာ၏။

"သေချာပါတယ်၊ ဒီဂူပေါက်ဟာ အေးစိမ့်ဂူပဲ"

တကယ်တမ်း သေချာသောအခါမှ သူတို့အားလုံး ဂူပေါက်ကို စစ်ဆေးကြည့်ကြသည်။ ဂူပေါက်၌ ကျောက်ဖျာတစ်ချပ်ပိတ်ဆို့နေ၏။

ကျောက်ချွန်းလင်က ကျောက်ဖျာကို လက်ဖြင့်တောက်ပြီး....

"ဒါဟာ သဘာဝအတိုင်း မဟုတ်ဘူး၊ လူအင်အားနဲ့ပိတ်ထားတဲ့ တံခါးပဲ"

လုစုက ....

www.burmeseclassic.com

www.burmeseclassic.com



"တို့အင်အားနဲ့ဖွင့်လို့မရဘူးလား"

ကျောက်ချွန်းလင် ခေါင်းခါ၏။

"ဘယ်ဖွင့်လို့ ရမှာလဲ၊ လူငါးယောက်လောက်နဲ့ ဖွင့်မရမှာ"

"ဘယ်လို လုပ်ကြမလဲ"

"ဒီပြင်ဂူဝတွေရှိဦးမှာပါ၊ ရှာကြဖွေကြပါဦး"

ကျောက်ချွန်းလင်၏ဆော်ဩမှုကြောင့် အားလုံးပင် အခြားဂူပေါက်များကို ရှာဖွေကြတော့သည်။

သို့သော် အပေါက်နှင့်တူသောအရာဟူ၍ တစ်ခုမျှ မတွေ့ကြရချေ။

ထို့ကြောင့် စိတ်ပျက်ပြီး သစ်ပင်အောက်၌ ထိုင်နားကြလေတော့၏။

အမောပြေလောက်သောအခါ ကျောက်ချွန်းလင်က အရေးတကြီးဆော်ဩပြန်လေ၏။

"တို့ အချိန်သိပ်မရှိတော့ဘူး၊ ဂူပေါက်ကို အမြန်ရှာတွေ့မှ ဖြစ်မယ်၊ ရှာကြပါ၊ တို့လူတွေ အထဲမှာသေကုန်ရင် တို့တာဝန်ဖြစ်နေလိမ့်မယ် ...."

ယိဖျောင်းရှမ်းက ကျောက်ချွန်းလင်အား အကြံပေးလိုက်လေ၏။

"ဂူပေါက်မှ ရှာမတွေ့ဘဲ၊ စောစောက ဂူပေါက်ကိုပဲ မရအောင် ဖွင့်ကြမလား ...."



"မလွယ်ဘူးလေ ...."

ထိုစဉ် သူတို့၏သစ်ပင်နောက်မှ ယုန်ကလေးတစ်ကောင် ပြေးထွက်လာလေသည်။

ထို့နောက် ညာဘက်ချုံထဲသို့ ပြေးဝင်သွားတော့သည်။

ကျောက်ချွန်းလင်က ....

"ထကြ .... မြန်မြန် .... ယုန်နောက်ကို အမြန်လိုက်ကြ"

သူကိုယ်တိုင် ရိပ်ခနဲ ခုန်ထပြီး ပြေးလိုက်သွား၏။ ကျန်လူများလည်း ပြေးလိုက်ကြရတော့သည်။

ကျောက်ချွန်းလင်သည် ယုန်ကလေးကို မျက်ခြည်ပြတ်မခံပေ။

ယုန်ကလေးမှာ မကြာမီ ချုံတစ်ခုထဲသို့ ပြေးဝင်သွားလေ၏။

ကျောက်ချွန်းလင်က ထိုချုံကို သေချာစွာကြည့်သည်။

အားလုံးကလည်း ထိုချုံကို အကဲခတ်လိုက်ကြသည်။

ကျောက်ချွန်းလင် ဝမ်းသာအားရ အော်လိုက်၏။

"ဒါဟာ ဂူပေါက်တစ်ခု ဖြစ်နိုင်တယ်"

ယိဖျောင်းရှမ်းကလည်း သဘောတူ၏။

မှန်ပါသည်။

ချုံမှာ ဂူဝကိုပိတ်ကာ ပေါက်နေခြင်း ဖြစ်၏။ ကြာသောအခါ ဂူပေါက်ပျောက်သလို ဖြစ်သွားခြင်းပင်။

ကျောက်ချွန်းလင်က ဓားကိုဆွဲထုတ်ပြီး ချုံနွယ်များကို ရှင်းတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်လူများကလည်း တစ်ယောက်တစ်လက်တစ်အား ဝိုင်းဝန်း ရှင်းလင်းကြရာ လူတစ်ကိုယ်စာ အပေါက်တစ်ခု ပေါ်လာလေ၏။

ကျောက်ချွန်းလင်သည် ဓားကို အသင့်ကိုင်ပြီး ဂူထဲသို့ တိုးဝင်သွားလေတော့၏။ ကျန်လူများလည်း တန်းစီပြီး ဝင်လိုက်ကြအည်။

အတန်ကြာ လျှောက်မိသောအခါ အောက်ခြေမှာ စိုစွတ်လာသည်။

ဟန်ချုံဖုက အထိတ်တလန့် အော်လိုက်၏။

"ဟာ .... အောက်မှာ ရေတွေ၊ ရှေ့ဆက်ဖို့ မလွယ်ဘူးနဲ့တူတယ် .... "

ကျောက်ချွန်းလင်က ....

"ဒါဖြင့် မင်းတို့ ဒီမှာ ခဏစောင့်၊ ငါ ရှေ့ဆက်တိုးကြည့်မယ် ဝင်ဖို့ဖြစ်ရင်တော့ မင်းတို့ လိုက်ခဲ့ကြပေါ့"

သူသည် စကားဆုံးသည်နှင့် ရှေ့သို့ တိုးဝင်သွားလေတော့၏။

ယိဖျောင်းရှမ်းတို့သည် ပထမ၌ ရပ်နေမိသော်လည်း နောက်ပိုင်း၌ ထက်ကြပ်မကွာလိုက်၍ ဝင်ကြတော့သည်။

ဂူမှာ အတွင်းရောက်လာလေလေ မှောင်လာလေလေပင်။ ခြေများမှာလည်း ဒူးဆစ်အထိသို့ နစ်မြုပ်လာသည်။

ထိုစဉ် အရှေ့ဘက်မှ တစွပ်စွပ်အသံကြားရသဖြင့် အားလုံး ထိတ်ခနဲ ဖြစ်သွားကြသည်။



ထိုအသံမှာ တစ်စုံတစ်ဦး ရေထဲဖြတ်လာနေသည့် အသံမျိုး ဖြစ်ပေတော့သည်။

ထို့ကြောင့် သူတို့အားလုံး ဓူနံရံကို ကျောကပ်ကာ ရပ်နေလိုက်ကြလေ၏။

"စွပ် .... စွပ် .... စွပ်"

အသံသည် တဖြည်းဖြည်း နီးကပ်လာသည်။

မှောင်ထဲ၌ လူရိပ်တစ်ရိပ် မြင်ရသည်။ သူ့ လှုပ်ရှားမှုမှာ ရိုးသားလှသဖြင့် သိုင်းသမားမဟုတ်ကြောင်း မြင်ရုံနှင့် သိနိုင်ပေသည်။

ကျောက်ချွန်းလင်မှာ အံ့ဩသွား၏။

"ဘယ့်နှယ် .... ဒီဂူထဲမှာ လူက ရှိနေရတာလဲ"ဟု သူ စိတ်ထဲမှ ရေရွတ်မိလေသည်။

သူသည် နံရံမှ ခဲတစ်လုံးကို ခွာယူလိုက်ပြီး ထိုလူ၏သွေးကြောအား ချိန်ရွယ်ကာ ပစ်လိုက်လေသည်။

"အား .... "

ထိုလူသည် ရေထဲသို့ ဗွမ်းခနဲ လဲကျသွား၏။

ကျောက်ချွန်းလင် ခုန်ထွက်သွားပြီး ထိုလူကို ဆွဲထူမလိုက်သည်။

ကျောက်ချွန်းလင်၏လုပ်ရပ်မှာ မဆိုးပါ။

သူ ဤသို့မပစ်ဘဲ အသံပေးလိုက်ပါက ထိုလူ ထွက်ပြေးမည်မှာ သေချာသည်။ ထိုအခါ သူတို့လိုက်ဖမ်းရပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူနယ်မြေထဲ ဝရန်းသုန်းကားဖြစ်ခြင်းမှာ ကောင်းသော အခြေအနေမဟုတ်ပါ။ ယခု ထိုလူကို ဝရန်းသုန်းကားမဖြစ်ဘဲ လက်ရ ဖမ်းမိပါလေပြီ။

ထို့နောက် ထိုလူ၏သွေးကြောကို ကျောက်ချွန်းလင်က ဖွင့် ပေးလိုက်သည်။

သွေးကြောပွင့်သွားသည်နှင့် ထိုလူကြီးက ကပျာကယာထ ကြောက်ကြောက်လန့်လန့် တောင်းပန်တော့သည်။

ထိုလူကြီးက အသက်ငါးဆယ်ခန့် ရှိနေပေပြီ။

"ကျုပ် .... ကျုပ်ကို မသတ်ပါနဲ့"

ကျောက်ချွန်းလင်က လေအေးအေးနှင့်ပြော၏။

"ကျုပ်က မသတ်ပါဘူး၊ ခင်ဗျား ဒီမှာ ဘာလာလုပ်တာလဲ တာကိုသာ အမှန်ပြောပြပါ"

ထိုလူကြီးမှာ အကြောက်လွန်နေဆဲ ဖြစ်၏။

"ကျုပ် ထွက်မပြေးပါဘူး၊ ကျုပ်ကို ချမ်းသာပေးပါ၊ ကျုပ်ကို မသတ်ပါနဲ့"

ယိဖျောင်းရှမ်းက ....

"ရှင်သာ မှန်မှန်ပြောပါ၊ ရှင့်ကို ကျွန်မတို့ လက်ဖျားနဲ့တော မတို့ဘူး။ အေး .... မှန်မှန်မပြောဘူး ထင်ရင်လည်း ကျွန်မတို့က သေ ပါဘူး၊ ရှင့်ကို ဟူရှန်ဖုံလက်ထဲ ထိုးအပ်လိုက်မှာပဲ"

ဟူရှန်ဖုံဟူသောအမည်ကို ကြားသောအခါမှ ထိုလူကြီး မ



ချောက်ချားသွားတော့သည်။

"မလုပ်ပါနဲ့၊ ကျုပ် .... ကျုပ်"

"ဒါဆို .... ပြော .... ခင်ဗျား ဒီထဲမှာ ဘာလာလုပ်နေတာလဲ"

ကျောက်ချွန်းလင်သည် ခပ်ပျော့ပျော့ မမေးတော့ပေ။ ခပ် ထန်ထန်လေး မေးတော့သည်။

"ကျုပ်ကို ဟူရှန်ဖုံက ဖမ်းထားတာပါဗျာ"

ကျောက်ချွန်းလင် အံ့သြသွား၏။

"ခင်ဗျားကို ဖမ်းထားတာ ဟုတ်လား"

"ဟုတ်ပါတယ် .... "

"ဘာကြောင့် ဖမ်းထားတာလဲ၊ ခင်ဗျားကော ဓားပြပဲလား"

"မဟုတ်ပါဘူး၊ ကျုပ်က လယ်သမားတစ်ယောက်ပါ"

"လယ်သမားကိုဖမ်းပြီး ဘာလုပ်ရမှာလဲ၊ ခင်ဗျားဥစ္စာ မဟုတ် သေးပါဘူးဗျာ"

ထိုလူကြီးက သက်ပြင်းချပြီး ....

"ဒီလိုပါ ကျုပ်နာမည်က မြောင်ထင်းစုပါ၊ ကျုပ်က ဒီနားက လယ်သမားတစ်ယောက်ပါ၊ တစ်နေ့ ကျုပ်ကို ဟူရှန်ဖုံရဲ့တပည့်တွေက လာဖမ်းခဲ့ပါတယ်၊ ကျုပ်က အသက်လည်းကြီးတော့ သူတို့အတွက် သိပ် အသုံးမဝင်ပါဘူး၊ ဒီတော့ ဟူရှန်ဖုံက တျုပ်ကို ဒီနယ်မြေရဲ့ လမ်းပန်းအဆက်အသွယ်တွေကိုပဲ မေးမြန်းပါတယ်၊ နောက်ပိုင်းကျ တော့ ကျုပ်ကို သတ်လည်းမသတ်ဘူး၊ လွှတ်လည်း မလွှတ်ဘူး၊ အခု

www.burmeseclassic.com

www.burmeseclassic.com



လို ဂူထဲမှာပဲ ဖမ်းထားပါတယ်"

"ခင်ဗျား အဖမ်းခံရတာ ကြာပြီလား"

မြောင်ထင်းစုမှာ ကျောက်ချွန်းလင်တို့အားတွေ့ရသောကြောင့် ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိတော့။ လူကောင်း သူကောင်းများဟု ယုံကြည်လာသည်။

"တစ်နှစ်ကျော်ကျော်တော့ရှိပါပြီ"

"ဒါဆို ဒီဂူထဲကို တော်တော်ကျွမ်းကျင်မှာပေါ့"

မြောင်ထင်းစုက သဘောကျစွာ ပြုံးလိုက်၏။ ကြောက်ရွံ့ခြင်းလည်း မရှိတော့ပေ။

"ဟူရှန်တောင် ကျုပ်လောက် မကျွမ်းကျင်ပါဘူးဗျာ၊ ယုံပါ"

"ယုံပါတယ်ဗျာ၊ ကျွန်တော်တို့ကို တစ်ခုလောက် ကူညီပါလား"

မြောင်ထင်းစုက အံ့အားသင့်သွားသည်။ ကျောက်ချွန်းလင်တို့ကို ပြူးကြောင်ကြောင် ပြန်ကြည့်သည်။

"ကျုပ်က အကျဉ်းသားပဲ၊ ခင်ဗျားတို့ကို ဘယ်လိုကူညီနိုင်မှာလဲ ...."

ကျောက်ချွန်းလင်က ပြုံးပြလိုက်၏။ သူ့အပြုံးက တစ်ဘက်သားကို နှစ်လိုခင်မင်မှုယ်ကောင်းအောင် ဆွဲဆောင်ညှို့ငင်နိုင်စွမ်းရှိနေ၏။

"တခြားအကူအညီတော့ မဟုတ်ပါဘူး၊ ဒီဂူထဲမှာ လမ်းပြပေးပါပဲ"



"ဘာလုပ်ဖို့ ဂူထဲဝင်မှာလဲ၊ ဒီနေရာဟာ မကောင်းပါဘူးဗျာ"

"မကောင်းလို့ ကျုပ်တို့ဝင်လာတာပေါ့၊ ကျုပ်တို့ဟာ ဟူရှန်ဖုံနဲ့ သူ့အပေါင်းပါ လူဆိုးလူမိုက်တွေကို သုတ်သင်ဖို့လာတဲ့လူတွေပါ"

မြောင်ထင်းစုက ခေါင်းကို ခါယမ်းပစ်လိုက်သည်။

"ဟူရှန်ဖုံဟာ သိပ်ပြီးအစွမ်းထက်တဲ့လူပါ၊ မောင်ရင်လေးတို့ ဘယ်လိုလုပ် သုတ်သင်ရှင်းလင်းနိုင်မှာလဲ၊ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ ကျုပ်က စေတနာနဲ့ ပြောတာပါဗျာ ...."

တကယ့်စေတနာကောင်းနှင့် ပြောခြင်းဖြစ်ကြောင်း ကျောက်ချွန်းလင်တို့ သိလိုက်ကြ၏။

ဤသို့ဆိုလျှင် ထိုလူကြီး၏အကူအညီကို မရ,ရအောင် တောင်းရပေတော့မည်။

ကျောက်ချွန်းလင်က ရယ်မောလိုက်ပြီး ....

"သူ့ကို သုတ်သင်မယ်ဆိုတာ ခင်ဗျား မယုံဘူးကိုး၊ ကဲ .... ရှေ့ကသာ လမ်းပြပါ .... ကျုပ်တို့ လက်တွေ့ပြပါ့မယ် ...."

မြောင်ထင်းစုက ပြန်မေးသည်။

"သူက ကျုပ်တို့ကိုသတ်ရင် ဘယ်လိုလုပ်မလဲ"

ကျောက်ချွန်းလင်က ရဲရဲဝံ့ဝံ့ပင် ကတိပေး၏။

"ခင်ဗျားသာ ရှေ့ကလမ်းပြပါ၊ လာတဲ့ရန်သူကို ကျုပ်တို့ ရင်ဆိုင်ပါ့မယ်၊ ခင်ဗျားကို ဘာမှ အန္တရာယ်မဖြစ်စေရပါဘူး၊ ခင်ဗျား သေတယ်ဆိုရင်တောင် ခင်ဗျားဟာ နောက်ဆုံးမှသေတဲ့လူ ဖြစ်ရပါစေမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့က ရှေ့က အသေခံပါ့မယ်"

မြောင်ထင်းစုက ဘာမှ ဆက်မပြောတော့။ ကျောက်ချွန်းလင်တို့အပေါ် ယုံကြည်မှုရှိလာပြီဖြစ်၍ ရှေ့မှ ဦးဆောင်လျှောက်သွားလေတော့သည်။

မြောင်ထင်စု ဦးဆောင်သဖြင့် ကျောက်ချွန်းလင်တို့အားလုံး ခပ်သွက်သွက်လျှောက်နိုင်ခဲ့ကြသည်။ ရှေ့ဆက်လျှောက်သောအခါ ရေမရှိတော့ပေ။

ခြောက်သွေ့သောမြေကိုသာ နင်းကြရတော့သည်။ မကြာမီ ပြုပြင်ထားဟန်ရှိသော အခန်းတစ်ခန်းကို တွေ့ကြရလေ၏။

"ဒီအခန်းက ဘာအခန်းလဲ"

မြောင်ထင်းစုက ....

"ဒါ ဟူရှန်ဖုံရဲ့အိပ်ခန်းပဲ ...."

အားလုံး သတိထားကာ ထိုအခန်းအား ကျော်ဖြတ်လာခဲ့လေသည်။

အခန်းထဲ၌ ဟူရှန်ဖုံ ရှိမနေပါချေ။

အတန်ကြာ လျှောက်လာပြီး ညာဘက်ကိုကွေ့လိုက်သောအခါ အခန်းတစ်ခုကို တွေ့ကြရပြန်သည်။

ယိဖျောင်းရှမ်းက မေးလိုက်ပြန်၏။

"ဒီအခန်းကကော"

မြောင်ထင်းစုကလည်း အသေအချာ ရှင်းပြပြန်သည်။



"ဒါ ဟူရှန်ဖုံရဲ့ ဆေးသိုလှောင်တဲ့ အခန်းပဲ"

ကျောက်ချွန်းလင် စိတ်ဝင်စားသွားသည်။

"ကျုပ်တို့ ဝင်ကြည့်ရအောင် ...."

"ကြည့်လေ .... ကြည့်လို့ရပါတယ်၊ ကျုပ်ကတော့ ဒီနေရာမှာ တံခါးမရှိ ဓားမရှိပါပဲ၊ ကျုပ်ကို သူတို့က စိတ်ချနေကြပြီလေ"

မြောင်ထင်းစုက ကျောက်တံခါးကို ဖြည်းဖြည်းချင်း တွန်းဖွင့်လိုက်၏။

မြောင်ထင်းစုသည် မီးခတ်ကျောက်ဖြင့် မီးတိုင်တစ်တိုင်ကို ထွန်းညှိပေး၏။

အခန်းထဲ၌ လင်းလင်းချင်းချင်း ဖြစ်သွားတော့သည်။

ဆေးသိုလှောင်ခန်းထဲ၌ ဆေးပုလင်းများ အစီအရီရှိနေကြသည်။

သူတို့သည် တစ်ခုချင်း နာမည်များကို လိုက်ဖတ်လိုက်၏။

ဆေးပုလင်းအများစုမှာ အဆိပ်များသာ ဖြစ်နေသည်။

"ဒီမှာကြည့်စမ်း၊ ရုပ်ပြောင်းဆေးတဲ့"

လုစု၏တအံ့တဩအော်သံကြောင့် သူပြရာကို အားလုံးဝိုင်းကြည့်ကြ၏။

ကျောက်ချွန်းလင်သည် ထိုဆေးဘူးကို တွေ့သည်နှင့် ဝါပီရှာ၏ မျက်နှာကို ပြေး၍သတိရမိသည်။

ယိဖျောင်းရှမ်းသည်လည်း ဝါပီရှာလို တွေးလိုက်မိသည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမက ....

"ဒီဆေးကို ယူလာရမယ်၊ မမ ဝါပီရှာကို ဒီဆေးနဲ့ကုလို့ရမယ် ထင်တယ်"

ကျောက်ချွန်းလင်က ခေါင်းညိတ်ကာ ဆေးပုလင်းကို ယူလိုက်ပြီး အကျီအိတ်ထဲထည့်ထားလိုက်၏။

ပြီးမှ ....

"ကဲ .... လိုချင်တဲ့ ဆေးပုလင်းတွေရှိရင် ယူကြ၊ ပြီးရင် ဒီအခန်းကို မျက်ဆီးပစ်ရမယ်၊ ဟူရှန်မုံဟာ ဒီဆေးတွေနဲ့ လူတွေကို ဒုက္ခပေးနေတာ"

အားလုံးက လိုချင်သော ဆေးပုလင်းများကို ယူကြသည်။

ကျောက်ချွန်းလင်သည် ဆေးပုလင်များအကြား၌ မီးစာအများအပြား ဖြန့်ကြဲလိုက်သည်။

ထို့နောက် မီးတုတ်ကို ထိုမီးစာများအကြား ပစ်ထည့်ပြီး အခန်းအပြင်သို့ ထွက်လိုက်ကြ၏။

ထို့နောက် ကျောက်တံခါးကို ပြန်လည်ပိတ်ထားလိုက်သည်။

ကျောက်ချွန်းလင်က မြောင်ထင်းစုအား ဂါရဝပြုလိုက်၏။

"ခင်ဗျားကြောင့် ကျုပ်တို့ဆေးသိုလှောင်ခန်းကို ဖြိုခွဲနိုင်ခဲ့တာပါ။ ခင်ဗျားကို ကျေးဇူးတင်ပါတယ်၊ ခင်ဗျားဟာ လူကောင်းသူကောင်းတွေရဲ့အသက်ကို ကယ်လိုက်ရာကျပါတယ် ခင်ဗျာ ...."

ထိုစဉ် ပြေးလွှားလာသော ခြေသံများကို ကြားလိုက်ရ၏။



ထိုအချိန်၌ပင် ဆေးသိုလှောင်ခန်းအတွင်းမှလည်း မီးခိုးကွဲသံများ ထွက်လာသည်။

ကျောက်ချွန်းလင်က သတိပေးလိုက်၏။

"ရန်သူတွေလာနေပြီ၊ အမြန်ဆုတ်ကြ"

ယိဖျောင်းရှမ်းက ....

"ဘာလို့ဆုတ်မှာလဲ၊ တိုက်နိုက်ဖို့ဝင်လာတာ မဟုတ်လား။ ဒါမှ ဘာဘကျိုဖေတို့ကို ကူညီရာကျမှာလေ"

ကျောက်ချွန်းလင်က ပြုံးလိုက်သည်။ ထို့နောက် သိမ်မွေ့စွာ ရှင်းပြ၏။

"ကျုပ်မှာ အကြံရှိပါတယ်၊ ဒီလူတွေကို ရင်ဆိုင်တိုက်စရာ တောင် မလိုပါဘူး .... ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်မှာပါ"

ကျောက်ချွန်းလင်၏အစီအစဉ်ကို မသိသေးသဖြင့် ယိဖျောင်းရှမ်း ငြိမ်နေလိုက်သည်။

ကျောက်ချွန်းလင်က မြောင်ထင်းစုဘက်လှည့်ကာ အမိန့်ပေး၏။

"မိတ်ဆွေကြီး ကျုပ်လူတွေကို တစ်ဘက်ခန်းကိုခေါ်သွားစမ်း၊ မြန်မြန်လုပ်၊ အရေးကြီးတယ်"

မြောင်ထင်းစုက ခေါင်းညိတ်ပြီး၊ အားလုံးကိုခေါ်ကာ နောက်ဆုတ်သွားသည်။

ထိုစဉ် ရန်သူများ ပေါ်လာကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချွန်းလင်က အသက်ကို တစ်ရှူလိုက်၏။

ထို့နောက် အသက်အောင့်ကာ ဆေးသိုလှောင်ခန်းတံခါးကို ဆွဲဖွင့်လိုက်တော့သည်။

အခန်းတံခါးပွင့်သည်နှင့် ကိုယ်ဖော့ကာ နောက်သို့ လျင်မြန်စွာ ခုန်ဆုတ်လာပြီး မြောင်ထင်းစု ပြေးရာဘက်သို့ ပြေးလိုက်သွားလေတော့၏။

ဆေးသိုလှောင်ခန်း တံခါး ပွင့်သွားသည်နှင့် အထဲမှ အဆိပ်ငွေ့များမှာ လုံး၍ထွက်လာသည်။

ဟူရှန်ဖုံ၏တပည့်များမှာ အဆိပ်ငွေ့များ ရှူရှိုက်မိကြလေသည်။

ထို့နောက် တဝုန်းဝုန်းလဲကျသေဆုံးကုန်လေတော့၏။

"လာ .... လာ .... ဒီဘက်လမ်းက သွားကြမယ်၊ ဒီဘက်ကို အဲဒီအဆိပ်လေ မလာနိုင်ဘူး .... "

မြောင်ထင်းစုက ကျောက်ချွန်းလင်တို့လူစုအား ဂူလမ်းတစ်ခုမှ ခေါ်ဆောင်သွားသည်။

ဂူအတွင်းဒို့မှ အသည်းထိတ်စရာ အော်သံများက ဆူညံစွာ ထွက်ပေါ်နေသည်။ လူသံများမှာလည်း ဆူညံနေ၏။

အချက်ပေးသံများမှာလည်း အဆက်မပြတ် ထွက်ပေါ်နေ၏။

သို့သော် ကျောက်ချွန်းလင်တို့နောက်သို့ မည်သူမျှ လိုက်ပါလာခြင်း မရှိချေ။



တို့ကြောင့် .... ကျောက်ချွန်းလင်တို့လူစုသည် မြောင်ထင်းစု နောက်မှ အေးအေးဆေးဆေး လမ်းလျှောက်လာနိုင်ခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

## ဟူရှန်ဖုံ၏ဓာတ်သိမ်း

ဟူရှန်ဖုံမှာ လူထူးလူဆန်းသုံးဦးနှင့် ဆက်လက်တိုက်ခိုက်နေရပြန်သည်။

ယခုတစ်ခေါက် အပိုဆောင်းလာသူနှစ်ဦးမှာ ကျုံဖေနှင့် ယက်ချင်ရှင်းတို့ဖြစ်ကြ၏။

သူသည် လူထူးလူဆန်းသုံးဦးနှင့် မိစ္ဆာကျွန်း၌ ယှဉ်ပြိုင်ဖူး၏။

ထိုစဉ်က လူထူးလူဆန်းသုံးဦးသည် သူ့အား အနိုင်ရရန် မလွယ်ကူခဲ့ပါ။

ယခုမူ အခြေအနေက ပြောင်းလဲနေ၏။

ယခု သုံးဦးပေါင်းတိုက်ကွက်မဟုတ်ဘဲ၊ ငါးဦးပေါင်း တိုက်ကွက်ဖြစ်နေသည်။

မိစ္ဆာကျွန်းပေါ်၌ သုံးဦးပေါင်းတိုက်ကွက်ကို သူ မဖြိုခွဲနိုင်သလို ယခုလည်း သူ မဖြိုခွဲနိုင်ဘဲ ဖြစ်နေပြန်သည်။



အဓိကအချက်ကို သူ သိသည်။ ရန်သူ ငါးဦးစလုံးသည် သူတို့အသက်ကို တစ်စက်ကလေးမှ နှမြောတွန့်တိုခြင်းမရှိဘဲ၊ အသေခံတိုက်ခိုက်နေခြင်း ဖြစ်သည်။

ထို့ကြောင့် အချိန်ကြာလာသည်နှင့်အမျှ သူ့အဖို့ အရှုံးပေါ်လာနိုင်၏။ လူငယ်များ၏ကြားဖောက်တိုက်ခိုက်မှုက ရှိသေးသည်။

သူတို့ခုနစ်ဦး၏ တိုက်ခိုက်မှုမှာ ဝက်ပါတစ်ခုကဲ့သို့ ဖြစ်ကြောင်း ဟူရှန်ဖုံ ရိပ်စားမိလာသည်။

ခုနစ်လွှန်းတင် ကျစ်ထားသော ကြိုးကဲ့သို့ ခိုင်မြဲကျစ်လျစ်ကြောင်း သဘောပေါက်လာသည်။

ထို့ကြောင့် သူသည် တိုက်ခိုက်ရင်းမှ နောက်သို့သာ တစ်ဆုတ်တည်း ဆုတ်နေရခြင်း ဖြစ်တော့သည်။

ထိုစဉ် ....

အနက်ရောင် ဝတ်စုံဝတ်တစ်ယောက် တိုက်ပွဲစည်းအပြင်သို့ ပြေးဝင်လာ၏။

"ဂိုဏ်းချုပ်ကြီး၊ ဆေးသိုလှောင်ခန်းဟာ ရန်သူလက်ချက်ကြောင့်ပျက်စီးသွားပြီ .... "

သူယူဆောင်လာသောသတင်းသည် ဟူရှန်ဖုံအတွက်အမင်္ဂလာဖြစ်တော့၏။ ဟူရှန်ဖုံ အကြီးအကျယ် မျက်နှာပျက်သွား၏။

ဒေါသလည်း ခြောင်းခြောင်းထွက်သွားသည်။

မည်မျှ ဒေါသထွက်သနည်းဟူမူ ရန်သူများအား ခုခံနေသည့်

www.burmeseclassic.com

www.burmeseclassic.com



သူ့တိုက်ကွက်များ ပျက်သွားသည့်အထိ ဖင် ဖြစ်လေတော့သည်။

ဟူရှန်ဖုံ အခြေအနေဆိုးနေချိန်၌ ယိဖျောင်းရှမ်းသည် ဟူရှန်ဖုံ၏ နောက်ကျောဘက် ဂူပေါက်တစ်ခုမှ ထွက်ပေါ်လာလေတော့၏။

ဟူရှန်ဖုံနှင့် ကျူဖေတို့ တိုက်ခိုက်နေကြောင်း တွေ့သောအခါ ယိဖျောင်းရှမ်းသည် ရိပ်ခနဲ ဂူနံရံ၌ ကပ်လိုက်လေတော့၏။

ဆေးခန်း ပျက်စီးသွားကြောင်း သတင်းလာပို့သည့်ဝတ်စုံနက်သည်လည်း အခြားဂူပေါက်တစ်ခုသို့ ပြေးထွက်သွားရာ ယိဖျောင်းရှမ်းအဖို့ လွတ်လပ်စွာ လှုပ်ရှားနိုင်ခွင့် ရလာလေသည်။

သူမသည် ဟူရှန်ဖုံ ဟန်ချက်ပျက်နေချိန်၌ တစ်ဟုန်ထိုးဝင်၍ တိုက်ခိုက်လေတော့၏။

သို့သော် ဟူရှန်ဖုံက သူမထက်ပို၍ ပါးနပ်ပေသည်။

နောက်ကျောဘက်မှ လေတိုးသံကြားသည်နှင့် ကမန်းကတန်း ရှောင်တိမ်းလိုက်သည်။

ထို့နောက် ....

နောက်သို့လှည့်ကာ ယိဖျောင်းရှမ်းအား တိုက်ခိုက်လေတော့သည်။

ဟူရှန်ဖုံ၏တိုက်ခိုက်မှုမှာ ပြင်းထန်လှ၏။

ယိဖျောင်းရှမ်းမှာ ထိတ်လန့်ကာ မနည်းရှောင်တိမ်းပေးရ၏။

သို့သော် .... သိုင်းကွက်နှစ်ကွက်မျှနှင့်ပင် ဟူရှန်ဖုံက ယိဖျောင်းရှမ်း၏သွေးကြောကို ပိတ်နိုင်၏။



ယိဖျောင်းရှမ်းက သူ့တိုက်ခိုက်မှုသည် သူ့အတွက် အကွက်ဟု ထင်ခဲ့သော်လည်း တကယ်တမ်းတွင်မူ ဟူရှန်ဖုံအတွက်သာ အကွက်ဖြစ်သွားခဲ့ရပေသည်။

ဟူရှန်ဖုံသည် ယိဖျောင်းရှမ်းကို လက်ရဖမ်းမိပြီး ဓားစာခံလုပ်နိုင်လိုက်ပြီ မဟုတ်ပါလား။

ဟူရှန်ဖုံက အားရပါးရ ရယ်မောလိုက်လေသည်။

ကျူဖေတို့လူစုမှာ အကြီးအကျယ် မျက်နှာပျက်သွားကြတော့သည်။

"မင်းတို့ လက်နက်ချလိုက်၊ မချရင် သူ့ကို ငါ သတ်ရလိမ့်မယ်"

ဟူရှန်ဖုံက ခြိမ်းခြောက်လိုက်လေ၏။

လူထူးလူဆန်း သုံးယောက်မှာ တွေဝေသွား၏။

မည်သို့ လုပ်ရမည်မှန်း စဉ်းစားမရ ဖြစ်သွားကြသည်။

ကျူဖေက သက်ပြင်းချရင်း ....

"ဟူရှန်ဖုံ မင်း ယောကျ်ားမဟုတ်ဘူးလား၊ ဘာလို့ အခုလို အကျပ်ကိုင်ရတာလဲ၊ သတ္တိရှိရင် တို့နဲ့ယှဉ်ပါ၊ မင်းရဲ့ပညာက တို့ထက်သာနေတာပဲ ...."

ဟူရှန်ဖုံ၏စိတ်ကိုဆွပေးလိုက်၏။

ဟူရှန်ဖုံက အားရပါးရ ရယ်မောလေတော့၏။

ပြီးမှ အေးစက်စွာ ပြောသည်။

"မင်းတို့ တစ်ယောက်ချင်းယှဉ်ပြိုင်ရင် ငါ ဝန်မလေးပါဘူး၊ လူစု

www.burmeseclassic.com

www.burmeseclassic.com



လူခေးနဲ့ ယှဉ်ပြိုင်ဖို့ကိုတော့ စိတ်မကူးကြနဲ့ဟေ့”

ကျုံဖေမှာ ပါးစပ် ပိတ်သွားလေတော့၏။

ဟူရှန်ဖုံ၏စကားကို ချေပရန် မတတ်နိုင်ပါချေ။

ယိဖျောင်းရှမ်း ပြုံးလိုက်၏။

ဓားစာခံအဖြစ် ရောက်နေရသော်လည်း သူမသည် ဟူရှန်ဖုံကို မကြောက်ပါ။

သူမအနေဖြင့် ဟူရှန်ဖုံအား နိုင်ကွက်ရှိထားသည် မဟုတ်ပါလား။

“ရှင် ကျွန်မကို သတ်လို့မရပါဘူး .... ရှင့်ကတိအတိုင်း သုံးနှစ်မှ မပြည့်သေးဘဲ”

ဟူရှန်ဖုံမှာ ကြောင်သွား၏။

စိတ်မမှန်သူတစ်ဦးလို ဖြစ်နေသော်လည်း သူ့နှုတ်ထွက်ကတိကိုကား မေ့ဟန်မတူပါချေ။

ပြီးမှ ရယ်မောကာ ....

“ကိစ္စမရှိပါဘူး၊ ငါ ဒီတစ်ခါ မင်းကို လွှတ်မပေးတော့ဘူး — သုံးနှစ်အထိ ချုပ်ထားပြီးမှ သတ်ပစ်မယ်”

ယိဖျောင်းရှမ်းမှာ ဟူရှန်ဖုံ၏စကားကြောင့် အကြံအိုက်သွားလေသည်။

ဟူရှန်ဖုံက ကျုံဖေတို့လူစုဘက်သို့လှည့်ကာ ဆက်၍ခြိမ်းခြောက်ပြန်၏။



“ကဲ .... မင်းတို့ လှည့်ပြန်ကြတော့၊ မပြန်ဘူးဆိုရင် သူ့ကို ကျုပ်က သတ်မှာပဲ၊ ဒါဟာ မင်းတို့အတွက် သက်သက်ညှာညှာပေးတဲ့ အခွင့်အရေးပဲ .... ”

ယိဖျောင်းရှမ်းသည် သူမတစ်ယောက်အတွက် အဓိကကျသော မိစ္ဆာကောင်ကြီးလွတ်သွားမည်ကိုမလိုလားပေ။ ရဲရဲတောက်စိတ်ဓာတ်ဖြင့် ကျုံဖေတို့အား အော်ဟစ်ပြောဆိုလိုက်တော့သည်။

“ဘဘ ကျုံဖေ .... ကျွန်မကို ဂရုမစိုက်နဲ့ .... သူ့ကို သုတ်သင်ပစ်လိုက်ပါ .... ”

ကျုံဖေတို့ လူစုမှာ တိုက်ရကောင်းနိုးနိုး၊ ဆုတ်သွားရကောင်းနိုးနိုး တွေဝေနေကြ၏။

သူတို့ အဓိကတွေဝေနေရသည့်အချက်မှာ သူတို့ငါးဦးပေါင်းတိုက်သည့်တိုင် ဟူရှန်ဖုံကို သေချာပေါက်အနိုင်ရမည်ဟု မပြောနိုင်သောကြောင့် ဖြစ်၏။

အနိုင်လည်း မတိုက်နိုင်၊ ယိဖျောင်းရှမ်းလည်း သေရမည်ဆိုလျှင် သူတို့အဖို့ အရှုံးချည်းသာ ဖြစ်ပေတော့မည်။

သူတို့က မတိုက်ခိုက်ပါက ဟူရှန်ဖုံသည် ယိဖျောင်းရှမ်းအား ချက်ချက်သတ်ဦးမည် မဟုတ်ချေ။ သုံးနှစ်ခန့်ချုပ်ထားရဦးမည် ဖြစ်၏။

ဟူရှန်ဖုံသည် လူယုတ်မာမိစ္ဆာကောင်ဖြစ်သည်မှာ မှန်၏။

ထိုမိစ္ဆာကောင်အတွက် လူကောင်းတစ်ယောက် သေဆုံးပေးရမည့်အချက်ကလည်း လိုလားအပ်သောအချက် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျူဖေသည် အပြန်ပြန် အလှန်လှန် စဉ်းစားပြီးနောက် ဟူရှန်ဖုံအား အသိပေးလိုက်၏။

"ကောင်မလေးကို ခင်ဗျား ဘာမှမလုပ်နဲ့၊ ကျုပ်တို့ ပြန်တော့မယ် .... "

ဟူရှန်ဖုံသည် သူ အနိုင်ရလိုက်ပြီဖြစ်၍ တဟားဟား ရယ်မောလိုက်လေတော့၏။

ထိုစဉ် .... ကျောက်ချွန်းလင်သည် ဟူရှန်ဖုံ၏ဦးခေါင်းဆီသို့ ကျောက်ခဲလေးတစ်လုံးနှင့် ယိဖျောင်းရှမ်း၏ပိတ်ထားခြင်းခံရသော သွေးကြောဆီသို့ ကျောက်ခဲလေး တစ်လုံးစီကို ပစ်လွှတ်လိုက်တော့သည်။ ဟူရှန်ဖုံ၏ဦးခေါင်းဆီသို့ ပစ်လွှတ်ခြင်းမှာ ယောင်ပြတိုက်ကွက်သာ ဖြစ်သည်။

ထိုခဲလုံးကို မပစ်ပါက ဟူရှန်ဖုံသည် ယိဖျောင်းရှမ်း၏ခါးဆီသို့ လာသော ခဲလုံးကို လမ်းမှဖြတ်၍တားမည် ဖြစ်သည်။

ယခုမူ သူ့ဦးခေါင်းကို ရှောင်နေရသဖြင့် ယိဖျောင်းရှမ်း၏ခါးသို့ လာသောခဲလုံးကလေးကို မတားနိုင်တော့ပေ။

ထိုအခါ ယိဖျောင်းရှမ်း၏အကြော ပွင့်သွားလေတော့သည်။

"ကဲ .... ရှင် ဘာတတ်နိုင်သေးသလဲ .... "

"ဝုန်း .... "

ယိဖျောင်းရှမ်းသည် ဟူရှန်ဖုံ၏ပွေ့ချီခြင်းကို ခံထားရသပြင် ဟူရှန်ဖုံ၏ရင်ဝသို့ လွှယ်ကူစွာရိုက်ချပြီး ကန်ထွက်သွားလေတော့၏။



"အား .... "

ဟူရှန်ဖုံမှာ စူးရှစွာအော်ရင်း လိမ့်ဆင်းသွားသည်။

ထိုစဉ် လူရိပ်တစ်ရိပ်သည် အလွန် လျင်မြန်စွာခုန်ဝင်လာပြီး ဟူရှန်ဖုံ၏ရင်ဝသို့ ဓားနှင့် ထိုးချလိုက်လေတော့သည်။

ဟူရှန်ဖုံထံမှ စူးစူးဝါးဝါးအော်သံကြီး ထွက်ပေါ်လာပြီး နီရဲသော သွေးများ ရင်ဝမှ ပန်းထွက်လာတော့သည်။

လူအားလုံးသည် ယိဖျောင်းရှမ်း၏ရိုက်ချက်ကိုလည်း အံ့ဩသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းခုန်ဝင်ပြီး ဓားနှင့်ထိုးချနိုင်သူကိုလည်း အံ့ဩကြ၏။

ထိုလူကား မည်သူနည်း။

ထိုလူမှာ မောင်စန်းအောင် ဓားသမား ကျူဖေဖြစ်ပါသတည်း။

အားလုံးက သက်ပြင်းချလိုက်ကြပါသည်။

သည်တစ်ကြိမ်တွင်တော့ ဟူရှန်ဖုံ အမှန်ပင် သေဆုံးသွားပြီ မဟုတ်ပါလော။

ဝါဗီရှာမှာ ဟူရှန်ဖုံအနီး၌ ဒူးထောက်ထိုင်ချလိုက်၏။

သူမ၏မျက်လုံးအစုံမှာ ရီဝေလာ၏။

မျက်ရည်များ စီးကျလာသည်။

ဟူရှန်ဖုံသည် လူဆိုးလူယုတ်မာပင် ဖြစ်သော်လည်း သူမ၏ မွေးသဖခင် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဟူရှန်ဖုံ၏သမီးပင် မဟုတ်ပါလော။

ဝါဗီရှာသည် တီးတိုးရေရွတ်လိုက်သည်။

"မေမေ .... မေမေ့အတွက် သမီး လက်စားချေဖို့ ကြိုးစားပါတယ် မေမေ၊ ဒါပေမယ့် သမီး လက်စားမချေဖြစ်တော့ပါဘူး၊ ဒီလောကကြီးထဲမှာ သမီးတစ်ယောက်တည်း မျက်စိသူငယ် နားသူငယ်နဲ့ မနေလိုတော့ပါဘူး မေမေရယ် .... "

ဝမ်းနည်းကြေကွဲစွာပြောရင်း မှ သူမ၏ရင်ဝသို့ ဓားဖြင့် ထိုးစိုက်ချလိုက်တော့သည်။

အားလုံးက ဝါဗီရှာ ထိုသို့ပြုလုပ်မည်ဟု မထင်ခဲ့ကြပါ။

ထို့ကြောင့် ငေးကြောင်နေကြ၏။

ကင်စီးဝွမ်၊ တာမို၊ ဟန်ရိုဂို၊ ယက်ချင်ရှင်း၊ ကျုံဖေ မည်သူမျှ မတားနိုင်ကြ။

သို့သော် ကျောက်ချွန်းလင်ကမူ လက်ထဲရှိ ခဲလုံးကလေးနှင့် ဝါဗီရှာ၏ဓားကိုင်လက်ကို အမြန်ပစ်လိုက်နိုင်ခဲ့ပါ၏။

ဝါဗီရှာ၏လက်မှ ထုံကျဉ်သွားပြီး ဓားလွတ်ကျသွားလေတော့၏။

ထိုအခါကျမှ ယိဖျောင်းရှမ်း သတိဝင်လာပြီး ဝါဗီရှာကို ပြေးဖက်တော့သည်။

"မမ .... မမက ဘာလို့ ခုလိုလုပ်ရတာလဲ"

ဝါဗီရှာကား သည်းထန်စွာ ငိုကြွေးလျက်ရှိနေရှာလေပြီတည်း။



"မမမှာ အမေလည်း မရှိတော့ဘူး၊ အဖေလည်း မရှိတော့ဘူး၊ ဒီလောကမှာ နေဖို့မသင့်တော့ပါဘူးကွယ်၊ မမနေဖို့ မသင့်တော့ပါဘူး"

ယိဖျောင်းရှမ်းက တတ်သမျှ မှတ်သမျှပင် နှစ်သိမ့်စကားပြောလေတော့၏။

"မမရယ် .... ဒါဟာ ကံစီမံရာပါပဲ၊ ဘယ်သူ့အပြစ်မှ မဟုတ်ပါဘူး၊ ကံတရားအတိုင်း ဖြစ်ခဲ့ပြီးပြီပဲ၊ မမက ဘာဖြစ်လို့ မလုပ်သင့်တာတွေ လုပ်တော့မှာလဲ"

ဝါဗီရှာကား အငိုမရပ်နိုင်သေးပါ။ ရင်နင့်လှိုက်မောစွာ ငိုကြွေးနေဆဲ ရှိပါသေးသည်။

ကျုံဖေသည် ရှေ့သို့တိုးလာပြီး ဝါဗီရှာ၏ဦးခေါင်းကို ကြင်နာစွာ ပွတ်သပ်ပေး၏။

"သမီး .... ဘာမှ ဝမ်းနည်းမနေပါနဲ့၊ သမီးကို သမီးမေမေက ဘဘဆီမှာ သမီးအဖြစ် မွေးစားဖို့ အပ်ခဲ့ပါတယ်ကွယ်၊ သမီးတာဝန်ကို ဘဘယူပါ့မယ်၊ ဘဘဟာ သမီးရဲ့ဖေဖေပဲပေါ့ကွယ်"

ဝါဗီရှာသည် ကျုံဖေ၏ခြေထောက်များကို ဖက်ပြီး သည်းထန်စွာ ငိုကြွေးပြန်လေတော့၏။

"ဘဘရယ် .... ဒီရုပ်ဆိုးလှတဲ့မျက်နှာနဲ့လည်း ဒီလောကမှာ သမီး မနေချင်တော့ပါဘူး၊ သမီးကို အဆုံးစီရင်ဖို့ ခွင့်ပြုပါတော့ ဘဘရယ် .... "

ထိုအခါ ကျောက်ချွန်းလင်က ရုတ်တရက် ဝင်ပြောလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



“ဒီအတွက် စိတ်မပူပါနဲ့၊ ခင်ဗျားမျက်နှာ ပြန်ကောင်းဖို့ ကျုပ် တာဝန်ယူပါတယ်”

ထိုစကားကြောင့် ကျောက်ချွန်းလင်၏ဆရာ ယက်ချင်ရှင်းမှာ အကြီးအကျယ် မျက်နှာပျက်သွားလေတော့သည်။

“ကျောက်ချွန်းလင် .... မင်းစကားကို လွယ်လွယ်မပြောနဲ့၊ သူ့ကို နှစ်သိမ့်တာ နှစ်သိမ့်ရာမရောက် ဖြစ်သွားမယ် .... မင်း တာ ဆေးပညာများ တတ်လို့လဲ”

မိမိဘဝအတွက် နာကြည်းနေသူတစ်ဦးအား လွယ်လွယ်နှင့် ကတိပေးမိပြီး ကတိအတိုင်းမဖြစ်လာလျှင် အန္တရာယ် ကိုယ့်ကိုပြန် ပတ်လာမည်စိုးသောကြောင့် ဝင်ပြောလိုက်ခြင်းဖြစ်ပါသည်။

ဝါဝိရှာကို စေတနာမရှိ၍ မဟုတ်ရှာပါ။

ကျောက်ချွန်းလင်က တည်ငြိမ်စွာပင် ပြန်ပြောသည်။

“ကျွန်တော် လွယ်လွယ်ပြောတာ မဟုတ်ပါဘူးဆရာ၊ တကယ် ကုသနိုင်လို့ ပြောတာပါ၊ ဒါကို ညီမလေး ယိဖျောင်းရှမ်းလည်းသိပါ တယ်၊ ခုလောလောဆယ်မှာတော့ ဂူထဲက ရန်သူတွေကို ဝင်ရှင်းတာ ကောင်းပါလိမ့်မယ်”

သူ့စကားကြောင့် အားလုံးက သတိဝင်လာပြီး ဂူတွင်းသို့ ဝင်ရှာ ဖွေကြလေတော့၏။

ဂူအတွင်း၌ လှည့်ပတ်ရှာဖွေလိုက်သော်လည်း မည်သူ့ကိုမျှ မတွေ့ရတော့ချေ။

အားလုံး ခြေဦးလှည့်လည် ရှာဖွေကြသော်လည်း မည်သူ့ကိုမျှ မတွေ့ရတော့ချေ။

အားလုံး ခြေဦးတည့်ရာ ထွက်ပြေးသွားကြပြီ ဖြစ်သည်။

လိုဏ်ဂူထောင့်တစ်နေရာ၌မူ စိတ်ပျက်လက်ပျက်နှင့်ထိုင်နေ သော စင်ယောက်ကို တွေ့ကြရသည်။

စင်ယောက်မှာ ကျုံဖေတို့လူစုကို တွေ့သောအခါ ဦးချပြီး သူ၏ အမှားကို ဝန်ချတောင်းပန်လေတော့သည်။

သူ၏ပုံပန်းမှာ အလွန်နောင်တရနေဟန်ရှိသောကြောင့် ... အားလုံးက ခွင့်လွှတ်လိုက်ကြသည်။

စင်ဝေါင်းမှာလည်း သူ၏ညီငယ် နောင်တရလာသည့်အတွက် အလွန်ပင် ဝမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စင်မယောက်က စင်ဝေါင်းအား ....

"ကျွန်တော် နောင်တရပါပြီ အစ်ကို .... နာမည်လည်း မကျော်ကြားချင်တော့ပါဘူး .... အေးအေးဆေးဆေး တံငါသည်ဘဝနဲ့ပဲ အရိုးထုတ်ပါတော့မယ် .... "

"အဲဒါ အကောင်းဆုံးပေါ့ ညီလေးရယ်၊ ငါလည်း ဆရာ့ဆီမှာ မေတ္တာရပ်ခံပြီး မင်းနဲ့ဖေဖေတို့နဲ့အတူ တံငါသည်ပဲ ပြန်လုပ်ပါတော့မယ်"

ကျို့ဖေသည် တပည့်ဖြစ်သူ စင်ဝေါင်းအား ခေါင်းတညိတ်ညိတ်ဖြင့် ကြည့်နေမိလေ၏။

တောင်ခြေလမ်းအတိုင်း အားလုံး ဆင်းလာကြသောအခါ ကျောက်ချွန်းလင်က ဝါပိရှာအား ဆေးတစ်ပုလင်းထုတ်ပေးလိုက်သည်။

"ဒီဆေးကို တစ်နေ့သုံးလုံးနဲ့ ဆယ့်ရှစ်ရက်တိတိ ရက်မပျက်ဆက်သောက်ပါ၊ ဒီဆေးသောက်နေတဲ့ရက်အတွင်း အရက်မသောက်ရဘူး၊ စိတ်မဆိုးရဘူး၊ ဝါပိရှာ ဒီဆေးအတွက် ဘာမှမပူပါနဲ့၊ တကယ့်ကို အစွမ်းထက်မယ့်ဆေးဖြစ်တယ်ဆိုတာ ညီမလေး ယိဖျောင်းရှမ်းတောင် သိပါတယ်"

သူသည် ဆေးညွှန်းများ .... အမှာစကားများကို ပြောဆိုလေ၏။

ဝါပိရှာမှာ သူမ၏မျက်နှာ ပကတိအတိုင်း ကောင်းမွန်လာတော့



မည်ဆိုသဖြင့် မိန်းမသားပီပီ စိတ်ထဲ၌ ကျေနပ်ပျော်ရွှင်နေမိတော့သည်။

သူမသည် ဆေးပုလင်းကိုယူလိုက်ပြီး ကျောက်ချွန်းလင်ကို ဂါရဝပြုလေ၏။

"ရှင့်ကို ကျေးဇူးတင်ပါတယ်ရှင်၊ တကယ်ပါ"

ကင်စီးငွမ်က လမ်းလျှောက်လာရင်းမှ အားလုံးကိုဝေ့ကြည့်ကာ စကားအစပျိုးလိုက်၏။

"တို့တစ်တွေ ခုမှပဲ အေးအေးဆေးဆေး အနားယူလို့ရတော့မယ်"

တာမိုကမူ သူ့စိတ်ထဲရှိသည့်အတိုင်း ညည်းညူသည်။

"ကျုပ်တော့ သိုင်းလောကကို စိတ်ကုန်လာပါပြီဗျာ"

ကင်စီးငွမ်က ....

"သိုင်းလောကကို စွန့်ခွာတာက အကြောင်းမဟုတ်ပါဘူး .... နောက်ထပ် ဒုစရိုက်သမားတွေ ပေါ်လာရင် ဘယ်လိုလုပ်ကြမလဲ"

"ဒီတော့လည်း ကျုပ်တို့အားလုံး လက်တွဲကြတာပေါ့ .... အခုတော့ ကျုပ်က အေးအေးဆေးဆေးပဲ နေချင်တော့တယ်ဗျာ"

ကင်စီးငွမ်က ရယ်မောရင်း ....

"ကျုပ် တကယ်ချီးကျူးချင်တဲ့လူကတော့ နောင်ကြီးကျို့ဖေပဲဗျ ယိဖျောင်းရှမ်း ရိုက်ချအပြီးမှာ ဟူရှန်ဖုံကို ရှင်းလိုက်တဲ့ လျှပ်မြန်မှုကတော့ တကယ့် လျှပ်နွယ်လျှပ်ပန်း ပြိုးပြက်လိုက်သလိုပဲဗျာ .... တကယ်မြန်တဲ့လူပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



တာမိုနှင့် ဟာန်ဂိုတို့ကလည်း စိတ်ပါလက်ပါ ဝင်၍ထောက်ခံကြသည်။

"ဟုတ်ယ်၊ တကယ်မြန်တယ်ဗျာ"

ကျူံဖေသည် အဝေးသို့ ငေးနေရင်းမှ ခပ်တိုးတိုးပြောလိုက်၏။

"ကျုပ် မြန်ရတာပေါ့ နောင်ကြီးတို့ရာ၊ ဒီတစ်ခါလွတ်သွားရင် ဒီတစ်သက်မှာ ဟူရှန်ဖုံကို ကျုပ် လုံးဝလက်စားချေနိုင်တော့မှာ မဟုတ်တော့ဘူး မဟုတ်လား"

"ဗျာ ...."

"ဘယ်လို ...."

အားလုံး အံ့သြသွားကြလေတော့၏။

ကင်စီးဝွမ်က ....

"ခင်ဗျားလည်း ဟူရှန်ဖုံနဲ့ ကိုယ်ရေးကိုယ်တာ ရန်ငြိုးရှိနေတာပဲလား ...."

"ဟင့်အင်း .... ကျုပ်ကြောင့်တော့ မဟုတ်ပါဘူး၊ ဟူရှန်ဖုံ သတ်ပစ်ခဲ့တဲ့ ဟူတန်းဂိုဏ်းသား ရှန်လင့်ကျင်ဆိုတာ ကျုပ်ရဲ့အစ်ကိုအရင်းပေါ့ဗျာ၊ ကျုပ်တို့ဟာ တစ်လောကလုံးမှာ ဒီညီအစ်ကိုနှစ်ယောက်ပဲ ရှိတယ်ဆိုပြီး အင်မတန် ချစ်ခင်ခဲ့ကြပါတယ်၊ ဒါပေမယ့် ကံအကြောင်းတရားကြောင့် သူက ဟူတန်းတောင်ရောက်ပြီး ကျုပ်က မောင်စန်းတောင် ရောက်သွားခဲ့ကြရတာပဲ၊ သူသေတော့ သူ့ကိုသတ်တဲ့လူကို လက်စားချေဖို့ အကြိမ်တစ်ရာလောက် သစ္စာပြုခဲ့မိပါတယ်ဗျာ"



"ဪ .... ဒီလိုကိုး ...."

ကျူံဖေ ရှင်းပြသောအခါမှ အားလုံး သိရှိသွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ....

ကျုံဖေက တစ်စုံတစ်ရာကို သတိရပြီး ဟန်ဂိုအား တီးတိုးပြောလိုက်သည်။

ဟန်ဂိုက ပြုံးလိုက်ပြီး ယက်ချင်ရှင်းအား လှမ်းမေးလိုက်၏။

"ယက်ချင်ရှင်း၊ ခင်ဗျား ကျူပ်တောင်းတာကို ပေးနိုင်မလား"

ယက်ချင်ရှင်းက ....

"ဘာများလဲ၊ ကျူပ်ပေးနိုင်တာဆိုရင် မငြင်းပါဘူးဗျာ"

ဟန်ဂိုက ယိဖျောင်းရှမ်းအား တစ်ချက်ကြည့်ကာ ....

"ဟောဒီက ကျူပ်တူမလေးနဲ့ ခင်ဗျားရဲ့တပည့်ကို နေရာချထားပေးချင်လို့ဗျ၊ ခင်ဗျား သဘောတူမှာလား"

ယိဖျောင်းရှမ်းမှာ အမှတ်မထင် ပြောချလိုက်သောစကားကြောင့် အံ့အားသင့်ဟန်နှင့်အတူ ရင်ထဲတွင်လည်း ဒိန်းခနဲ လှုပ်ခတ်သွား၏။



မျက်နှာတစ်ပြင်လုံးလည်း ရှက်သွေးတက်လာသဖြင့် ဆတ်ခနဲ ခေါင်းငုံ့လိုက်ရလေသည်။

ယက်ချင်ရှင်းက ရယ်မောလိုက်ပြီး ....

"ဒါ .... ကျူပ်သဘောနဲ့မပြီးဘူးဗျ၊ ဟော့ ကျောက်ချွန်းလင်မင်းကော သဘောတူရဲ့လား ...."

ယက်ချင်ရှင်း၏ပွင့်လင်းသောအမေးကြောင့် ကျုံဖေပင် ခပ်ဖြုံးဖြုံး ဖြစ်သွားသည်။

ယိဖျောင်းရှမ်းကား ရှက်သွေးတက်ပြီး ခေါင်းငုံ့နေသည်။

ကျောက်ချွန်းလင်သည် ဆရာ့စကားကို ဘယ်ပုံဖြေရမှန်းမသိဖြစ်နေသော်လည်းရင်ထဲတွင်မူဝမ်းသာခြင်းများနှင့်ရင်ခုန်နေလေသည်။

"ဟော့ .... ကျောက်ချွန်းလင် .... ဖြေလေ"

ဟန်ဂိုကလည်း ယိဖျောင်းရှမ်းကို ပြုံးကြည့်ပြီး ကျောက်ချွန်းလင်ထံ အဖြေတောင်းပြန်သည်။

ကျောက်ချွန်းလင် ငြိမ်နေ၍ မဖြစ်တော့၊ သူ ယိဖျောင်းရှမ်းကို တိတ်တခိုး မေတ္တာရှိနေသည်မှာ ယိဖျောင်းရှမ်းကို မြင်စကတည်းက ဖြစ်သည်။ ယိဖျောင်းရှမ်းနှင့် မျက်လုံးချင်း ချစ်စကား ပြောခဲ့ကြသည်မှာလည်း ကြာပြီ။

ထို့ကြောင့် မိစ္ဆာကောင် ဟူရှန်ဖုံကို ရှင်းလင်းနိုင်ပြီး မိမိအသက်ရှင်နေပါက ယိဖျောင်းရှမ်းကို လက်ထပ်ခွင့်တောင်းရန် ကြံရွယ်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ ရေကန်အသင့် ကြာအသင့်ဖြစ်နေသဖြင့် ရင်ထဲရှိသည့်အတိုင်း အဖြေပေးတော့သည်။

"ကျွန်တော် ငြင်းစရာမရှိပါဘူး ခာရာရယ်၊ ကျွန်တော်လည်း သူ့ကို"

ကျောက်ချွန်းလင်သည် စကားကို ဆုံးအောင်မပြောဘဲ ယိဖျောင်းရှမ်းကို လှမ်းကြည့်သည်။

ယိဖျောင်းရှမ်းကလည်း သူ့ကိုလှမ်းကြည့်သည်။

အကြည့်ချင်းဆုံစဉ် အပြုံးပန်းများ ပွင့်လန်းသွားကြသည်။

ယက်ချင်ရှင်းနှင့်ဟန်ဂိုတို့သည် နှစ်ယောက်စလုံး၏အခြေအနေကို အကဲခတ်မိပြီးဖြစ်သဖြင့် ဝမ်းသာကျေနပ်သွားကြသည်။

ကျုံဖေကား စေ့စပ်သေချာသူဖြစ်သည်နှင့်အညီ ယိဖျောင်းရှမ်းကို မေးပြန်သည်။

"ကဲ .... တူမကြီးကရော သဘောတူတယ် မဟုတ်လား"

ယိဖျောင်းရှမ်းက ....

"ဦး .... ဦးတို့စီစဉ်တာကို သမီး သဘောမတူစရာ မရှိပါဘူး"

ပြောရင်း သူမ ခေါင်းငုံ့သွားလေသည်။



ထိုစဉ် စင်ဝေါင်းက ....

"ကောင်းတယ် .... ဒါမှ ကျွန်တော်တို့ မင်္ဂလာအရက်ကို တဝကြီးသောက်ပြီး တဝကြီးပျော်ရမယ်၊ ဟား ဟား ဟား"

စင်ဝေါင်းစကားကြောင့် သူတို့အားလုံး တဟားဟား ဖြစ်သွားကြလေသည်။

ထို့နောက်တွင်မူ အေးစိမ့်ဂူကို ကျောခိုင်းပြီး ခရီးဆက်ခဲ့ကြတော့သည်။

သူတို့သည် သိုင်းလောကအမှောင်ထုကိုဖြိုခွင်းပြီး အလင်းရောင်ပေးသူများအဖြစ်လည်းကောင်း၊ ဒုစရိုက်သမားများကို ရှင်းလင်းရင်း လောကကို အလှဆင်သူများအဖြစ်ဖြင့်လည်းကောင်း သိုင်းလောကရာဇဝင်တွင် ဂုဏ်ထည်ဝင့်နေမည့် .... သူရဲကောင်းများပေတကား။

www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲခံအပြန်ခရီး၌ ကျူပေဖေတို့အားလုံး ပြုံးပျော်နေသကဲ့သို့ ကျောက်ချွန်းလင်နှင့် ယိဖျောင်းရှမ်းတို့သည်လည်း အပြုံးတဝေဝေဖြင့် ချစ်မိုးဇွေလာခဲ့လေသတည်း။

ပြီးပါ၏။

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com